


# ပင်းတလယ နယ်မြေ နှင့် ရွှေဥမင်ဘုရားသမိုင်း

သီလဝ
မြရိုးသညီ

ဒုတိယအကြိမ် ဓမ္မဒါန

# ပင်းတယနယ်မြေ

နှင့်

# ရွှေဥမင်ဘုရားသမိုင်း

ကုမ္ဘာဘယနှင့် ရှင်မိယာ ပုံဝတ္ထု
ပါဝင်သည်

**သီလာစ ပြုစုသည်**

၂၄၀၃၆

ပထမအကြိမ်၊ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ ၃၅၁၁
ဒုတိယအကြိမ်၊ ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ အုပ်ရေ ၁၁၀၀

ဓမ္မဒါန

မျက်နှာဖုံးဓာတ်ပုံ

ကျော်အောင် (ပေါက်ခေါင်း)

အဖုံးရိုက်

လုပ်အား


စာအုပ်ချုပ်

ကေရီ

စာမူခွင့်ပြုချက် (၆၅၃)    မျက်နှာဖုံးခွင့်ပြုချက် (၄၂၂)


ဤစာအုပ်ကို

ဦးရွှေသွင်းအောင်၊ ယာယီမှတ်ပုံတင်အမှတ် [၁၇၇]၊
လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၁၀၊ ကန်တော်ကြီးလေး
ရန်ကုန်မြို့က နှိပ်၍ ပင်းတယမြို့ ရွှေဥမင်ဘုရား ဂေါပကအဖွဲ့
အတွက် ထုတ်ဝေသူ ကင်းလွတ်ခွင့်အမှတ် (၁၀၅) အရ
ဒုဥက္ကဋ္ဌ ဦးသောင်းကျော်က ထုတ်ဝေသည်။



# မာတိကာ


အမှာစာ ၁၇

**ချစ်ခင်ဖွယ်ရာအမည်သညာ** ၂၀

မြေလတ်ဒေသ ကမ္ဘောဇ ၂၂

ပင်းတယသို့ သွားကြစို့ ၂၆

ပထဝီအနေအထား ပြောကြားရလျှင် ၂၈

**စားဥပလက်ာသီးပွင့်ရာ** ၃၁

ကျက်သရေဆောင် ညောင်ပင်ကြီးများ ၃၂

ညောင်ရိပ်နားက မြက်ခင်းပြင် ၃၅

လွတ်လပ်ရေးကျောက်တိုင် ညောင်ရွှေမြို့ ၃၆

နာဂမိဋ္ဌာန် ပုန်းတလုတ်ကန် ၃၆

ကန်ရေပြင်နှင့် ပတ်ဝန်းကျင် ၄၀

ပင်းတယ၏ လက်ရှိမြင်ကွင်း ၄၂

**တည်ထောင်ကာစ ဤဌာန** ၄၇

ဤနယ်မြေမှာ ပါဝင်လေသမျှ ၄၉

ငွေခွန်မှူးနှင့် ရွာအုပ်များ ၅၁

ငွေခွန်မှူးမှ ဝန်ကြီးသို့ ၅၅

**သာသနာပြု မှတ်တမ်းစာအုပ်** ၅၇

မကျောက်ဆင်းတုတော် ၅၈

စေတီကြီးဘုရား ၅၉

ဆင်ဖြူကျောင်းနှင့် မြို့နံ့ဘုရား ၆၁

**မင်းတုန်းခေတ်ဝါသာသနာ** ၆၃

ကိုလိုနီခေတ်မှာ ပျက်ယွင်းလာ ၆၆

# မာတိကာ


| | |
|---|---|
| ဆရာ–ဒဿာလက်တွဲလာ | ၆၄ |
| နိဗ္ဗာန်း | ၆၈ |
| ပင့်လျှောက်စာ | ၇၁ |
| အမိန့်တော်စာ နံပါတ် ၁၉ | ၇၄ |
| လွှဲအပ်တော်မူသော အမိန့်တော်စာ | ၇၇ |
| ဝန်ခံစာ | ၇၉ |
| ခမွစက်နှင့် အာဏာစက် | ၇၉ |
| သာသနာ့ရှေ့ဝေါ ထွန်းသောနယ်မြေ | ၈၀ |
| လူမှုရေးရာ ထုံးစဉ်လာ | ၈၃ |
| တာထက်ပွဲ | ၈၄ |
| ပျော်ပွဲရှင်ပွဲ ခြိမ့်ခြိမ့်သဲ | ၈၅ |
| လက်စားချေခြင်းနှင့် လက်စားဆပ်ခြင်း | ၈၇ |
| အပျိုကွန့်ခြင်းနှင့် အပျိုရှိုးခြင်း | ၈၈ |
| မှော်ခြင်း | ၈၉ |
| ဝင်းခင်းခြင်း | ၈၉ |
| တန်ဆောင်တိုင်ပွဲတော် | ၉၀ |
| သွေးသောက်ဝတ် | ၉၂ |
| အမျိုးဘုရား အမျိုးကောင်းမှု | ၉၄ |
| ဦးဆောင်ဦးရွက် ဆရာတော် | ၉၅ |
| ခေါင်းလောင်းစာ (မြန်မာသက်သက်) | ၉၆ |
| အမျှဝေရင်း သာဓုခေါ်ရာ | ၉၈ |
| သာသနာ့ဒါယကာကြီး၏ ကြိုးပမ်းမှုများ | ၉၉ |
| သစ်သားတန်ဆောင်းမှ သံတန်ဆောင်းသို့ | ၁၀၀ |
| ဦးခန္တီနှင့် ဌာနေပုဂ္ဂိုလ်များ | ၁၀၁ |

## မာတိကာ


| | |
|---|---|
| လိုဏ်ဂူဝကို ခွဲထွင်ခြင်း | ၁၀၂ |
| ဘုရားစောင့် တရုတ်ကိုရင်ကြီး | ၁၀၃ |
| ဒဂုန်ခင်ခင်ဋလေး ကောင်းမှု | ၁၀၅ |
| ဂေါပကအဖွဲ့ ပြောင်းလဲဖွဲ့စည်းခြင်း | ၁၀၅ |
| ဦးဝိမလာစာရ၏ ကြိုးပမ်းမှုများ | ၁၀၇ |
| ဂေါပက အဖွဲ့သစ် | ၁၀၇ |
| အံ့ချီးဖွယ်ရာ လိုဏ်ဝိဟာ | ၁၁၀ |
| ရွှေဥမင် စေတီတော် | ၁၁၂ |
| ဇမ္ဗုပတိ ရုပ်ပွားတော်ကြီး | ၁၁၃ |
| အသပ္ပာယ်ဆုံး ရုပ်ပွားတော် | ၁၁၄ |
| စံပြုတံကဲနှင့် စံပြုပလ္လင် | ၁၁၇ |
| ပျားအုံဘုရား | ၁၁၉ |
| ဘေသဇ္ဇဂုရု ရုပ်ပွားတော်များ | ၁၂၀ |
| တံခွန်တိုင် သမ္ဗုဒ္ဓေဘုရား | ၁၂၁ |
| ဆင်ခံဘုရားနှင့် ဆင်အယူအဆ | ၁၂၂ |
| ချွေးထွက်ဘုရား | ၁၂၃ |
| ကျောက်စို့နှင့် ကျောက်နို့များ | ၁၂၃ |
| ဗုဒ္ဓဝင်ဆိုင်ရာရုပ်ပုံများ | ၁၂၅ |
| အလွတ်သက်သက် ရုပ်ပုံများ | ၁၂၆ |
| အလယ်ဂူနှင့် မြောက်ဆုံးဂူ | ၁၂၆ |
| ဘိုင်းရင်းသားမျိုးစုံ ဆုံစည်းရာ | ၁၃၀ |
| ညောင်ညိုရိပ်သာ တည်းခိုစရာ | ၁၃၁ |
| ကုမ္ဘာဘယနှင့် ရှင်မိယာ | ၁၃၃ |

# ပင်းတယမြို့

## မြို့နယ်သံဃနာယကအဖွဲ့

## သမ္မောဒနီယကထာ

နေ့စွဲ။ ။ ၁၃၄၆ ခုနှစ်၊ ဝါဆိုလဆုတ် (၁၄)ရက်
၁၉၈၄ ခု၊ ဇူလိုင်လ (၂၆)ရက်

စာရေးဆရာ 'ဒီလဝ'က မိမိရေးသားပြုစုထားသော 'ပင်းတယနယ်မြေနှင့် ရွှေဥမင်ဘုရားသမိုင်း'ဟူသော စာမူကို ဆရာတော်များ ရှေ့မှောက်သို့ ပင့်ရောက်၍ လုံးစေ့ပါဌ်စေ့ ဖတ်ကြားလျှောက်တင်ခဲ့ပါသည်။ စာမူမှာ ပါဝင်သော အကြောင်းရပ်များကို ဆရာတော်တို့လည်း စိတ်ပါဝင်စားစွာ ကြားနာခဲ့ကြပါသည်။

'ပင်းတယနယ်မြေနှင့်ရွှေဥမင်ဘုရားသမိုင်း'ဟူ၍ ခေါင်းစဉ်တပ်ထားသည့် အတိုင်း ရွှေဥမင်ဘုရား ကိန်းဝပ်တော်မူရာ ပင်းတယ နယ်မြေ အကြောင်းကို ပထမဦးစွာ တင်ပြထားပါသည်။ ပင်းတယနယ်မြေ၏ တည်နေရာနှင့် ရေမြေတောတောင်တို့၏ သဘာဝလှပပုံ၊ နှလုံးမွေ့လျော်ပျော်ရွှင်ဖွယ်ရာ ဖြစ်ပုံတို့ကို ဖော်ကြူးထားပါသည်။ ထို့ပြင် ပင်းတယနယ်မြေ၏ သမိုင်းကြောင်းများ၊ လူမှုရေး အစဉ်အလာ ကောင်းများကိုလည်း ထုတ်ဖော် တင်ပြထားပါသည်။ ပင်းတယ နယ်မြေ၏ သာသနာဝင်ကိုလည်း ရနိုင်သမျှ လေ့လာတင်ပြ၍ လေးလေးစားစား ရေးသားထားပါသည်။

# သမ္မောဒနီယကထာ

ဤသို့ ပင်းတယနယ်မြေနှင့် အခြေပျိုးပြီးခါစ ရွှေဥမင်ဘုရားအကြောင်းကို ဘက်ပေါင်းစုံမှ လေ့လာ တင်ပြ ထားပါသည်။ ရွှေဥမင် လိုဏ်ဂူတော် အတွင်းရှိ စေတီတော်၊ ရုပ်ပွားတော်များ၊ အနုပညာ လက်ရာမွန်များကို ရှုမြင် သုံးသပ်ရင်း ကုသိုလ်ရေး ပွားများနိုင်ကြရန် ဖေဖန် တင်ပြ ထားပါသည်။

ဤသို့ စသည်ဖြင့် ဤစာမူသည် လေ့လာဖတ်ရှုသူ အားလုံးအတွက် ဗာဟုသစ္စ မင်္ဂလာနှင့်တကွ ဗုဒ္ဓါနုဿတိဘာဝနာတို့ ပွားစီးနိုင်စေသော ဥပနိဿယ ပစ္စယ သတ္တိထူးနှင့် ပြည့်စုံလှသဖြင့် ဤစာမူကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလျှင် လောကီနှင့်သာသနာ နှစ်ဖြာလုံးအတွက် အကျိုးကျေးဇူး များမည် ဖြစ်ပါကြောင်း သမ္မောဒနီယ ကထာဖြင့် ဆရာတော် တွဲ့ချီးမြှောက် လိုက်ရပါသည်။


**ဦးသောဘိတ**
ဥက္ကဋ္ဌ ဆရာတော်
မြို့နယ် သံဃနာယကအဖွဲ့
ပင်းတယမြို့
ရှမ်းပြည်နယ်

ဦဝဏ ကြ္ဂကထးဦဂ



ဥက္ကဋ္ဌယင်ဓါဝ ၊ ဗေဒ္ဂလဂ္ဂလိ






ပုန်းတလုတ် ကန်တော်ကြီး



စေတီကြီးဘုရား



မြောက်ဂူသုံဘုရားနှင့် ရေဓေသားပန်း ချီ



ဂိပဒှ်ကြဵုးဍဓဃ ဌ္ဍပ်ဒှ်ယေဓ ဒှ်ပ်ကြာလဃ



တောင်ဂူဗ တွင်းရှိ ပလ္လင်နှင့် တံကဲ



မြောက်ဂူရှိ ရုပ်ပွားတော်နှင့် ထူးကဲသော နဂါးပုံ



ဆရာတော် ဦးဇာဂရ

# အမှာစာ

ပင်းတယမြို့၊ ရွှေဥမင်ဘုရားသည် တောင်ပိုင်း ရှမ်းပြည်နယ်တွင် သာမက မြန်မာ တစ်နိုင်ငံ လုံးတွင်ပါ ကျော်ကြားသော ဘုရားတစ်ဆူ ဖြစ်တော်မူပါပေသည်။ ရှုခင်း သာယာလှသော တောင် ကမ်းပါးယံရှိ သဘာဝ ကျောက် လိုဏ်ဂူကြီး ထဲတွင် ခေတ်အဆက်ဆက်မှ စေတနာရှင်များ ကြိုးကြိုးစားစား တည်ထား၍ ပူဇော်ခဲ့ကြသော ရွှေဥမင် ဘုရားနှင့် ရုပ်ပွားတော် အဆူဆူတို့မှာ ကြည်ညိုဖွယ်ရာ လည်း ကောင်းလှပါပေသည်။ အံ့ချီးဖွယ်ရာလည်း ကောင်းလှပါပေသည်။ ထို့အတူပင် ရွှေဥမင်ဘုရား တည်ရာဌာနဖြစ်သော ပင်းတယ နယ်မြေမှာလည်း အမြင်ပသာဒ လှပပါပေသည်။ နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ် လည်း ကောင်းလှပါပေသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဤလိုဏ်ဂူသို့ ရောက်ရှိကာ ဤလိုဏ်ဂူ ဘုရားတို့ကို အားပါးတရ ဖူးမြင်ရပြီးသော အခါ.... မိမိတို့ တွေ့မြင်ခံစားခဲ့ရသော အမြင်ပသာဒနှင့် အားရကြည်နူးခြင်းတို့ကို အများပြည်သူတို့ထံ လက်ဆင့်ကမ်း ဖြန့်ဖြူးလိုသော စိတ်ဆန္ဒများ ပေါ်ပေါက်လာသဖြင့် ဤစာအုပ်ငယ်ကို ပြုစု

ထုတ်ဝေလိုက် ရပါသည်။ နှလုံး မွေ့ လျော် ပျော် ရွှင်ဖွယ် ကောင်းလှသော ပင်းတယ၏ အလှပသာဒကို ဂုဏ်ပြုကာ အံ့ချီးဖွယ်ရာ၊ ကြည်ညိုဖွယ်ရာ လိုဏ်ဝိဟာမှ ဗုဒ္ဓ မြတ်စွာ၏ ကိုယ်တော်စားများကို ဦးခိုက်ပူဇော်ထားပါသည်။

အကြောင်းမသင့်၍ ပင်းတယသို့ ဘုရားဖူးမရောက်နိုင်သေးသော ပုဂ္ဂိုလ်များလည်း ကိုယ်တိုင် ကိုယ်ကျ ရောက်ကြရသကဲ့သို့ မှန်းမျှော် ပူဇော် နိုင်ကြရန်၊ အကြောင်း သင့်၍ ရောက်ခွင့်ကြုံသူများအဖို့လည်း စေ့စေ့ စပ်စပ် ကြည့်ရှု သုံးသပ်ကာ အားပါးတရ ကြည်ညို ဆည်းကပ် နိုင်ကြရန် စွမ်းအား ရှိသလောက် ကြိုးစား တင်ပြ ထားပါသည်။

ဤစာအုပ်ကို ရေးသားရာတွင် ကျွန်ုပ်တို့အတွက် အားအထားရဆုံးသော အထောက် အထားမှာ ပင်းတယ မြို့နယ် ပါတီယူနစ်မှ ပြုစု ရေးသား ထားသော ပင်းတယ မြို့နယ် မှတ်တမ်း စာစောင်ပင် ဖြစ်ပါသည်။ ထို့ပြင် ပင်းတယနှင့် ပတ်သက်၍ ရေးသား ထုတ်ဝေ ထားခဲ့သော စာအုပ် စာတမ်းများမှာလည်း အထောက်အကူရယူပါသည်။ ထိုစာအုပ်များမှာ သာသနာ့ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စနီညို၏ သာသနာ့ရေး ဆောင်ရွက်ချက် များကို မှတ်တမ်း တင်ထားသော စာအုပ်၊ ရွှေဥမင် ဘုရား သမိုင်းနှင့် ပင်တယမြို့ ရာဇဝင် စာအုပ်နှင့် ဒေါက်တာ သန်းထွန်းနှင့်သိန်းသန်းထွန်း တို့၏ 'ပင်းတယ ရွှေဥမင် စေတီနှင့် ပင်းဒယဂူ သမိုင်း' စာအုပ်တို့ ဖြစ်ကြပါသည်။

ဒုတိယအကြိမ်

ထို့ပြင် ၁၉၆၅ ခုနှစ်တွင် ပင်းတယမြို့၊ ဏန်ခေါင့်ကျောင်းမှ စာရေးဆရာ သိန်းသန်းထွန်း ကူးယူထားသော 'သုခမ္မာ ကြေးဆောင်ခင်းမြတ်ကိုးဘုံ မေတ္တာစာ သွင်းရန်' အမည်ရှိ ပုရပိုက်မှ အခကြောင်းအရာ အကျဉ်းချုပ်ကို ဇယားချ၍ရေးသားထားသော မှတ်တမ်းကလည်း မင်းတုန်းမင်း တရားကြီးခေတ်က ပင်းတယ နယ်မြေ၏ သာသနာရေး အခြေ အနေကို သက်သေခံလျက် ရှိနေပါသည်။

ထို့အတူပင် ရွှေဥမင်ဘုရား၌ ကိုယ်တိုင် ကိုယ်ကျ ဝေယျာဝစ္စ ဆောင်ရွက်၍ သီတင်းသုံး စံနေတော်မူခဲ့သော ငှက်ပျောတောကျောင်း ဆရာတော် ဦးဝိမလာစာရ၏ မှတ်စု မှတ်တမ်းများ၊ ရှင်းလင်း မိန့်ကြားချက် များကလည်း အရေးပါသောအထောက် အထားများ ဖြစ်ကြပါသည်။ လက်ရှိ ဂေါပကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဈေးတန်းရပ် ရွှေခနွဲဆေးတိုက်မှ မိတ်ဆွေကြီး ဦးဘုန်းမြင့်တို့၏ ကူညီဆောင်ရွက်ပေးမှုတို့သည်လည်း ကျွန်ုပ်တို့အဖို့ ကျေးဇူး များလှပါသည်။

သို့ဖြစ်၍ မြို့နယ်မှတ်တမ်းစာအုပ်ကို ဖတ်ရှုခွင့် ပြုကြသော ပင်းတယမြို့နယ် ပါတီသူနစ်မှ ပုဂ္ဂိုလ်များနှင့် တကွ ပင်းတယ စာအုပ်များ ရေးသားခဲ့ကြသော ပညာရှင်ကြီးများ၊ အဘက်ဘက်မှ ပါဝင်ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေများအား အထူးကျေးဇူး တင်ပါသည်။

သို့ရာတွင် ဤစာအုပ်၌ တစ်စုံတစ်ရာ ချို့တဲ့ချက် ပါဝင်ခဲ့ပါလျှင်ကား ကျွန်ုပ်တို့၏တာဝန်သာ ဖြစ်ပါသည်။

**အားလုံး ကျန်းမာ ချမ်းသာ ကြပါစေ။**

**ဒုတိယအ[redacted]**

# မြေလတ်ဒေသပင်းတယသို့

ချစ်ခင်ဖွယ်ရာ မည်သည့်

...စန္ဒရကန့်၊ တောင်ယံညွန့်လူ၊ လိုဏ်ကျောက်ဂူမှာ၊ ပင့်ကူကိုး ရွှေဦး၊ ဘီလူးကို အလယ်၊ နှိုက်နယ် သတ်ဖြတ်၊ ဇော်ဂျီ နတ်ကို၊ အမှုတ်မဲ့အောင်၊ သွေးဆောင် ခေါ်ညွှန်း၊ ရေထဲသို့ တွန်းလိုက်၍၊ နှစ်မွန်း ခဏ၊ အောင်ပွဲတော် ရကြောင်းကို၊ ပေါ်ရာဏဓာ၊ သညာအန္တတ္တ၊ ပင့်ကူရမ့်မိုနယ်....

ဤစာ....ပင်းတယမြို့၊ ဂိုဏ်းအုပ်, ဂိုဏ်းထောက် သင်္ဃာသာသနာ့ ဝန်ထမ်း ရဟန်းတော် များက မင်းတုန်း မင်းတရားကြီးထံ ရေးသားဆက်သွင်းသော မေတ္တာစာတင်ပုဒ်မှ ကောက်နုတ်ချက် ဖြစ်ပါသည်။ မေတ္တာစာ ပေးပို့သော နေ့စွဲမှာ ၁၂၄၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်နေ့ ဖြစ်ပါသည်။ ထိုမေတ္တာစာများ အကြောင်းကို ရှေ့အခန်း တစ်ခုတွင် ဆက်လက် ဖော်ပြရန် ရှိပါသည်။

ဒုတိယ အကြိမ်

အထက်ပါ ကောက်နုတ်ချက်တွင် ကုမ္ဘာဘယနှင့် ရှင်မိယ၊ သူတို့၏ ရန်သူတော် ပင့်ကူကြီးတို့ ဇာတ်ထုပ်ကို အကျဉ်းချုပ်ဖော်ပြကာ ကုမ္ဘာဘယမင်းသားက "ပင့်ကူကို ရပြီ" ဟူ၍ကြွေးကြော်ခဲ့ရာမှ ပင့်ကူရဟု အမည်နာမ တွင်ခဲ့ပုံ၊ ထိုမှ ရွေ့လျောလာ၍ ပင်းတယ အမည်တွင်လာပုံတို့ကို ဖော်ပြထားပါသည်။

ကုမ္ဘာဘယတို့ ပုံဝတ္ထုမှာ မင်းတုန်းမင်းတရားကြီး ခေတ်ကပင် ပေါ်ရာဇဝင်ထဲမှာ အပါအဝင် ဖြစ်နေပေပြီ။ လူကြီးသူမများက "ရှေးရှေးတုန်းက" ဟု အစချီကာ သားစဉ်မြေးဆက် နှစ်သက်မြတ်နိုးစွာပြောပြလာခဲ့ကြသော စကားဂဉ်များဖြစ်နေကြပေပြီ၊ တစ်နည်းအားဖြင့် ဤပုံဝတ္ထုသည် ပင်းတယနယ်သူနယ်သားများ သားစဉ်မြေးဆက် သက်ဆင့်ကမ်း၍ ပေးလာခဲ့ကြသော အမွေအနှစ်လည်း ဖြစ်၍နေပေပြီ၊ ထို့ကြောင့်ပင် ပင်းတယမြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များကပင်းတယမြို့၏ အမည်နာမကို သာမန်မျှ ခေါ်ဝေါ်၍ ရရှိမှည့်ခေါ်ထားသော ရိုးရိုးနာမ်မျိုးမဟုတ်၊ ပင့်ကူကို ရခြင်းတည်းဟူသော အနက်အဓိပ္ပာယ်သို့ အစဉ်လိုက်သော၊ ထို အနက်အဓိပ္ပာယ်နှင့် အံဝင်ခွင်ကျ သိုက်လျောသော အနွတ္ထနာမ်၊ အနွတ္ထသညာဖြစ်သည်ဟု ရေးသားတော်မူခဲ့ကြခြင်း ဖြစ်ပါလိမ့်မည်။

ထို့ပြင် မွန်လူမျိုးတို့ ကြီးစိုးခဲ့သော နယ်မြေများမှ မြို့ရွာများ၊ ဘုရားစေတီတော်များကို မွန်နာမည် တွင်နေကြသကဲ့သို့ပင် ရှမ်းပြည်နယ်အတွင်းမှ ပင်းတယကိုလည်း ရှမ်းနာမည်အဖြစ်ဖြင့် ယူဆလျှင်လည်း ရနိုင်ပါလိမ့်မည်။ ထို့ကြောင့် ဒေါက်တာ

ဒုတိယ အကြိမ်

၂၄၀၅၄

ဆာနီးထွန်းနှင့် သိန်းသန်းထွန်းတို့ ရေးသားသော 'ပင်းတယ ရှေးဦးမင်စေတီနှင့် ပင်းဒယဂူသမိုင်း' စာအုပ်ထဲတွင် ပင်းဒယကို ရှမ်းနာမည်အဖြစ်ဖြင့် ဖော်ပြကာ (စွယ်တော်ပန်း အဖြူပင် ပေါတဲ့ မြေပြန့်လွင်ပြင် ကျယ်ကျယ်ရှိရာအရပ်)ဟု အနက်ဖွင့် ဆိုထားပါသည်။

ဤသို့ ရှမ်းနာမည်ဘက်က လေ့လာကြည့်လျှင်လည်း အနက် အဓိပ္ပာယ်နှင့်လိုက်လျောသော အနှစ်ထွန်းသောမ်သာဖြစ်နေပါသည်။ ရှမ်းနှင့် မြန်မာ ညီနောင်ရင်းချာနှစ်ဦးလုံး၏ အနက်အဓိပ္ပာယ် များသည် ပင်းတယ ဟူသော အမည်နာမကို ချစ်ခင်မြတ်နိုးစွာ အမှန်းတင် ပေးထားကြခြင်းသာ ဖြစ်ပါသည်။

## မြေလတ်ဒေသ ကမ္ဘောဇ

ပင်းတယမြို့ ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဆရာတော်များသည် အထက်ပါအတိုင်း မြို့သမိုင်းကို ဖော်ပြတော်မူကြသကဲ့သို့ပင်....

မြေလပ်ဒေသ ပင်းတယ ဟူ၍ လည်းကောင်း၊ မြေလပ် ကမ္ဘောဇ ပင်းတယ ဟူ၍လည်းကောင်း၊ မန္တလေးရွှေမြို့တော် ကြီး၏အရှေ့တောင်ထောင့် ရှစ်ယူဇနာဝေးသော ရှမ်းပြည်နယ် မြေလင်ကမ္ဘောဇ ပင်းတယမြို့ ဟူ၍ လည်းကောင်း ပင်းတယမြို့ တည်ရှိရာ နယ်မြေဒေသကိုလည်း ထည့်သွင်း ရေးသားတော် မူခဲ့ကြပါသည်။

ထိုဗေဒ္ဒာစာပေါ 'မြေလပ်' ဟူသည်မှာ ရှမ်းနှင့် မြန်မာတို့ စပ်ကြား ထိုစဉ်က 'လင်ဟာနေသော နယ်မြေ' ဟု အနက် အဓိပ္ပာယ်ရပါသည်။ ထိုသို့ မရေးဘဲ 'မြေလတ်' ဆိုလျှင်လည်း

ရှမ်းနှင့်မြန်မာတို့စပ်ကြား ဆလယ်အလတ်ကျသောနယ်မြေဟု အဓိပ္ပာယ် ထွက်ပါလိမ့်မည်။ သတ်ပုံ နှစ်မျိုးလုံးပင် အနက် အဓိပ္ပာယ် ဆင်တူနေပါသည်။

ရှေးမြန်မာမင်း အဆက်ဆက်ကပင် မြေလပ်ဒေသ၏ အပိုင်း အခြားကို သတ်မှတ်ထားခဲ့ကြပါသည်။ ထိုစဉ်က မြေလပ် ဒေသမှ မြို့ရွာများကို မြို့စားများ၊ ငွေခွန်မှူးများက အုပ်ချုပ် ကြရ၏။ ရှေးမင်းများလက်ထက်တုန်းက မြို့စားများ၊ ငွေခွန် မှူးများက ရှင်ဘုရင့်ထံသို့ သိတင်းကျွတ်ပွဲတော် ရောက်တိုင်း ရွှေပန်းခိုင်၊ ငွေပန်းခိုင်များဆက်သကြရ၏။ ဘိုးတော် ပဒုံမင်း လက်ထက် ရောက်သောအခါ ငွေချိန် ပိဿာနှင့် သတ်မှတ်၍ ကောက်ခံ၏။ မင်းတုန်းမင်း တရားကြီး လက်ထက် သက္ကရာဇ် ၁၂၂၆ ခုနှစ် (၁၈၆၅ ခုနှစ်) တွင် သဿမေဓ အခွန်တော် စတင်ကောက်ခံ၏။ ဒေါင်းဒင်္ဂါးများ မသွန်းလုပ်နိုင်သေးမီက တစ်အိမ်လျှင် ငွေ ၃ ကျပ် ထမ်းဆောင်ကြရ၏။ ထို့နောက် ၄ ကျပ်ဖြစ်လာ၏။ ငွေဒင်္ဂါးများပေါ်လာသောအခါ တစ်အိမ် ၈ ကျပ် ဖြစ်လာ၏။ ထိုမှတစ်ဖန် ကျပ် ၁၀ အထိ တိုးလာပြန် ပါသည်။

အခွန်တော်ပေးဆက်ရမည့် အိမ်ထောင်စုစာရင်းကို သတ် မှတ်နိုင်ရန် ဂေါ့ချီး အရာရှိကို အခွန်ဝန်က ခန့်ထား၏။ အရာရှိသည် မြေလပ်သို့ ကိုယ်တိုင်လာရောက်ကာ ဒေသခံ တာဝန်ရှိသူများနှင့် ပူးတွဲ၍ အခွန်တော်ပေးဆက်ရမည့် အိမ် ထောင်စုစာရင်း ကောက်ယူရ၏။ ရရှိလာသော စာရင်းကို

မြေလတ်နယ်ကို အုပ်ချုပ်ရသော မြေလတ်ဝန် လက်ထဲမှာ အပ်နှံထားခဲ့ရ၏။ မြို့စား၊ ငွေခွန်မှူး ဟူသော နယ်ရှင်များက စာရင်းအရ ကောက်ခံ ရရှိသော အခွန်တော် ငွေများကို မြေလတ်ဝန်က လက်ခံယူကာ နေပြည်တော်သို့ သယ်ဆောင်၍ ငွေတိုက်တော်သို့ သွင်းရပါသည်။

အခွန်ငွေ ကောက်ခံသူ အရာရှိများသည် အမိန့်တော်ဖြင့် ပြဋ္ဌာန်းမထားသော အိတ်ခ၊ ပုချပိုက်ခ၊ ကံ့ကူဆံခ၊ စရိတ်ခ၊ လုပ်သားခ စသည်တို့ကိုလည်း အိမ်ခြေအလိုက် သတ်မှတ်၍ တောင်းခံတတ်ကြသေး၏။ အခွင့်အလာကို အသုံးပြုကာ ကိုယ်ကျိုးရှာခြင်းသာ ဖြစ်၏။ နယ်ရှင် ငွေခွန်မှူးများမှာ သူတို့ တောင်းတိုင်းပေးရန် မလွယ်ပါ။ ငြင်းပယ်ရန်လည်း ခက်ပါ၏။ သူတို့ တောင်းသမျှ ပေးရပါလျှင် မိမိနယ်သူ နယ်သားများ နစ်နာ သွားကြပါလိမ့်မည်။ သူတို့ တောင်းတိုင်း မပေးပြန်လျှင်လည်း သူတို့သက်ချက်ဖြင့် လွှတ်တော်က အရာ ချနိုင်ပါသည်။ အစဉ်အဆက်က အုပ်ချုပ်လာသော ငွေခွန်မှူးများ နေရာတွင် လွှတ်တော်က သင့်လျော်ရာ အပြင်လူတစ်ယောက်ကို ရွာအုပ်ခန့်နိုင်ပါသည်။ ပင်းတယ အုပ်ချုပ်သူများစာရင်းတွင် ငွေခွန်မှူးနှင့် ရွာအုပ်များ မကြာခဏ အပြောင်းအလဲဖြစ်ခဲ့ရသည်မှာ ဤသဘောကြောင့် ဖြစ်ရာရှိပါသည်။

စီရင်အုပ်ချုပ်မှု အာဏာဘက်၌ မိမိနယ်မှာ ဖြစ်ပေါ်လာသော ရာဇဝတ်မှုကို ငွေခွန်မှူးက စီရင်၏။ သို့ရာတွင် အရေးကြီးသော အမှုကို မြေလတ်ဝန်က စီရင်၏။ တရားမမှုတွင်လည်း ငွေခွန်မှူးက စီရင်ရ၏။ ငွေခွန်မှူး၏ စီရင်ချက်ကို မကျေနပ်

ဒုတိယအကြိမ်

ခဲ့သော် မြေလတ်ဝန်ထံ အယူခံတက်ခွင့် ရှိပါသည်။ မြေလတ်ဝန်မှာ များသောအားဖြင့် မန္တလေး နေပြည်တော်မှာ နေထိုင်တတ်၍ အယူခံများကို နေပြည်တော်သို့ ပို့ရသည်က များသည်ဟု သိရပါသည်။

မြန်မာနိုင်ငံ တစ်ခုလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားပြီးနောက် မြေလတ်ဒေသသို့ အင်္ဂလိပ် အရာရှိများ ရောက်လာကြ၏။ ထိုအထဲမှ ဂျေ၊ စကော့နှင့် ဂျေ၊ ပီ၊ ဟာဒီမင်ဟူသော အရာရှိများသည် ၁၈၈၇ ခု၊ သက္ကရာဇ် ၁၂၄၈ ခုနှစ်မှာ တွေ့ရှိရသော အခြေအနေတို့ကို အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်များဂေဇက်ဘွင်မှတ်တမ်းပြုစုကာ အထက်အရာရှိများထံ တင်ပြကြ၏။ ထိုဂေဇက်ကို ၁၉၀၁ ခုတွင် ရန်ကုန်မြို့ အစိုးရပုံနှိပ်တိုက်မှာ ရိုက်နှိပ်ခဲ့ပါသည်။

အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်များ ဂေဇက်အပိုင်း ၂၊ အတွဲ ၂၊ စာမျက်နှာ ၅၃၁ တွင် မြေလတ်နယ်အကျယ်အဝန်း၊ လူဦးရေ၊ အိမ်ခြေနှင့် ပေးသွင်းခွန်စာရင်း(၁၈၈၇)ဟူသော ခေါင်းစဉ်ဖြင့် စာရင်းဇယားတစ်ခု ပြည့်ပြည့်စုံစုံ ထည့်သွင်းထားပါသည်။

ထိုစာရင်းဇယားအရ မြေလတ်နယ်၌ ပါဝင်သော နယ်မြေများမှ သာမိုင်းခန်း၊ ကျောက်ကူသိဝံ၊ ကျုံ၊ လွယ်လုံ (ပင်လောင်း)၊ လွယ်အယ်၊ လွယ်မော်၊ ဘော်၊ ဘော်နင်း၊ ဘောဆုံ၊ နမ့်ခဲ၊ နမ့်ခုံ၊ နမ့်ဘုပ်၊ ပင်မှို၊ ပင်းတယ၊ ပွေးလှနှင့် ရွာငံဟူ၍ ၁၆ နယ် ရှိခဲ့ကြောင်း သိရပါသည်။

ဒုတိယ အကြိမ်

ထို့ပြင် မြေလတ်နယ် တစ်ခုလုံးတွင် ထိုစဉ်က

| | |
|---|---|
| ရွာပေါင်း | ၁၂၅၉ |
| အိမ်ခြေပေါင်း | ၂၀၇၂၉ |
| လူဦးရေ | ၁၀၇၅၆၀ |

ရှိကြောင်းသို့ ရှိခဲ့ကြောင်း သိရ၏။

ထိုလူဦးရေများအနက် အနည်းအများအလိုက် အုပ်စုဖွဲ့ကာ တန်းစီကြည့်ပါလျှင်

| | | |
|---|---|---|
| တောင်သူ | ၄၂၉၃၃ | ယောက် |
| မနု | ၂၉၇၁၃ | ။ |
| တောင်ရိုး | ၁၃၉၀၆ | ။ |
| ရှမ်း | ၆၅၇၂ | ။ |
| ကရင် | ၅၇၁၁ | ။ |
| မြန်မာ | ၃၄၉၈ | ။ |

ဤသို့တွေ့ရှိကြပါလိမ့်မည်။ ဤပြည်ထောင်စုသား တိုင်းရင်းသားများထဲမှပင် ပင်းတယမြို့၊ ရွှေဥမင် ပတ်ဝန်းကျင်မှ စေတီတော်များ၊ ရုပ်ပွားတော်များ၏ ဒါယကာ၊ ဒါယိကာမများ ဖြစ်ခဲ့ကြပါလိမ့်မည်။

ထိုပြည်ထောင်စုသား တိုင်းရင်းသား စေတနာရှင်အပေါင်းတို့၏ ကောင်းမှုကုသိုလ်ဖြစ်သော စေတီဘုရား ရုပ်ပွားဆင်းတုတော်တို့ တစ်စုတစ်ဝေးတည်း တည်ရှိရာ ဌာနကား ပင်းတယ ရွှေဥမင်လိုဏ်ဂူတော်ကြီးပင် ဖြစ်ပါ၏။

ဒုတိယ အကြိမ်

## ပင်းတယသို့ သွားကြစို့

လိုဏ်ဂူတော်ကြီး တည်ရှိရာ ၄၁န ပင်းတယမြို့သို့ ကားဖြင့် တိုက်ရိုက်သွား၍လည်း ရပါသည်။ အောင်ပန်းအထိ ရထားစီးကာ ထိုမှတစ်ဆင့် ကားစီး၍လည်း သွားနိုင်ပါသည်။

မန္တလေးမှ ဖြစ်စေ၊ ရန်ကုန်မှ ဖြစ်စေ ပင်းတယသို့ ကားဖြင့် သွားလိုလျှင် မိတ္ထီလာမှတစ်ဆင့် သွားကြရမည်ဖြစ်၏။

မိတ္ထီလာမှ သာစည်ကို ဖြတ်ကျော်လာ၍ အရှေ့ဘက်သို့ ဆက်လက် လိုက်ပါလာကြလျှင်မကြာမီမှာပင်တောင်ပေါ်လမ်းသို့ ရောက်တော့သည်။ တောင်စဉ် တောင်တန်း၊ လျှိုမြောင်၊ ချောက်ကမ်းပါး အမျိုးမျိုးကို ကွေ့လိုက်၊ ပတ်လိုက်၊ ဆင်းလိုက်၊ တက်လိုက်၊ ကျော်လိုက်၊ ဖြတ်လိုက်၊ အသည်းတအေးအေး ရင်တဖိုဖို အရသာကို ခံစားရမည် ဖြစ်၏။ မြေပြန့်ဒေသမှာ မတွေ့ရမမြင်ရဖူးသေးသော တောတောင် ရှုခင်းအဖုံဖုံကလည်း ခရီးပန်းမှုကို မေ့ပျောက်သွားလောက်အောင် ဖမ်းစားနေကြ၏။ တောင်ကမ်းပါးယံနှင့် လျှိုမြောင်ချပ်ကြားများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာရာမှ သာယာလှပသောကလောမြို့သို့ရောက်လျှင် ခရီးတစ်ထောက်နားနိုင်ကြပါသည်။ မနားလို၍ရှေ့ဆက်လာလျှင်လည်း ကလောမြို့နယ်အတွင်းမှာပင်ရှိသော အောင်ပန်းသို့ မကြာမီ ရောက်ပါလိမ့်မည်။ မိတ္ထီလာမှ အောင်ပန်းမြို့သို့ ကားလမ်းအတိုင်း ၈၂မိုင် ကွာဝေးပါသည်။ အောင်ပန်းမှတစ်ဆင့် မြောက်ဘက်သို့ ၂၄ မိုင်ခရီးကို ကားစီး၍ သွားရောက်နိုင်ပါသည်။

ဒုတိယအကြိမ် -

ထို့အတူပင် ရထားနှင့် သွားလိုလျှင်လည်း သာစည်ဘူတာမှတစ်ဆင့် သွားနိုင်ပါသည်။ ရန်ကုန်မှဆိုလျှင် ရွှေညောင်လမ်းအတွက်ပါ တိုက်ရိုက်နေရာရပါသည်။ သာစည်မှ အမြန်ဖြင့် ချိတ်ဆွဲလာသော ရွှေညောင်တွဲများကို သာစည်ရောက်သော အခါ တွဲပြောင်း၍ ချိတ်ပေးပါသည်။ သို့ဖြစ်၍ ရန်ကုန်မှ တိုက်ရိုက် လာသူများအတွက် နေရာ အခက်အခဲ မရှိပါ။ မန္တလေးဘက်၊ မြင်းခြံဘက်မှ လာခဲ့သူများ အတွက် ကား နေရာ အခက်အခဲ ရှိပါလိမ့်မည်။ သို့သော် ကားခနှင့် စာလျှင် တစ်ဝက် ကျော်ကျော်မျှ စရိတ်စကာ သက်သာနေသဖြင့် ရွှေညောင်ရထားမှာ အစဉ်အမြဲ ခရီးသည်များ ပြည့်ကျပ်နေပါသည်။ သွားလိုရာ ခရီးတစ်ထောက် အရောက်လှမ်းနိုင်ရေးကိုသာ အဓိကထားပြီး ကြိုးစား၍ လိုက်လျှင်ကား ရနိုင်ပါသည်။ သာစည်မှ အောင်ပန်းဘူတာသို့ ရထားလမ်းအတိုင်း ၇၉ မိုင် ကွာဝေးပါသည်။ ရထားသည် အရှေ့ဘက် ဟဲဟိုး၊ တောင်လေးလုံး ရွှေညောင်တို့ကို ခရီးဆက်မည်ဖြစ်၍ ပင်းတယ ခရီးသည်အဖို့ ကားကို ပြောင်း၍ စီးရပါလိမ့်မည်၊ ကလော မြို့နယ်အတွင်းရှိသော အာလူး၊ အာလွက်ဘိုး စိုက်ခင်းများထဲမှ ဖြတ်သန်းလာလျှင် ပွေးလှမြို့သို့ ရောက်ပါသည်။ ပွေးလှမြို့မှ ပင်းတယအထိ ၈ မိုင်ခန့် ဝေးပါသည်။ ကုမ္ဘာယမင်းသား လက်ထက်တုန်းက "အလွန်ပင် ဝေးလှသည့် တကား" ဟု ရေရွတ်ခဲ့ရသော ခရီးသာသည် ခေတ်တော်ကားနှင့် ဆိုတော့ ကွမ်းတစ်ယာပင် ညက်မည် မဟုတ်တော့ပါ။

## ပထဝီအနေအထား ပြောကြားရပါလျှင်

ပင်းတယ မြို့၏ တည်နေရာကား....မြောက် လတ္တီတွဒ် မျဉ်း (၂၁ ဒီဂရီ ဝ၄ မိနစ်)နှင့် အရှေ့လောင်ဂျီတွဒ်မျဉ်း (၉၆ ဒီဂရီ ၃၇ မိနစ်)တို့ တွေ့ဆုံဖြတ်သန်းရာတွင် တည်ရှိ၏။

ပင်းတယမြို့သည် ရှမ်းကုန်းပြင်မြင့်၏အနောက်ဘက်စွန်းမှာ တည်ရှိ၏။ ပင်လယ်ရေမျက်နှာပြင် အထက် ၃၈၀၀ ပေ အမြင့်မှာ ရှိ၏။တစ်မြို့နယ်လုံးဆိုလျှင်ကား ယေဘုယျအားဖြင့် ပင်လယ်ရေမျက်နှာပြင်ထက် ၃၀၀၀ ပေ အမြင့်နှင့် ၇၇၅၂ ပေ အမြင့် ကြားမှာ ရှိနေ၏။ ထို ၇၇၅၂ ပေ အမြင့်ကား မြို့နယ်အတွင်း အမြင့်ဆုံးဖြစ်သော အရှေ့မြင် အနောက်မြင် တောင်၏အတိုင်းအတာ ဖြစ်၏။ ဒုတိယ အမြင့်ဆုံးတောင်ကား ၆၈၃၀ ပေရှိသော ပန်းစစ်တောင် ဖြစ်ပါသည်။

ပင်းတယမြို့နယ်တစ်ခုလုံးတွင် တစ်ပြင်တည်းညီညာပြန့်ပြူးသော လွင်ပြင်ဟူ၍မရှိပါ။ မြို့နယ်အနောက်ပိုင်းတွင်အရှေ့မြင် အနောက်မြင် တောင်တန်း၊ ပန်းစစ်တောင်တန်း၊ ထရံမဲ တောင်တန်းနှင့် လွယ်ရေတောင်တန်း ကြီးများက လှပစွာအစီအရီ ရှိနေကြ၏။ ထိုတောင်တန်းကြီး များက အနောက်ဘက်မှာ ရှိသော ရွာငံမြို့နှင့် နယ်နိမိတ် ပိုင်းခြားထားဘိသကဲ့သို့ ရှိနေ၏။ အနောက်ဘက်မှာ မြင့်နေရာမှ အရှေ့ဘက်သို့ နိမ့်ဆင်းသွား၏။ အနိမ့်ပိုင်းတွင် ချိုင့်ဝှမ်းများ၊ လွင်ပြင်များ၊ ဇော်ဂျီမြစ်ဝှမ်းမှ တောင်ရိုးများ ရှိနေကြ၏။ သို့ဖြစ်၍ အရှေ့ပိုင်း ပထဝီမြေ

ပြင်သည့် ပင်လယ်ပြင်မှာ လှိုင်းတံပိုးများ ထနေသကဲ့သို့ ရှိနေပေသည်။ မြို့နယ်အတွင်းရှိ ချောင်းများတွင် ဇော်ဂျီချောင်းသည် အထင်ရှားဆုံး ဖြစ်၏။ မြေပုံညွှန်း (အယ်လ် အမ်မ် ၂၀၂၄၃၇)မှ စတင် မြစ်ဖျားခံကာ အခြားရေထွက်များနှင့် ပေါင်းစည်း၍ မြောက်ဘက်သို့ စီးဆင်းသွားပေသည်။

ရှေးယခင်က ပင်းတယမြို့နယ်၏ အပိုင်းအခြားကို သတ်မှတ်ကြရာတွင် မြောက်ဘက်တွင် ရပ်စောက်မြေနှင့် အစပ်၊ အရှေ့ဘက်မှာ ဘောဆုံမြေနှင့် အစပ်၊ တောင်ဘက်မှာ ပွေးလှမြေနှင့် အစပ်၊ အနောက်ဘက်မှာ ရွာငံ၊ ကျောက်ကူး သီဝံမြေနှင့် အစပ်ဟူ၍ ထိုစဉ်က တည်ရှိနေသည့်အတိုင်း ရေးသားကြရပါသည်။

ယခုလက်ရှိ ပင်းတယမြို့နယ်၏ အပိုင်းအခြားမှာ အရှေ့နှင့် တောင်ဘက်တွင် ကလောမြို့နယ်၊ အနောက်ဘက်တွင် သာစည်မြို့နယ်၊ အနောက်နှင့် အနောက်မြောက်ဘက်တွင် ရွာငံမြို့နယ်၊ မြောက်ဘက်တွင် ရပ်စောက်မြို့နယ်တို့နှင့် ထိစပ်နေ၏။ မြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းမှာ (၂၅၃ ဒသမ ၂၈) စတုရန်းမိုင် ရှိပါသည်။

ဒုတိယအပိုင်း

# သာယာပါဘိခြင်း မြို့ရှေ့ပင်း

## စာပေ လင်္ကာ သီးပွင့်ရာ

သက္ကရာဇ် ၁၁၅၆ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်နေ့တုံနှီးက စာပေလင်္ကာ လေ့လာတတ်ကျွမ်းသော ဆရာတော်တစ်ပါးသည် ရပ်စောက်မြို့သို့ အသွားတွင် ပင်းတယမြို့မှာ ခရီး ထစ် ထောက် နားခဲ့၏။ ထိုစဉ်တွင် ပင်းတယမြို့မှ ငွေခွန်မှူး၏သား တစ်ယောက်က တောင်းပန်လျှောက်ထားသဖြင့် ငါးပါးသီလ လင်္ကာကို ရေးသား ချီးမြှင့်ခဲ့၏။ ငါးပါးသီလ ကျိုးပေါက် ခြင်းကြောင့် အပြစ်ဒဏ် ခံရပုံများနှင့် ငါးပါးသီလ စောင့် ထိန်းခြင်းကြောင့် ချမ်းသာ သုခ ခံစားရပုံ များကို ဥပမာ ဥပစာတွေ ဝေဝေဆာဆာဖြင့် ဖွဲ့ဆိုထား၏။

ထိုလင်္ကာတွင် ပိုဒ်ရေ ၁၄ ပိုဒ်ရှိရာ နောက်ဆုံး ဖြစ်သော နိဂုံးပိုဒ်၌....

....ပတ်ချုပ်ရှစ်ဌာနီ၊ သိကြားဖန်သို့၊ ပန်းမန်လနီးလနှီး၊
အုန္နီးသန်းဝေဝေ၊ သစ်ပေရှန်းရှန်း၊ သောင်ကျွန်နီး
ပေါပေါ၊ စင်ရော်ဝဲဝဲ၊ ဝမ်းဘဲငြာငြာ၊ ဟသ်ာ

ဒုတိယအကြိမ်

ကြေးကြေး၊ မြစ်တွေးသောင်းသောင်း၊ ဥဒေါင်းပျော်မြူး၊ ခေါ်ထူးတွန့်တွန့်၊ ဟေဝန်ဟန်ဟန်၊ တနီလည်းကျင်းကျင်း၊ အင်းလည်းရံသွယ်၊ လယ်လည့်စီလျက်၊ ဥယျာဉ်ပတ်ရစ်၊ မြစ်လည်း ဝမ်းမြောက်၊ ထောင်လည်း စိုက်ကွင်း၊ မြို့ရွှေပင်းက....

ဤသို့လျှင် ပင်းတယမြို့၏ မွေ့လျော်ဖွယ် အသွယ်သွယ်ကို စာပန်းချီခြယ်မှုန်းတော်မူခဲ့၏။

ထိုစဉ်အခါက သိကြားမင်းကြီး ဖန်ဆင်းထားသကဲ့သို့ ဟူ၍ တင်စားရလောက်အောင် သာယာလှပခဲ့သော ပင်းတယမြို့သည် ယခုခေတ်မှာလည်း နှလုံးစိတ်ဝမ်း အေးချမ်းဖွယ်ရာ၊ နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ရာ ဖြစ်နေဆဲပါတည်း။

## ကျက်သရေဆောင် ညောင်ပင်ကြီးများ

ကိုမ္ဘာယ မင်းသားနှင့် ပင့်ကူကြီးတို့ ဇာတ်ကွက် သရုပ်ဖော်ထားသော မြို့ဝင်ဆိုင်းဘုတ်ရှေ့သို့ ရောက်လာလျှင်ပင် သဘာဝ၏ သာယာလှပသော မြင်ကွင်းကို ထင်းခနဲ မြင်နိုင်ပါတော့သည်။ မည်းနက်ချောမွေ့သော ကတ္တရာလမ်းသည် ရှေ့တူရူသို့ ဖြောင့်ဖြူးစွာ ဦးတည် လဲလျောင်းနေ၏။ ထိုလမ်းဖြူးဖြူး၏ ဝဲယာတွင် ညောင်ပိန္နဲပင်ကြီးများက အစီအရီ အရိပ်မိုးပေးလျက် ရှိကြ၏။

ပင်းတယမြို့၏ သဒ္ဒယာလှပပုံကို ဖော်ကျူးကြစို့ဆိုလျှင် ထိုညောင်ပင်ကြီးများကို ချန်ထား၍ မရနိုင်ပါ။ အမှန်အားဖြင့်

ဤမြို့နယ်နှင့် ဤညောင်ပင်များ၊ ဤညောင်ပင်များနှင့် ဤမြို့နယ်မှာ ခွဲခြား၍ မရနိုင်သော ရင်းချင်းဆက်အမြွှာဟု ဆိုလောက်ပါသည်။

တစ်နိုင်ငံလုံး ကျော်ကြားခဲ့သော မနန်းစိုး၊ မနန်းစံ ရင်းချင်းဆက် အမြွှာညီအစ်မတို့ကို သမားတော်ကြီးများက အောင်မြင်စွာ ခွဲထုတ်ပေးနိုင်ခဲ့ကြ၏။ ယခု ရင်းချင်းဆက် အမြွှာညီအစ်မကိုကား မည်သည့် သမားတော်ကြီးကမှ ခွဲထုတ်၍ မရနိုင်ပါ။ ခွဲထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် နှစ်ဖက်စလုံး ပျက်စီးသွားရပါတော့မည်။

အုပ်အုပ်ဆိုင်းဆိုင်း၊ ညို့မှိုင်းဝေဆာ၍ နေကြသော ညောင်ပိန္နဲပင်ကြီးများသည် ဤမြို့နယ်၏ အထိမ်းအမှတ်သဖွယ် ဖြစ်နေပါ၏။ မြန်မာပြည်မ တစ်နံတစ်လျားတွင် ဤမျှလောက် ညောင်ပင်ကြီးတွေ ပေါများသောအရပ် ရှိမည်မထင်ပါ။ မြေလတ်ဒေသအတွင်းမှ အခြားမြို့နယ်များတွင်လည်း ဤမြင်ကွင်းမျိုး ရှိလိမ့်မည် မထင်ပါ။ ညောင်ပင်ကြီးများမှာ အချို့တမျိုပျိုလွင်လွင် သန့်တုန်း မြန်တုန်း၊ အချို့မှာတော့ နှစ်ကာလကြာညောင်း၍ ဇရာထောင်းနေကြချေပြီ။

ဤညောင်ပင်ကြီးများမှာ ပင်းတယမြို့မတည်မီကပင် ရှိနေခဲ့ကြလေသလော၊ ပင်းတယမြို့ကို တည်ထောင်ကြသော လူကြီးသူမများကပင် အရိပ်လည်းရ၊ စက္ခုပသာဒလည်း အေးမြစေရန် စိုက်ပျိုးခဲ့ကြလေသလော။ အားထားလောက်သော အမှတ်အသားများ မတွေ့ရသဖြင့် တပ်အပ်သေချာကား မပြောနိုင်

ပါ။ ကျောက်သရေဆောင် ညောင်ပင်ကြီးများသည် နာဂဝိဋ္ဌာန် ပုန်းတလုတ်ကန်ကြီး၏အရှေ့ဘက်မှာ တောင်ဘက်နှင့်အနောက် ဘက်တို့တွင် ညီညီညာညာ တန်းလျက် စီလျက် ရှိနေကြ၏။ အထူးသဖြင့် ကန်ကြီးတောင်ဘက် ရွှေဥမင်ဘုရားတောင်၏ အရှေ့ဘက်ရှိကွင်းပြင်ကြီးတစ်ခုလုံးကို ညောင်ရိပ်များက ထီး မိုး၍ပေးထားကြ၏။ အကိုင်းချင်းယှက် အရွက်ချင်း ထိစပ်နေ ကြသော ညောင်ပင်ကြီးများမှာ ပေါက်မိပေါက်ရာပေါက်နေ ကြသည် မဟုတ်ပေ။ တစ်စုံတစ်ယောက်က စနစ်တကျအကွက်ချ ၍စိုက်ထားဘိသကဲ့သို့ရှိဘိ၏။ နေပြောက်မထိုးလောက်အောင် သိပ်သည်းနေသော ညောင်ရိပ်အောက်မှ ကြည့်မိသူတိုင်း ဤအချက်ကို သတိပြုမိကြပါလိမ့်မည်။

ဤသို့အကွက်ကျကျရှိနေကြသည်ကို ထောက်ရှု၍ ရှေးသူ ဟောင်းတို့၏ ကောင်းမြတ်သော အပြုအမူဟူ၍လည်း သတ် မှတ်၍ ရနိုင်၏။ အခြား တစ်ဖက်မှလည်း ဤမြို့နယ်ထဲတွင် အခြားသောနေရာများ၊ လူနေအိမ်ခြံနှင့် ဝေးကွာသောနေရာ များမှာလည်း ဤလို ညောင်ပင်ကြီးများ အစီအရီ ရှိနေကြ၏။ ထို့ကြောင့် သဘာဝအလျောက် ပေါက်ရောက်နေကြသည်ဟု ဆိုချင်လျှင်လည်း ဆိုနိုင်ပါ၏။ မည်သို့ပင်ဖြစ်စေ ဤညောင်ပင် ကြီးများသည် ပင်းတယမြို့တို့ အလှကျောက်သရေဆောင် ဖြစ်နေ သည်ကိုကား အားလုံးက လက်ခံကြရပါလိမ့်မည်။

အချို့နေရာများတွင် မြို့ပြ အဆောက်အအုံ သစ်များနှင့် မလွတ်၍ ခုတ်ပယ်ထားသော ညောင်ကိုင်းငုတ်တိုကြီးများ ရှိနေ

ကြ၏။ အချို့နေရာတွင်မူ တစ်ပင်လုံး ငုတ်တိုဘဝ ကျရောက်နေကြပြီ။ "ရှာလာတော့ ယာဆုတ်" ဟူသော စကားပုံအရ လူနေအိမ်ခြေများ တိုးပွားလျှင် ရှောင်လွှဲ၍ မရနိုင်သော သစ်ပင်ကြီးများကို ရှင်းလင်းခုတ်ထွင်ကြရသည်သာ။ သို့ရာတွင် မြို့၏ အလှအပကို ပျက်စီး မသွားရလေအောင်ကား အထူး သတိပြုသင့်ကြပါသည်။

## ညောင်ရိပ်နားက မြက်ခင်းပြင်

မြို့ဝင် ဆိုင်းဘုတ်၏ အနောက်ဘက်မှနေ၍ လှမ်းမျှော် လိုက်လျှင် ညောင်ရိပ်များ အနားက ပြန့်ပြူးညီညာလှသော ကွင်းပြင်ကြီးကို ထင်းထင်းကြီး မြင်နိုင်၏။ ထိုကွင်းပြင်မှတစ်ဆင့် ကန်ရေပြင်ကို ဖြတ်ကျော်လာ အိမ်ခြေ တိုက်တာ တို့ကို မျက်စိအရသာ ခံစားနိုင်ကြ၏။ ယခုအခါတွင်ကား ထိုအရသာကို ခံစားနိုင်ရန် ရှေ့သို့တိုး၍ ကြည့်ကြရပါသည်။

ညောင်ညို့ရိပ်များ ကြားမှာ ကမ္ဗလာစိမ်းကြီး ခင်းထားသကဲ့သို့ အမြင်ပသာဒ အေးမြလှသော ဤမြင်ကွင်းကြီးကား ရှေးရှေးက ဆရာတော်ကြီးများအားတပည့်ဒါယကာအပေါင်းတို့က နောက်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်ရာဌာန ဖြစ်၏။ ဤမြို့ပေါ်မှ ဆရာတော်ကြီး တစ်ပါးပါး ပျံလွန်တော်မူလေတိုင်း ဤကွင်းပြင်တွင် အန္တိမစျာပန သာဓုကီဠနသဘင်ကို ခမ်းခမ်းနားနား အားပါးတရ ပူဇော်ကျင်းပမြဲ ဖြစ်ပါသည်။

ဒုတိယအကြိမ်

## လွတ်လပ်ရေးကျောက်တိုင် ညောင်ရိပ်မြိုင်

နှယ်ခွဲ့ပြီတိသျှ လက်အောက်မှ မြန်မာနိုင်ငံတော်ကြီး တစ်ခုလုံး လွတ်လပ်ရေးရသော အထိမ်းအမှတ် အဖြစ်ဖြင့် ပင်းတယမြို့မှာလည်း လွတ်လပ်ရေး ကျောက်တိုင်ကြီး ထီးထီးမတ်မတ် ရှိနေပါ၏။ မြို့ဝင်လမ်း၏ အနောက်ဘက်ကန်ကြီး၏ ဦးထိပ် အချက်ချာကျသော နေရာတွင် ထည်ထည်ဝါဝါ ရှိနေပါ၏။ ညို့ညို့ဆိုင်းဆိုင်း အကိုင်းချင်း ထိစပ်နေကြသော ညောင်ပင်တန်းများကို နောက်ခံထားကာ မားမားမတ်မတ် ရပ်တည်နေသော ကျောက်တိုင်ကြီးကား ပြည်ထောင်စုသား အားလုံးတို့ ဂုဏ်ယူ ဝင့်ကြွားစရာ ဖြစ်ပါ၏။

လွတ်လပ်ရေး ကျောက်တိုင်၏ မြောက်ဘက်တွင် မြို့သူ မြို့သားတို့ အပန်းဖြေရန် ဥယျာဉ်ခြံတစ်ခု ဆောက်လုပ်ထား၏။ ထိုဥယျာဉ်ခြံ အရှေ့ဘက်မှနေ၍ မြို့ဝင်လမ်းသည် မြောက်သို့ ဆက် လက် သွား ကာ ကန်ကြီး၏ ထောင့်ကွေး အတိုင်း အနောက်ဘက်သို့ ချိုးကွေ့ ဝင်ရောက်သွားပါသည်။

## နာဂမိဋ္ဌာန် ပုန်းတလုတ်ကန်

မြို့အဝင် လမ်းအကိုင်း လိုက်ပါ ကြရာတွင်–ကျွန်ုပ်တို့သည် ညောင်ပင်ကြီးများအောက်မှနေ၍ ကန်ရေပြင်ကို ကွက်တိကွက်ကျား မြင်လာခဲ့ရ၏။ မြောက်သို့ ဦးတည်လာရာမှ အနောက်ဘက်သို့ ချိုးကွေ့လာလျှင်တား ကန်ကြီးတစ်ခုလုံးကို ထင်း

ခနဲ လင်းခနဲ မြင်ကြရပါတော့သည်။ ဤကန်ကြီးကား နာဂဓိဋ္ဌာန် ပုန်းတလုတ်ကန်ကြီးပါပေတည်း။

မင်းသား မင်းသမီးများ ရေကစားရာကန်ကို ပုန်းဘလုတ်ကန်ဟု ခေါ်ဝေါ်ခဲ့ကြ၏။ ကုမ္ဘဘာယနှင့် ရှင်မိယာဘိုပုံဝတ္ထုအရ ဤကန်ကြီးမှာလည်း ငွေဘောင် နတ်မင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့ ရေကစားရာဖြစ်၍ ပုန်းဘလုတ်ကန်ဟုပင် အမည်တွင်ပါ၏။ ထိုပုန်းတလုတ်ကန်ကြီးကို နာဂဓိဋ္ဌာန်ဟု အထူးပြုထားသည်မှာကား ရှေး သူဟောင်းတို့၏ စကားအရ ဖြစ်ပါသည်။

ရွှေဥမင်ဘုရား သမိုင်းနှင့် ပင်းဘယမြို့ ရာဇဝင်စာအုပ်၌ နာဂဓိဋ္ဌာန်ဟု အမည်ရပုံကို ဤသို့ ဖော်ပြထားပါသည်။

ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်က ဟိမဝန္တာရှိ အနောတတ်အိုင်ကြီးကို အနောတတ္တ နဂါးမင်းက ပိုင်စိုးနေထိုင်ခဲ့၏။ အနောတတ္တ နဂါးမင်းသည် မြေလျှိုးမိုးပျံနိုင်သော နတ်နဂါးမျိုးဖြစ်၏။ တစ်နေ့သ၌ မိုးကောင်းကင်တွင် လူးလာပျံလွှား ပျော်ပါးနေစဉ် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏ ဓာတ်တော်မွေတော်များကို ရှစ်ပြည့်ထောင်မင်းအပေါင်းတို့က ခမ်းခမ်းနားနား ပင့်ဆောင်သွားကြသည်ကို တွေ့မြင်လိုက်ရ၏။ အနောတတ္တနဂါးမင်းသည် ထိုမဇ္ဈိမဒေသမှအရှေ့အရပ်သို့ ပျံသန်းလာခဲ့ရာမှ ကမ္ဘောဇတိုင်းအတွင်း တောတောင်ထူထပ်သော နေရာတွင် ရေကန်ကြီးတစ်ခုကို မြင်လိုက်ရ၏။ နဂါးမင်းသည် ထိုရေအိုင်ကြီးသို့ ဆင်းသက်ကြည့်ရှုရာ

နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းလှပုံကို တွေ့ရှိရ၍ တစ်မှ ဟုတ်ချင်းပင် ဟိမဝန္တာသို့ ပြန်သွားကာ အနော်ရထာ အိုင်ကြီးမှရေကို နှုတ်ဖြင့် ငုံလာခဲ့၏။ ထိုနှုတ်ငုံရေကို ဤကန်ကြီးထဲသို့ အန်ချပြီးလျှင် "ဤရေသည် မခန်းခြောက်ဘဲ တည်နေစေသတည်း။ နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော ဤဒေသ၌ ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်များ ကိန်းဝပ်တော်မူ၍ သာသနာ တည်ရစ်ပါစေသတည်း" ဟု အဓိဋ္ဌာန် ပြုခဲ့၏။

ထို့ကြောင့် ဤကန်ကြီးကို နာဂဓိဋ္ဌာန်ဟူ၍ ခေါ်တွင်လာခဲ့ကြသည်ဟု ဆိုပါ၏။

ဤကန်ကြီး၌ နဂါးမင်းက အဓိဋ္ဌာန်ပြုခဲ့ပုံကို သာသနာဝင်ကျမ်းဂန်ကြီးများ၌ကား မလာရှိပါ။ စိမ်းစိုညို့မှိုင်းသော တောင်တန်းကြီးများကို နောက်ခံထားကာ အားပါးတရကြည့်လိုက်တိုင်း လှပခံ့ညားနေသောကန်ရေပြင်ကို ချီးကျူးဂုဏ်ပြုလိုသဖြင့် ရှေးရှေးက လူကြီးသူမများပြောဆို လာခဲ့ကြဟန် ရှိပါသည်။ ယခုအခါ၌ကား ပင်းတယကန်ဟူ၍ပင် အများက ခေါ်ဝေါ်နေကြပါပြီ။

ပင်းတယကန်ကြီးကြောင့်ပင် ပင်းတယမြို့သည် ပို၍ လှပလာသလော။ ပင်းတယမြို့ကြောင့်ပင် ပင်းတယကန်ကြီးသည် ပို၍ သာယာလာလေသလော။ ဤမေးခွန်းကိုကား မည်သူမျှ တစ်ဖက်သတ် အဖြေပေးနိုင်ကြမည် မဟုတ်ပါ။ ပင်းတယကန်ကြီးကြောင့် ပင်းတယမြို့ လှပလာကာ ပင်းတယမြို့ ကြောင့်

ပင်လျှင် ပင်းတယကန်ကြီး ပိုမိုသာယာလာသည်ဟု မျှမျှတတ ပြောဆိုကြရပါလိမ့်မည်။

ပင်းတယ ကန်ကြီး၏ မြောက် ဘက် ကန် ပေါင် ရိုး ကို ကျောက်အင်္ဂတေများဖြင့် အခိုင်အမာ ပြုလုပ်ထား၏။ ထိုကန် ပေါင်တွင် ယောကျ်ား မိန်းမ ခွဲခြား၍ ရေချိုးရန် ရေချိုးဆိပ် များ ပြုလုပ်ထား၏။ ပင်းတယမြို့ကို နောက်ဆုံး လက်ခံ အုပ် ချုပ်ခဲ့သော ငွေခွန်မှူး (ဦး) စောဝင်းကြည် လက်ထက်က ပြုလုပ်ထားခဲ့၏။ ကန်ကြီးထဲတွင် ရေပို၍နက်စေရန် ရေနည်း သော နွေရာသီတွင် မြေထိုးစက်ကြီးများဖြင့် တူးကာ ကန် ပေါင်မှာ ဖို့ပေးခဲ့သေးသည်ဟုလည်း သိရပါသည်။

"ဤကန်ကြီးထဲသို့ ဆင်း၍ ရေချိုးလိုက်လျှင် အသားမည်း သူများပင် အသားဖြူသွားသည်"ဟု ပြောစမှတ် ပြုခဲ့ကြ၏။ အသားမည်းသူ ဖြူ မဖြူကိုကား မပြောတတ်ပါ။ ရေချိုး၍ ကောင်းသည်ကား အမှန်ပင် ဖြစ်ပါသည်။ ကျောက်တုံးများ စီ ထားသော လှေကားအတိုင်းဆင်းသွား၍ ရေထဲ ခုန်ချလိုက်လျှင် အေးစိမ့်စိမ့်ကြီးခံစားရပါသည်။ အအေးဒဏ်ကို ပမာ မထားဘဲ လက်ပစ်ကူးလိုက်လျှင်ကား ကိုယ်တွင်းက အပူငွေ့ ထွက်ကာ မျှတသွားပါတော့သည်။ ထိုအချိန်တွင် လေက တဖြူးဖြူး တိုက်နေရာ မြေပေါ်မှာနေသည်ထက်ရေထဲမှာနေရသည်က ပို၍ နွေးထွေးပါသည်။ ကျွန်ုပ်တို့ အလည်ရောက်သည်မှာ နွေရာသီ မေလအတွင်းမှာ ဖြစ်၍ ကန်စပ်က ရေမှာ မနက်လှပါ။ ခါး လောက်သာ ရှိပါသည်။ အောက်ခြေမှာလည်း ရွှံ့ မရှိဘဲ သဲပြုတ်ကလေးများသာရှိ၍ နင်း၍ ကောင်းလှပါသည်။ ပင်း

တယမှ မြို့ခံလူများ သုံးနေကြအတိုင်း ကင်ပွန်းသီးအမှုန့်ဖြင့် တစ်ကိုယ်လုံး ပွတ်တိုက်၍ ရေကန်ထဲမှာ တစ်ကိုယ်လုံး နှစ်၍ ဆေးကြောလိုက်ရသောအခါ တကယ်ပင် ပို၍အသားဖြူလာလေသလောဟု ထင်မိပါတော့သည်။

နွေရာသီ ဖြစ်သော်ငြားလည်း မြေပြန့်သားများအဖို့ ပင်းတယ၏ နံနက်ခင်းမှာ အေးချမ်းလှပါသည်။ အနောက်ဘက် တောင်တန်းကြီးက ခုံထားသဖြင့် တောင်ဘက်မှ တိုက်သမျှ လေများ မြို့ပေါ်သို့ စုပြုံရောက်သာကြဟန် ရှိပါသည်။သို့ရာတွင် ပင်းတယမြို့ဲတို့ကား ဤမျှလောက် အအေးဒဏ်ကို မမှုကြပါ။ နံနက်သင်းလာသည်ဆိုလျှင် ကန်ကြီးတဲမှာ လူစည်ကားရျှနေပါပြီ။ဤကန်ကြီးနှင့်ပတ်သက်၍ ပြောရိုးဆိုစဉ်တစ်ခု ရှိသေးသည်မှာ "ဤကန်ထဲတွင် လှေမလှော်ရ၊ ငါးမဖမ်းရ" ဟူ၍ပင် ဖြစ်၏။ အကြောင်းတစ်ခုခု ရှိခဲ့ပေ၍သား၊ ရှေးရှေးက ဆရာတော်များ၊ လူကြီးသူများက တားမြစ်ခဲ့ကြ၍လေလား။ မည်သို့ပင်ဖြစ်စေ ယခုတက်တိုင် ငါးမျှားသူ၊ ငါးဖမ်းသူ မတွေ့ရပါ။ လှေတစ်စင်းတလေမျှပင် မတွေ့ရပါ။

## ကန်ရေပြင်နှင့် ပတ်ဝန်းကျင်

နေပူရှိန်မပြင်းလှသေးသော နံနက်ခင်းမှာ ဖြစ်စေ၊ နေညိုညိုညနေချမ်းမှာ ဖြစ်စေ မျက်စိပသာဒ၊ သဘာဝ အရသာကို အားပါးတရ ခံစားနိုင်ကြပါသည်။ ကန်၏ အရှေ့ဘက်၊ တောင်ဘက်ဘို့တွင် ကျက်သရေဆောင် ညောင်ပင်ကြီးများက ကန်ရေပြင်ကို အနားသတ်၍ ပေးထား၏။ အနောက်တောင်

ဘက်နှင့် အနောက်ဘက်သို့ လှမ်းမျှော်လိုက်သောအခါ မြို့ဆီသို့ မျက်နှာမူနေသော တောင်တန်းကြီးကို တွေ့ကြရ၏။ စိမ်းစိုညို့ စောင်းသော တောင်တန်းကြီးကို ရွှေဥမင်ဘုရားသို့ သွားရာ စောင်းတန်း အသွယ်သွယ် ရှိနေကြ၏။ ထို စောင်းတန်း တစ်လျှောက်တွင် စေတနာရှင် အဆက်ဆက်တို့ တည်ထားခဲ့ ကြသော စေတီကလေးများကို ဖူးတွေ့နိုင်ကြ၏။ အစီအရီ တည်ရှိနေကြသော စေတီကလေးများကို အဝေးမှ လှမ်းမျှော် ဖူးမြင်လိုက်ရသောအခါ "စံပယ်ဖူးငုံများ သီကုံးထားသလို" ဟူ၍ စာရေးဆရာမကြီး (ဒေါ်)ဒဂုန်ခင်ခင်လေး၏ တင်စား ချက်များကို ကိုယ်တွေ့မျက်မြင် ခံစားနိုင်ကြပါလိမ့်မည်။

## မြို့ပြအင်္ဂါ စုံလင်စွာ

ကန်ကြီး၏ အနောက်မြောက်ဘက်တွင် စည်ပင်သာယာရေး ဈေးရှိပါသည်။ နေ့စဉ်ဈေး မဟုတ်ပါ။ မြေလတ်ဒေသ ထုံးစံ အတိုင်း ငါးရက်တစ်ဈေး ဖြစ်ပါသည်။ လက်ရှိ သွပ်မိုးနှင့် ဈေးရုံကို ငွေခွန်ဘော်မှူး ခွန်စွန်ညိုက ၁၉၂၈-၂၉ ခုနှစ်တွင် တည်ဆောက်ထားခဲ့ခြင်း ဖြစ်၏။ ထို့နောက် တစ်စထက် တစ်စ စည်ကားလာသဖြင့် တာဝန်ရှိသူများက ဈေးရုံသစ် များ ထပ်ကာ ထပ်ကာ ဆောက်၍ ပေးလာကြရပါသည်။

ငါးရက်တစ်ကြိမ် ဈေးနေ့ရောက်လာတိုင်း မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသထွက်ကုန် ရောင်းချသူများ ရောက်လာ ကြ၏။ အနီးအနားရှိ မြို့ရွာများမှ ဤဒေသအတွက် လိုအပ် ရာရာကို ရောင်းချရန် လာသူများလည်း ရှိကြ၏။ ရောင်းသူ

ဝယ်သူ စည်ကားလှသည်နှင့်အမျှ တိုင်းရင်းသား ပေါင်းစုံတို့၏ ဝတ်စားဆင်ယင်မှု မျိုးစုံတို့ကိုလည်း ရှုမြင်နိုင်ပါသည်။

## ပင်းတယ၏ လက်ရှိမြင်ကွင်း

ပင်းတယမှာ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တစ်ခုဖြစ်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံး အဆောက်အအုံများ ရှိကြပါသည်။ နိုင်ငံပိုင် စက်ရုံ အလုပ်ရုံကြီးများ မရှိပါ။ ပုဂ္ဂလိက ကြိတ်ခွဲစက်၊ ဆီစက်များသာ ရှိပါသည်။

မြို့နယ် ပညာရေးကို လေ့လာကြည့်ပါလျှင် ၁၉၈၂ ခုနှစ် မတ်လအထိ–

| | |
|---|---|
| အထက်တန်းကျောင်း | ၁ |
| တွဲဖက်အထက်တန်းကျောင်း | ၁ |
| အလယ်တန်းကျောင်း | ၃ |
| တွဲဖက် အလယ်တန်းကျောင်း | ၅ |
| မူလတန်းကျောင်း | ၉၅ |

ဤသို့ ရှိနေသည်ကို တွေ့နိုင်ပါသည်။

တစ်ဖန် ကျန်းမာရေးဘက်မှာလည်း–

| | |
|---|---|
| မြို့နယ်ဆေးရုံ | ၁ |
| တိုက်နယ်ဆေးရုံ | ၁ |
| ကျေးလက်ကျန်းမာရေးဌာန | ၁ |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၇ |
| မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာန | ၁ |

ဤသို့ တွေ့ရှိကြရပါလိမ့်မည်။

ဒုတိယ အကြိမ်

ထိုအထဲမှ ပင်းတယမြို့ပေါ်တွင် ၁၉၆၆ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့က ခုတင် ၁၆ လုံးဆံ့ ဆေးရုံကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ (၁၉၇၂-၇၃ တွင် ကျန်းမာရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ပွေးလှ ကျေးလက်ကျန်းမာရေးဌာနကို ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့၏။ ထိုဆေးရုံကို ကိုယ်ထူ ကိုယ်ထ စနစ်ဖြင့် ဆောက်လုပ် ခဲ့ကြရာ လုပ်သားပြည်သူများက ကျပ်အလှူငွေ ၂၁၀၂၆၀ ထည့်ဝင်ခဲ့ကြ၏။ ၁၉၇၂ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျန်းမာရေး ဌာနသို့ လွှဲအပ်ပွဲ ကျင်းပခဲ့၏။ ၁၉၇၃-၇၄ ခုတွင်ကျေးရွာအုပ်စု ၁၄ ခုကို ကိုယ်စားပြု၍ ပန်းစစ် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန တစ်ခု ဖွင့်လှစ်ထားခဲ့၏။)

မြို့နယ် ပြည်သူ့ဆေးရုံမှာ ဝန်ကြီး၏ အရှေ့ဘက်မှာ ရှိ၍ ကန်ကြီး၏ ပတ်ဝန်းကျင်မှာ ရှုမောဖွယ် ကောင်းသကဲ့သို့ပင် မြို့တွင်း လမ်းများမှာလည်း ဖြောင့်ဖြူး သာယာပါသည်။ သန့်သန့်ရှင်းရှင်း ရှိကြပါသည်။ တိုက်တာအိမ်ရာများမှာလည်း ပန်းရုံ၊ ပန်းစင်၊ ပန်းဥယျာဉ်များဖြင့် ကြည့်ပျော် ရှုပျော် ရှိကြပါပေသည်။

ရှေးအခါက ကန်အရှေ့တိုက်၊ ကန်အနောက်တိုက် စသည် အားဖြင့် တိုက်ကိုးတိုက်ဖြင့် ဖွဲ့စည်းထားသော ပင်းတယမြို့နယ်ကို ယခုအခါ မြို့မရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇ ခုတို့ဖြင့် ဖွဲ့စည်းထားခဲ့ပါသည်။

ဒုတိယ အကြိမ်

မြို့မရပ်ကွက် ၁၂ ခုတို့မှာ–

၁။ ဈေးတန်းရပ်
၂။ ရှမ်းရပ်
၃။ ဆင်ခေါင်းရပ်
၄။ ငှက်ပျောတောရပ်
၅။ ပြည်တော်သာရပ်
၆။ အောင်ရောရပ်
၇။ ရွာငယ်ရပ်
၈။ ဆူးပိုလ်ရပ်
၉။ ရွာသစ်စေတီကုန်းရပ်
၁၀။ ဟောင်ကုန်းရပ်
၁၁။ ပေါက်တောရပ်
၁၂။ အနောက်ရပ်

တို့ ဖြစ်ကြပါသည်။

မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၇ ခုတို့မှာ အင်းငယ်၊ မိုင်းလီ၊ ညောင်ဝန်း၊ ညောင်တောက်၊ သိမ်ကုန်း၊ တောင်ရှည်၊ ပင်ပျော်၊ ပန်းစစ်၊ ရွှေပုသိုး၊ မဲနယ်တောင်၊ ကျောင်စု၊ ရေဖြူ–တောင်ပေါကြီး၊ ထယ်သွန်း–ထွဘ်နီ၊ ဿစ်အယ်ပင်၊ သံချက်ကုန်း၊ ကူးခဘာ်၊ ဘာခဲ၊ ရှားပြား၊ ပွေးလှ၊ မြင်းမူး၊ ကျွဲးကုန်း၊ မြေခြားမြောက်၊ ကျုံး၊ နန်းကုန်း၊ မြေခြားချိုင့်တို့ ဖြစ်ကြပါသည်။

၁၉၈၄ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ကောက်ယူရရှိသွားသော စာရင်းအရ ပင်းတယမြို့မ ၁၂ ရပ်ကွက်တို့တွင် အဆောက်အအုံ ၁၄၂၆၊ အိမ်ထောင်စု ၁၅၂၁၊ လူဦးရေ စုစုပေါင်း ၈၃၂၂ ရှိပါသည်။

မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၇ ခုတို့တွင် အဆောက်အအုံ ၉၁၆၀၊ အိမ်ထောင်စု ၈၈၂၅၊ လူဦးရေ စုစုပေါင်း ၄၃၀၉၄ ရှိပါသည်။ (အဆက်ပါဇယားကို ရှုပါ)

ဒုတိယအကြိမ်

၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ပင်းတယ မြို့မ ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ ခု တို့၏ အဆောက်အအုံ၊ အိမ်ထောင်စုနှင့် လူဦးရေစာရင်း

ကျား မ

| စဉ် | ရပ်ကွက် | အဆောက်အအုံ | အိမ်ထောင်စု | လူဦးရေ | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဈေးတန်းရပ် | ၁၉၁ | ၁၂၇ | ၆၅၃ | ၆၀၁ | ၁၃၅၄ | မြို့မတိုက် |
| ၂။ | ရှမ်းရပ် | ၁၀၀ | ၁၀၉ | ၅၆၉ | ၅၈၂ | ၁၁၅၁ | ၁၂ |
| ၃။ | ဆင်ခေါင်းရပ် | ၁၃၇ | ၁၄၆ | ၃၅၆ | ၃၆၂ | ၇၁၈ | ရပ်ကွက် |
| ၄။ | ငုက်ပျောတော | ၁၀၀ | ၁၀၇ | ၃၀၀ | ၂၉၇ | ၅၉၇ | |
| ၅။ | ပြည်တော်သာ | ၂၅ | ၂၆ | ၇၀ | ၇၆ | ၁၄၆ | |
| ၆။ | အောင်ရော | ၁၅၁ | ၁၄၁ | ၃၉၅ | ၃၀၅ | ၇၀၀ | |
| ၇။ | ရွာငယ် | ၉၆ | ၁၀၃ | ၂၀၂ | ၂၉၅ | ၅၇၇ | |
| ၈။ | ဆူးဗိုလ်ကုန်း | ၁၃၂ | ၁၂၇ | ၃၄၀ | ၃၇၄ | ၇၁၄ | |
| ၉။ | ရွာသစ်စေတီကုန်း | ၁၃၁ | ၁၇၄ | ၄၀၆ | ၄၆၅ | ၈၇၁ | |

ဒုတိယအကြိမ်

| | | | | | |
|---|---|---|---|---|---|
| ၁၀။ ဟော်ကုန်းရပ် | ၁၀၇ | ၁၁၂ | ၃၁၉ | ၃၀၀ | ၆၁၉ |
| ၁၁။ ပေါ်ကဲ့တောရပ် | ၆၁ | ၅၆ | ၂၆၁ | ၁၆၅ | ၃၂၁ |
| ၁၂။ အနောက်ရပ် | ၁၁၈ | ၈၃ | ၂၁၉ | ၂၆၅ | ၃၂၆ |
| | ၁၄၂၆ | ၁၂၂၁ | ၄၁၆၀ | ၄၁၅၄ | ၈၃၁၂ |

ကျေးရွာတိုက်ပေါင်း

| | | | | | |
|---|---|---|---|---|---|
| ၃၉ | ၁၉၅၉၄ | ၁၀၃၄၆ | ၂၅၈၀၅ | ၂၅၆၁၁ | ၅၁၄၂၆ |

ပင်းတယမြို့မနှင့် မြို့နယ်တွင်နေထိုင်သည့် လူမျိုးစုများမှာ ဓနု၊ တောင်ရိုး၊ ပအိုင်း၊ (ပရဲ)နှင့် ပလောင် စသည်တို့ ဖြစ်ပါသည်။ ဓနုမှာ အများဆုံးဖြစ်၍ တောင်ရိုးသည် ဒုတိယ အများဆုံး ဖြစ်ပါသည်။ပအိုင်းနှင့်ပလောင်းတို့ကားလူနည်းစုသာဖြစ်ကြပါသည်။

ရှေးယခင်က ထိုနယ်မြေနှင့် ထိုလူမျိုးစုများကို သားစဉ်မြေးဆက် အုပ်ချုပ်လာခဲ့သည်မှာ ငွေခွန်မှူးများ ဖြစ်လေရာ သူတို့နေထိုင်ခဲ့ရာ ဟော်ကြီးသည် ယခုထက်တိုင်ပင် ဟော်ကုန်း ရပ်ကွက်ထဲမှာ ရှိနေပါသေးသည်။

# ဟိုယခင်က ပင်းတယ

## တည်ထောင်ခါစ ဥဒ္ဒါန

ပင်းတယနယ်မြေကို အစဉ်အဆက် အုပ်ချုပ် စိုးမိုးခဲ့ကြသူများမှာ ငွေခွန်မှူးများဖြစ်၍ စော်ဘွားမြို့စားများ အဆင့်သို့ ချီးမြှောက်ခံလောက်အောင် နယ်မြေ မကျယ်ဝန်း၍ ဖြစ်၏။ စော်ဘွားမြို့စားများ နေထိုင်ရာ အိမ်ကြီးကို (ဟော်)ဟု ခေါ်ကြသကဲ့သို့ ငွေခွန်မှူး၏ အိမ်ကြီးကိုလည်း ဟော်ဟုပင် ခေါ်ကြပေသည်။ ထို့ကြောင့် ထိုအိမ်ကြီးရှိရာ အရပ်ကို ယခုထက်တိုင် ဟော်ကုန်းရပ်ဟု ခေါ်တွင်နေပါသည်။

ပင်းတယမြို့သည် သက္ကရာဇ် ထုတ်ဖော်နိုင်ရေးအတွက် တိုက်ရိုက်အားဖြင့် အထောက်အထား ပြစရာ မတွေ့ရသေးပါ။ သက်ကြီးစကား သက်ငယ်ကြားဖြင့် သက္ကရာဇ် ၁၁၀၃ ခုနှစ်တွင် စတင်တည်ထောင်သည်ဟူ၍သာ ပြောဆိုလာခဲ့ကြရပါသည်။

ဒုတိယအကြိမ်

ဤသို့ ပြောဆိုရာတွင် မှန်းဆနိုင်သော အထောက်အထား ရှိပါသည်။ အနောက်ဘက် တောင်ရိုးပေါ်မှ တောင်ပေါ်ကြီး ကျေးရွာကို သက္ကရာဇ် ၁၁၃၀ ခုနှစ်တွင် လည်းကောင်း၊ တောင်ပေါ်ကြီးရွာ အလယ်ကျောင်းကြီးကို ၁၁၃၃ ခုနှစ်တွင်လည်းကောင်း တည်ခဲ့ကြောင်းသိရှိရ၏။ ထိုကျောင်းကြီးတွင် ကျောင်းတည်သက္ကရာဇ် ကမ္ပည်းစာ ရှိနေ၏။ ထို့ပြင် ရွှေကျင်ကုန်းသာ ဘုရားကြီးကို ၁၁၁၁ ခုနှစ်တွင် လည်းကောင်း၊ ပင်းတယမြို့ ကန်ထောင့်ကျောင်းကို ၁၁၃ ခုနှစ်တွင် လည်းကောင်း စတင် တည်ထောင်ခဲ့ကြ၏။ (အုံးအုံးစတည်၊ ကန်ဆောင့်တည်)ဟု ဆိုရိုးပြု၍ ထားခဲ့ကြပါသည်။

ထို့နောက် မဟာရန်အောင်ကျောင်းကို (ယခင် သိုယင်ကျောင်း) ၁၀၀၈ ခုနှစ်တွင် လည်းကောင်း၊ မြောက်ကျောင်းကြီးကို ၁၁၃၉ ခုနှစ်တွင် လည်းကောင်း၊ ပေါက်တောကျောင်းကို ၁၁၄၀ ပြည့်နှစ်တွင် လည်းကောင်းစတင်တည်ထားခဲ့သော အမှတ်အသားများ ရှိခဲ့၏။ ထို့ကြောင့် ထိုကျောင်းတိုက်တာ ထိုကျေးရွာတို့၏ ပင်မ အခြေခံဖြစ်သော ပင်းတယကို ထို့ထက် အတန်ငယ်စောစောက တည်ထောင်ပြီး ဖြစ်လိမ့်မည်ဟု ယူဆကြဟန် ရှိပါသည်။

သို့ရာတွင် သက္ကရာဇ် ၁၀၈၉ ခုနှစ် (၀၈၂၇ ခု)၊ စစ်ကိုင်းမင်း လက်ထက်က ရေးမှတ်ထားသော ငွေခွန်ဝန်၊ ဝန်စုကျေးရွာထမ်း အိမ်စာရင်း၊ ပင်းတယကျေးရွာမှ အခွန်တော်ထမ်းဆောင်နိုင်သောအိမ်မှာ ခုနစ်အိမ်မျှသာ ရှိနေကြောင်း တွေ့ရှိရပါသည်။

ဒုတိယအကြိမ်

မည်သို့ပင်ဖြစ်စေ မင်းတုန်းမင်းတရားကြီး လက်ထက်တွင်မူကား ပင်းတယမြို့ဟု ခေါ်နေကြပါပြီ။ ပင်းတယနယ်မြေကို အုပ်ချုပ်စိုးစံရသော ငွေခွန်မှူး၏ ရုံးစိုက်ရာဌာန ဖြစ်နေပါပြီ။ သက္ကရာဇ် ၁၂၃၄-၃၅-၃၆ ခုနှစ်၊မင်းတုန်းမင်းတရားကြီးနှင့်တကွ သုဓမ္မာ ဆရာတော်များထံသို့ ပင်းတယ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များက ရေးသား ဆက်သွင်းခဲ့သော မေတ္တာစာများအရ ထိုစဉ်က ပင်းတယနယ်မြေ အတွင်းမှာ ရဟန်းသံဃာ ၆၇ ပါးမျှ ရှိနေပါပြီ။ လူနေအိမ်ခြေမှာလည်း ၁၁၅၀ ကျော်မျှ ရှိနေပြီဟု ဆိုပါသည်။ သို့ရာတွင် အိမ်ခြေအားလုံး ပင်းတယမြို့ထဲမှာ မပါနိုင်ပါ။ ယခု မြို့မ(၈)ရပ်ကွက်ထဲမှာ အပါအဝင် ဖြစ်နေကြသော အောင်ရော ရွာဟောင်း၊ ငှက်ပျောတော၊ ပေါက်တောစသော ရင်ကွက်များသည် ထိုစဉ်က သီးခြားကျေးရွာများ ဖြစ်ကြပါသည်။ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များက ငှက်ပျောတောရွာကို ပင်းဖြေး စီရင်စုတောင်လက်ဟု ဝိသေသနပြု၍ ရေးကြရပါသည်။

## ဤနယ်မြေမှာ ပါဝင်လေသမျှ

မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက် ကျရောက်ပြီးနောက် ၁၈၉၇ ခုနှစ်မှာ ကောက်ယူခဲ့သော စာရင်းအရ ပင်းတယမြို့မှာ အိမ်ခြေ ၂၅၇ အိမ် ရှိပါသည်။ ထိုအထဲမှာ ကြေးထမ်းအိမ် ၁၈၇ အိမ်သာ ရှိပါသည်။ လူဦးရေ ၁၅၃၀ ယောက်ရှိပြီး အခွန်တော်ငွေ ၁၂၆၀ ကျပ်ရရှိကြောင်း သိရပါသည်။

သို့ဖြစ်၍ မင်းတုန်းမင်းတရားကြီး၏ လက်ထက်မှာ ထို့ထက် အတန်ငယ် လျော့နည်းစရာရှိပါသည်။

ထိုစဉ်က ပင်းတယ တစ်မြို့လုံးကို တိုက် ၉ တိုက်နှင့် ပိုင်းခြားထားပါသည်။ ယင်းတို့မှာ ၁။ ဦးတိုက်၊ ၂။ ဇာနီ အရှေ့၊ ၃။ ဇာနီအနောက်၊ ၄။ တဲသုံး၊ ၅။ ကျောက်စု၊ ၆။ ရေဖြူ၊ ၇။ သောင်ရှော၊ ၈။ ပင်ပျော်နှင့် ၉။ အနောက် တတန်းတို့ ဖြစ်ကြပါသည်။ ထိုတိုက်နယ်များမှာ အချို့ ပင်းတယမြို့ထဲမှာ ပါဝင်ပြီး အချို့ကတော့ နယ်ခမြသာ ဖြစ်ပါသည်။

၁၈၉၇ ခုနှစ်က ထိုတိုက် ၉ တိုက်ထဲမှာ ရွာပေါင်း ၉၀၊ အိမ်ခြေပေါင်း ၂၆၉ အိမ်ရှိပါသည်။ ထိုအိမ်များမှာ-

| | |
|---|---|
| ဿဿမေဓ | ၁၃[illegible]၈၆ |
| လယ်ခွန | ၃၀၀ |
| ယာခွန် | ၁၈၀ |
| မြေခွန် | ၈၃၀ |
| စုစုပေါင်းအခွန်တော် | ၁၄၄၇၆ |

ပေးဆောင်ကြရပါသည်။

ထို တိုက်နယ်များမှာ ယခုအခါ နာမည် သစ်များဖြင့် ပင်းတယမြို့နယ် ဖွဲ့စည်းပုံတွင် ပါဝင်နေကြပါပြီ။ ရေဖြူ တိုက်နယ်နှင့် ကျောက်စု တိုက်နယ်တို့သာ ရှေးနာမည်အတိုင်း

ဆက်လက် တည်ရှိနေပါသည်။ (စာကော့၊ ဟာဒီမင်တို့ ရေးသားပြီး ၁၉၀၀ ပြည့်၊ ရန်ကုန်မြို့၊ အစိုးရ ပုံနှိပ်တိုက်မှ ရိုက်နှိပ်သော 'အထက်မြန်မာပြည်နှင့် ရှမ်းနယ်များ ဂေဇက်' အပိုင်း ၁၊ အတွဲ ၂ မှာ ဤအကြောင်းရပ်များကို ဆက်လက် လေ့လာနိုင်ပါသည်။)

## ငွေခွန်မှူးနှင့် ရွာအုပ်များ

ပင်းကယ တည်ထောက်ပြီး မြို့သဖြင့် ပင်းဘသနယ်မြေ ဟူ၍ သတ်သတ်မှတ်မှတ် ရှိလာပြီးသည့် အချိန်မှစ၍ အုပ်ချုပ်သူ ငွေခွန်းမှူးများ ရှိခဲ့ကြ၏၊ အင်္ဂလိပ်များ တက်လာပြီးချိန်က ထိုငွေခွန်မှူးများကို စာရင်းကောက်ယူထား၏၊ ယိုစာရင်းထဲမှ ခုနှစ်သက္ကရာဇ်နှင့်တကွ အသေးဆုံး ဖော်ပြနိုင်သူမှာ သက္ကရာဇ် ၁၁၄၅ ခုနှစ် (၁၇၈၃ ခု) တွင် အုပ်ချုပ်ခွင့်ရသော မောင်ရွှေဘွင့်ဖြစ်၏။ မောင်ရွှေဘွင့်ကွယ်လွန်သွားသောအခါ သူ၏အဆက်အနွယ်များက ဆက်ခံ အုပ်စိုးလာကြ၏။ တစ်ခါတစ်ရံတွင် အပြင်လူတစ်ယောက်ယောက်က ကြားဖြတ်အုပ်စိုးခဲ့သည်လည်း ရှိ၏။ ရွာအုပ်က ခေတ္တအုပ်ထိန်းထားခဲ့ရသည်လည်း ရှိ၏။ ထို ဆွေမျိုးဆက်ထဲတွင် ငွေခွန်မှူးတာဝန်ကို ၄ ကြိမ် တိုင်တိုင် ထမ်းဆောင်ခွင့်ရသူကား မင်းလှနန်းရ၊ သို့မဟုတ် ဘိုးလှန်းရပင် ဖြစ်ပေသည်။

ဘိုးလှန်းရသည် ငွေခွန်မှူးဦးရွှေဘွင့်၏ မြေးတော်သူဖြစ်၏။ သက္ကရာဇ် ၁၂၂၁ (၁၈၅၉) ခုနှစ်၊ မင်းတုန်းမင်းတရားကြီး လက်ထက်တွင် ပထမဦးစွာ ငွေခွန်မှူးရာထူး ဆက်ခံခဲ့ရ၏။

### ဒုတိယအကြိမ်

သို့ရာတွင် ထိုရာထူးမှာ တစ်နှစ်သာခံ၏။ နောက်တစ်နှစ်တွင် အမေမွဆိုင် တစ်ယောက်ဖြစ်သူ မောင်ဘိုး လက်ထဲသို့ ရောက်သွား၏။ မောင်ဘိုးသည် သာမိုင်းတွင် ငွေခွန်မှူးရာထူး ရ၍ ပင်းတယမှ ပြောင်းရွှေ့သွားရာ ခေတ္တရွာအုပ် မောင်သန်းက အုပ်ချုပ်ရ၏။ တစ်ဖန် သက္ကရာဇ် ၁၂၃၀ ခုနှစ် (၁၈၆၈ ခုနှစ်) တွင် မောင်လွန်းရ အုပ်ချုပ်ခွင့် ရပြန်၏။ ထို့နောက် မောင်လွန်းရ လက်ထဲမှ ရာထူးလွတ်သွားပြန်ကာ ရွာအုပ်များ ဆက်ကာ ဆက်ကာ အုပ်ချုပ်ရ၏။ သက္ကရာဇ် ၁၂၃၈ ခုနှစ် (၁၈၇၆ ခု) တွင် မြေလတ်နေ ဦးလှိုင်က တိုက်ရိုက် အုပ်ချုပ်၍ နောက်တစ်နှစ် ၁၂၃၉ ခုနှစ်တွင် မောင်လွန်းရ၏ လက်ထဲသို့ တစ်ဖန် ပြန်ရောက်လာ၏။ နောက်တစ်နှစ်တွင် ရွာအုပ် မောင်စံဝိုင်းလက်သို့ ပြောင်းကာ ၁၂၃၂ ခုနှစ်တွင် တစ်ဖန် ပြန်၍ ဆက်ခံရ၏။ ထိုအချိန်၌ ဘိုးလွန်းရ၏ မြေးတော် မင်းလွန်းရ ဖြစ်နေပါတော့မည်။ တော်တော်ကြာပြီမှာကား တစ်နှစ်တည်းနှင့် ရာထူး လွတ်မသွားတော့ပါ။ ၁၂၄၄ ခုနှစ်မှာ သူ ကွယ်လွန်ခါမှ သားဖြစ်သူ မောင်ဘိုးခင်က ဆက်ခံရပါတော့သည်။

မင်းလွန်းရလက်ထက်၌ အထူးမှတ်သားဖွယ် ဆောင်ရွက်ချက်တစ်ခုမှာ ရွှေပုထိုး တိုက်နယ်တွင် ဆည်ကြီး တစ်ခု ဖို့ကာ တံတားကြီးတစ်ခု ထိုးပေးထား ခြင်း ဖြစ်ပေသည်။

မောင်ဘိုးခင်ကို နယ်ခံလူများ က မင်းမောင်ခင်ဟု အရိုအသေ ခေါ်ဝေါ်ကြရပါသည်။ သူ့လက်ထက်တွင် အင်္ဂလိပ်များ တက်ရောက်လာကာ မင်းမောင်ခင်ကိုပင် ဆက်လက်၍ ငွေခွန်မှူး ခန့်ထားခဲ့၏။ မင်းမောင်ခင် ကွယ်လွန်သော ခုနှစ်ကို

တိတိကျကျ မသိရသေးပါ။ သူကွယ်လွန်စဉ်က သား ခွန်စွန်ညို ကျန်ရစ်သော်လည်း ငယ်ရွယ်လှသဖြင့် ရာထူးကို တိုက်ရိုက် မဆက်ခံနိုင်သေးချေ၊ သို့ဖြစ်၍ ဦးရီးတော်ဖြစ်သူ မင်းမောင် အုန်းက ရင်ခွင်ပိုက်အဖြစ်ဖြင့် အုပ်ချုပ်ရ၏။ သက္ကရာဇ် ၁၂၆၀ ခုနှစ်အရောက်တွင် ဘဏ္ဍာငွေ အခက်အခဲ ပေါ်လာသဖြင့် မင်းမောင်အုန်းသည် တစ်နှစ်စာ အခွန်ကောက်ခွင့်နှင့် အုပ်ချုပ်ခွင့် အာဏာကို ငှက်ပျောရွာမှ ကျောင်းဒါယကာကြီး ဦးမှုန်းထံ ပေါင်နှံခဲ့ရပါသည်။

ကျောင်းဒါယကာကြီး ဦးမှုန်းကို ဒေသထုံးစံအရ ကျောင်းတကာမှုန်း (အသံထွက်အတိုင်း ကျောင်းခါမှုန်း)ဟူ၍ ခေါ်ဝေါ်ကြ၏။ ငှက်ပျောဘော ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သောကြောင့် ဤသို့ ဂုဏ်ထူးပြု ခံရခြင်း ဖြစ်၏။ ကျောင်းတိုက်၏ မြောက်ဘက်နားရှိ အဆူပေါင်း များစွာ စုပုံတည်ထားသော ဘုရားစေတီတော်များမှာလည်း ကျောင်းတကာမှုန်း၏ ကုသိုလ်ဘည်များပင် ဖြစ်သည်ဟု ဆိုကြပါသည်။

ကျောင်းတကာမှုန်း အုပ်ချုပ်သော နှစ်တွင် မည်သည့် အကြောင်းကြောင့်ဟူ၍ မသိနိုင်၊ ပင်းတယကန်ကြီးမှ ရေများ မခန်းစဖူး ခန်းခြောက်သွားခဲ့ရပါသည်။

ထို့နောက် သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်သို့ ရောက်လာသော အခါ ခွန်စွန်ညို အရွယ်ရောက်လာပြီဖြစ်၍ ငွေခွန်မှူးရာထူးကို တိုက်ရိုက် ဆက်ခံလာ၏။ ထို့နောက် ဘိုးတော် မင်းလွန်းရှ လက်ထက်က တည်ဆောက်ခဲ့သော ရွှေပုထိုးတံတားမှ ဆည်ကို ပြုပြင်ထိန်းသိမ်းပေးခဲ့ပါသည်။

ဒုတိယအကြိမ်

ဤကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် ဘဏ္ဍာငွေများကို ပေးပို့ခဲ့ရ၏။ ပင်းတယဈေးဆိုင်များ ဆောက်လုပ်ပြီး ဆိုင်ခန်းမှ ရ၍ ဈေးကောက်ငွေများ ကောက်ခံရ၏။ ဈေးဆိုင်ငှားခများ ရရှိ၏။ အခြားသော အခွန်ငွေများ၊ သားသတ်လိုင်စင်၊ အသားရောင်းချခွင့် လိုင်စင်များ ချထားရာမှလည်း ဘဏ္ဍာငွေများ ရရှိ၏။ ထိုဘဏ္ဍာငွေများမှ ရှမ်းပြည်နယ်အစိုးရ သတ်မှတ်ထားသော အခွန်ငွေများ ပေးသွင်းရ၏။ ကျန်ငွေများ အနက်မှ သင့်လျော်သော အချိုးအစားကို ခွဲဝေသတ်မှတ်ကာ ပြည်သူ့အကျိုးပြု လုပ်ငန်းများ လုပ်ကိုင်ရ၏။ မြို့တွင်းလမ်းများကို ကျောက်သဲခင်း၍ပေးရ၏။ ရေနုတ်မြောင်းများ တူးဖော်ပေးရ၏။ ရေကန်ပေါင်တွင် ပြုပြင်ပေးရ၏။ ရွှေဥမင်ဘုရားသို့ လှည်းသွား၍ ရနိုင်သည်အထိ ဖောက်လုပ်ကာ ကျောက်များ၊ သဲများ ခင်းပေးရ၏။ မြို့တွင်း လမ်းမီးနှင့် ဘုရားမီးများ သွယ်တန်းကာ အင်ဂျင်စက်ဖြင့် ထွန်းပေးရ၏။ မြို့တွင်း သန့်ရှင်းရေးလုပ်ငန်းများ လုပ်ခဲ့ရ၏။ ဤလုပ်ငန်းအဝဝကို နယ်ရှင်ဖြစ်သော ငွေခွန်မှူးက တာဝန်ခံ စီမံခန့်ခွဲရပါသည်။

( ငွေခွန်မှူး ခွန်စွန်ညို၏ ဒေသနာပြု လုပ်ငန်းများ အကြောင်းကို ရှေ့အခန်းတွင် သီးသန့်ဖော်ပြပါမည်။)

ခွန်စွန်ညို၏ မင်းကတော်ကား ကျက်သရေဆောင် ရွှေစလွယ်ရ မင်းဘွဲ့တံဆိပ်ရ လွယ်လုံမြို့စားကြီး၏ သမီးတော်အကြီး စောခင်နု ဖြစ်၏။ ခွန်စွန်ညိုသည် ၁၂၇၀ ပြည့်နှစ်မှစ၍ အုပ်ချုပ်စိုးစံလာခဲ့ရာ ၁၃၀၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့၏။ ထိုအခါ

ကျန်ရစ်သော သားတော် စောဝင်းကြည်မှာ ငယ်ရွယ်သေး သဖြင့် ပင် ကတော်စောခင်နုက ရင်ခွင်ပိုက်အဖြစ်ဖြင့် အုပ်စိုးခဲ့ ၏။ သက္ကရာဇ် ၁၉၀၂ ခုနှစ်တွင် ကလောင်နယ်ပိုင် ဝန်ထောက် မစ္စတာ ဘာဇင်က တိုက်ရိုက် အုပ်ချုပ်၏။ ၁၉၀၄ ခုနှစ်တွင် မစ္စတာ ဘာဇင်က သီကျစ်မြို့စား စောမြထွန်းအား ရင်ခွင်ပိုက် အဖြစ်ဖြင့် အုပ်ချုပ်ရန် လွှဲအပ်ပြန်ပါသည်။

## ငွေခွန်မှူးမှ ဝန်ကြီးသို့

ထို့နောက် ၁၃၀၀ ပြည့်နှစ်သို့ရောက်သောအခါ စောဝင်းကြည် အရွယ် ရောက်လာပြီ ဖြစ်၍ ဖခင်၏ရာထူးကို ဆက်ခံအုပ်စိုး၏။ ၁၉၄၇ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်....ပင်လုံ ညီလာခံကြီးကို ကျင်းပကြသော အခါ စောဝင်းကြည် သည်လည်း ကိုယ်စားလှယ် တစ်ဦး အဖြစ်ဖြင့် ပါဝင် တက်ရောက် ခဲ့၏။ ထိုနှစ်မှာပင် ရှမ်းပြည် စော်ဘွားများ ဦးဆောင်၍ ပြည်နယ် တောင်တန်းသားများ စည်းလုံး ညီညွတ်ရေးအဖွဲ့ (ရတစညဖ) အဖွဲ့ကို ဖွဲ့စည်းကြရာ စောဝင်းကြည်သည် ဗဟို အလုပ် အမှုဆောင် ကော်မတီဝင် တစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ ပါသည်။

၁၉၄၈–၄၉ ခုနှစ်တွင် တောင်ကြီးမြို့ကို ကရင်သူပုန်များ သိမ်းပိုက်ထားစဉ် စောဝင်းကြည်သည် ဟဲဟိုမြို့တွင် ရုံးစိုက်ထား ကာ ကရင် သူပုန်များကို ပြန်လည် တိုက်ခိုက်ရန် စစ်ဘက်နှင့် နယ် ဆက်သွယ်ရေး အရာရှိအဖြစ် ထမ်းဆောင်ခဲ့ပါသည်။

## ဒုတိယ အကြိမ်

စောဝင်းကြည် လက်ထက်တွင် ကန်ပေါင်ကို အခိုင်အမာ ပြုလုပ် မွမ်းမံခဲ့၏။ ကန်ပတ်လမ်း ဖောက်လုပ်ခဲ့၏။ ဖခင် ခွန်စွန်ညို ဖောက်လုပ်သွားခဲ့သော ရွှေညောင်ဘုရားလမ်းကို ကျောက်ကတ္တရာခင်းခဲ့၏။ ၁၉၅၀ ခုနှစ်တွင် စော်ဘွားများနှင့် အတူ အာဏာစွန့်ကာ၁၉၆၀ပြည့်နှစ်တွင်ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် မြေယာအသုံးချရေး ဝန်ကြီး အဖြစ် တာဝန် ထမ်းဆောင် ခဲ့၏။ ယခုအခါစောဝင်းကြည်သည် အသက် ၆၀ ရှိပြီ ဖြစ်၍ ဇနီး ဒေါ်မြသိ၊ သား သမီး ၉ ယောက်တို့နှင့် အတူ လူကြီး မိဘ များ ဆောက်လုပ် ထားခဲ့သော ဟော်ကြီးမှာပင် ကျန်းမာစွာ နေထိုင်လျက် ရှိပေသည်။

ငွေခွန်မှူးများ အာဏာစွန့်ပြီးနောက် ပင်းတယ မြို့နယ်ကို မြို့ပိုင်များ အုပ်ချုပ်ခဲ့ကြ၏။ ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေး ကောင်စီ တက်လာခဲ့ ပြီးနောက် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီက အုပ်ချုပ်ခဲ့၏။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကြီး ဖွဲ့စည်းပြီးသော အခါမှ စ၍ မြို့နယ် ပါတီယူနစ် ဦးဆောင် လမ်းညွှန်မှုကို ခံယူကာ မြို့နယ် ပြည်သူ့ကောင်စီက အုပ်ချုပ်ခဲ့ပါသည်။

# ပင်းတယမှ သာသနာ့ ဒါယကာ

## သာသနာပြုမှတ်တမ်းစာအုပ်

ပင်းတယနယ်မြေမှာ အုပ်စိုးခဲ့ကြသော ငွေခွန်မှူးနှင့် ရွာအုပ် အဆက်ဆက် တို့သည်လည်း ဗုဒ္ဓသာသနာတော်ကို ကြည်ညို လေးစားကြသူ ချည်းသာ ဖြစ်ကြပါလိမ့်မည်၊ မိမိတို့၏ စိတ် စေတနာနှင့်ပစ္စည်းဥစ္စာ ကြွယ်ဝသည့် အားလျော်စွာ သာသနာ တော်ကို ထောက်ပံ့ခဲ့ကြမည်သာ ဖြစ်၏။ ထိုအထဲတွင် ရွာ အုပ်များကား ငွေခွန်မှူးများ ပြတ်လပ်စဉ်တွင် စေတ္တ ခဏ အစားထိုးရသော သဘောဖြစ်၍ သာသနာ့ ဒါယကာ ခံယူနိုင် လောက်အောင် အချိန်အခါ ရှိကြမည် မဟုတ်ပါ။ သားစဉ် မြေးဆက် ဆက်ခံ လာခဲ့ ကြသော ငွေခွန်မှူး များက သာသနာတော်ကြီးကို ထိုက်သိုက် တန်တန် ချီးမြှောက်နိုင်ကြ ပါလိမ့်မည်။

သာသနာ့ ဒါယကာဘွဲ့ထူးခံနိုင်သည့် ငွေခွန်မှူးများအနက် ကျွန်ုပ်တို့ အထောက်အထား ပြုနိုင်သူမှာ ခွန်စွန်ညိုပင် ဖြစ် ပါ၏။ ထိုအထောက် အထားကား သာသနာ့ ဒါယကာ ငွေခွန်

တော်မှူး မင်းခွန်နှင့်ညီနှင့် ကျောက်သားရုပ်ဆင်း ငွေလှူရ ပင်းလယ်လို့ မြို့တော်ကြီး၏ သမိုင်းတော် အကြီး ဆောင်ခန်းတို့က ကုသိုလ်အဖြစ် ရိုက်နှိပ် လှူဒါန်း ထားသော စာအုပ် ဖြစ်၏။ မန္တလေး မြို့ ၈၂ လမ်း ရသာ တင်း၊ ဦးဘခြို ပုံနှိပ်တိုက်မှာ ရိုက်နှိပ်ခဲ့၏။ ရိုက်နှိပ်သော သက္ကရာဇ်ကား မပါပါ။ သာသနာ့ ဒါယကာ ငွေခွန်တော်မှူး မင်းခွန်ခွန်ညီက သက္ကရာဇ် ၁၂၈၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်နေ့ (၁၉၂၇ ခု ဇွန်လ ၁၄ ရက်နေ့)တွင် ပင်းတယ မြို့၊ ပေါက်တောကျောင်း ဆရာတော် ကြီး ဦးကေလာသရှင်အား 'ကေလာသ သိရိဇေ မေဓာ နာယတိ ရာဇဂုရု' ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့၏။ သာသနပြုရေး ကိစ္စ အဝဝ စီမံဆောင်ရွက်ခဲ့၏။ ဤ အကြောင်းရပ်များကို မှတ် တမ်းတင်ထားခြင်းဖြစ်၍ ထိုခုနှစ်၊ ထိုလအပိုင်းကပင် ရိုက်နှိပ် ထားကြောင်း မှတ်ယူနိုင်ပါသည်။

ထိုစာအုပ်၏ နောက်ဆုံးခန်း၊ စာမျက်နှာ ၁၀၉ မှစ၍ သာသနာ့ ဒါယကာကြီး၏ ကုသိုလ်ကောင်းမှုများကို စာတမ်း ရေး၍ ဖော်ပြထားပါသည်။

## ကျောက်ဆင်းတုတော်

သာသနာ့ဒါယကာ ခွန်စွန်ညီနှင့် ဇော်မင်နုတို့ ပထမဦးစွာ ပြုလုပ်ကြသော ကုသိုလ်ကား ကျောက်ဆင်းတုတော်ကြီးပြုလုပ် ကိုးကွယ်ကြခြင်း ဖြစ်ကြ၏။ နုညက်ချောမွေ့၍ အဆင်းအရောင် ဖြူဆွတ်နေသော ကျောက်သားကို တတ်ကျွမ်း လိမ္မာပြီးသော ပန်းတမော့ ဆရာများအား တာဝန် ပေးအပ်၍ ထုဆစ် စေ၏။

ဒုတိယ အကြိမ်

ပန်းတနော့ဆရာ များကလည်း ဘုရားရှင်၏ သုံးဆယ့် နှစ်ပါးသော လက္ခဏာတော်များ ပေါ်နိုင်သမျှ ပေါ်စေရန် ကြိုးစား၍ ထုဆစ်ကြရာ ကြည်ညိုဖွယ်ရာ ခန့်ညားလှစွာသော ကျောက်ဆင်းတုတော်ဆူ ပွင့်တော်မူလာ၏။ တင်ပျဉ်ခွေ ထိုင်တော်မူ ဘုရားဖြစ်၍ ဦးလည်တော် အားဖြင့် ၄ တောင်၊ ၁ မိုက်၊ ၂ သစ် ရှိပေသည်။

ကျောက်ဆင်းတု ရုပ်ပွားတော်မြတ် ကိန်းဝပ် စံပယ်တော်မူရန် ပလ္လင်နှင့် တံကဲတို့ကိုလည်း တင်ကျမ်း လိမ္မာ ပြီးသော ပညာသည်တို့အား ဘုရားဒါယကာကြီးတို့က တာဝန် ပေးအပ် ခဲ့ကြ၏။ ထို့ကြောင့် ဘုရားပလ္လင်နှင့် တံကဲတို့သည် ခြူးပန်း၊ ခြူးနွယ်၊ ပန်းဆိုင်းသွယ်၍၊ ခြယ်လှယ်ပန်းပြောက်၊ ထိန်တောက် ဝင့်ကြွားလျက် ရှိကြပါပေသည်။

## စေတီကြီးဘုရား

ယခုအခါ ပင်းတယမြို့မ ၁၂ ရပ်ကွက်ထဲတွင် အပါအဝင် ဖြစ်နေသော စေတီကုန်း ရပ်ကွက်သည် ထိုစဉ်တုန်းက ဂန်အရှေ့ တိုက်နယ်ထဲတွင် အပါအဝင်ဖြစ်၏။ ထိုဂန်၏ အရှေ့တိုက်နယ် အတွင်း၌ ဂိုဏ်းထောက် ဆရာတော် ဦးဥတ္တမ၏ ကျောင်းတိုက် ကြီး တည်ရှိ၏။ အထက်ပါစာအုပ်ထဲတွင် ဂိုဏ်းထောက် ဆရာ တော် ဦးဥတ္တမ၏ ဂုဏ်ကျေးဇူးတော်တို့ကို 'ဥတ္တမာဘိ၊ သိရိဓဇ၊ ရာဇဂုရု၊ [illegible]င်ထုတံဆိပ်၊ သွင်းနိုင်ကင်လူ၊ လှန်ကြည်မြူဖွယ်၊ အသွယ်သွယ်သော ကျက်သရေတို့ဖြင့် ခြံရံအပ်သော စသည်ဖြင့် ချီးကျူး ဂုဏ်ပြု ထားပါသည်။

ဒုတိယ အကြိမ်

ရိုက်းထောက်ဆရာတော် ဦးဉတ္တမ၏ ကျယ်ဝန်း လှပစွာသော ကျောင်းတိုက်ကြီးထဲတွင် သာသနာ့ ဒါယကာ ခုနှစ်စုနှစ်ညီနှင့် မင်းကတော် ဒေါ်ခင်နုတို့က စေတီတော်ကြီးတစ်ဆူ တည်ထား ကိုးကွယ်ခဲ့ကြ၏။ ထိုစေတီတော်ကြီး၏ ဌာပနာ တိုက်ထဲတွင် ဘုရားရှင်၏ သရီရ ဓာတ်တော်တို့ကို ဌာပနသွင်း၍ ပူဇော်ကြ၏။ စေတီတော်ကြီး၏ ထီးတော်ကို မင်းကတော် ဒေါ်ခင်နု၏ မိခင် ကျက်သရေဆောင် ရွှေစလွယ်ရမင်း လွယ်လုံ မြို့စားကြီး၏ မဟာဒေဝီ ခင်စောမေက တင်လှူပူဇော်ခဲ့၏။ စေတီ တော်ကြီး တည်ထားသော သက္ကရာဇ်မှာ ၁၂၇၁ ခု ဖြစ်၍ စေတီတော် ကြီးမှာဉာဏ်တော်အတောင်တစ်ရာမြင့်၏။ ဉာဏ်တော်အားဖြင့် မြင့်မားလှသည် နှင့်အတူ အောက်ခြေ အလုံးအဝန်း ကလည်း ထည်ဝါခန့်ညား လှသဖြင့် သပ္ပာယ်လှ၏။ အဝေးက ဖူးသည် ဖြစ်စေ၊ အနီး ကပ်၍ ဖူးသည် ဖြစ်စေ....ကြည်ညို ဖွယ်ရာ တင့်တယ်စွာ ရှိတော်မူ နေသည်သာ ဖြစ်၏။

ပင်းတယ တစ်မြို့လုံးတွင် အကြီးမားဆုံး စေတီတော်ကြီး ဖြစ်၍ နယ်သူ နယ်သားများက 'စေတီကြီးဘုရား' ဟူ၍ပင် ခေါ်ဝေါ်ကြ၏။ စေတီတော်ကြီး ထည်ထည်ဝါဝါ ရှိသည်နှင့် အမျှ တံတိုင်း မီးတားကြီး ကလည်း ခန့်ညား လှ၏။ စေတီ တော်ကြီး ပတ်ပတ်လည်တွင် စေတီကလေးများ ကလည်း အစီအရီ ရှိနေကြ၏။ အထူးသဖြင့် စေတီတော်ကြီး၏ တောင် ဘက်ဘွင်ပို့၍များပေသည်။ ပင်းတယမြို့ အပါအဝင် မြေလတ် နယ်သူနယ်သား အပေါင်းတို့၏ ကောင်းမှု ကုသိုလ် ထည်များ ဖြစ်ကြပါသည်။

## ဒုတိယအကြိမ်

စေတီကြီး ဘုရားကို အကြောင်းပြုကာ ဆရာတော်ကြီး ဦးဥတ္တမ သာသနာပြုခဲ့သော ကျောင်းတိုက်ကြီးများလည်း ရှေးနာမည် ပျောက်ကာစေတီကြီး ကျောင်းတိုက်ဟု အမည်သစ်တွင်လာ၏။ ယခုအခါ စေတီကြီး ကျောင်းတိုက်တွင် ဆရာတော်ဦးဥက္ကံသ ကြီးမှူး အုပ်ချုပ်ကာ ပရိယတ္တိ စာသင်တိုက် တစ်တိုက်အဖြစ်ဖြင့် သာသနာပြုလျက် ရှိ၏။ စာသင်သား သံဃာတော် ၄၀ကျော်မျှ ရှိပြီး ပါဠိပထမပြန် စာမေးပွဲများကို စာဖြေဌာနရှိရာ မြို့များသို့ သွား၍ ဖြေဆိုနေကြ၏။ ပင်းတယ မြို့ စာဖြေဌာနကို ၁၉၇၄-၇၅ ပညာသင်နှစ်မှစ၍ ခွင့်ပြုချက် ရရှိထားပြီး ဖြစ်ပါသည်။

## ဆင်ဖြူကျောင်းနှင့် မြို့နှံ့ဘုရား

ခွန်စွန်ညီနှင့် စောခင်နုတို့သည် ထိုကုသိုလ် ကောင်းမှု ဖြင့်ပင် မတင်းတိမ်နိုင်သေးဘဲ နောက်ထပ် တစ်ဖန်ကုသိုလ်ကံ ဆက်ကြွပြန်၏။ ယခု ပင်းတယ မြို့မ ၁၂ ရပ်ကွက်ထဲတွင် ပါဝင်နေသော ယောင်ကုန်းရပ်သည် ထိုစဉ်တုန်းက ကန်အနောက်တိုက်တွင် အစပါအဝင်ဖြစ်၏။ ထိုကန် အနောက်ဖက် တဖြည်းဖြည်း မြင့်တက်သွားသော ကုန်းမြေထက်တွင် ကျောင်းတိုက်တကြီး တစ်ခု တည်ဆောက်ကာ ဆင်ဖြူကျောင်းဟူ၍ အမည် နာမ သတ်မှတ်ကြ၏။ ကျောင်းတည် သက္ကရာဇ်အား ၁၂၇၂ ခုနှစ် ဖြစ်ပေသည်။

ထိုခုနှစ်မှာပင် ဆင်ဖြူကျောင်း၏ ဦးထိပ်၌ မြို့နှံ့စေတီတော်ကို တည်ထားကိုးကွယ်ကြ၏။ စေတီတော်နှင့် တကွ ထီးတော်ကို

သာသနာ့ ဒါယကာ ခွန်စွန်ညီကို မိသားစုကပင် ပြုလုပ်ပူဇော်ကြပါသည်။

စာအုပ်ထဲ၌ စောစောက ပူဇော်ခဲ့သော ကျောက်ဆင်းတုတော်ကို ကယ်နှုတ်သွား၍ ပူဇော်ကြောင်း ဖော်ပြ မသွားသော်လည်း သာသနာ့ ဒါယကာကြီး၏ ကောင်းမှုတစ်ခုပင်ဖြစ်သော ညီမိုးနှံ့ခံတီးတော်ရှိ ကျောင်းတော်ကြီး ဘုရားသည် ထိုရုပ်ပွားတော်ပင် ဖြစ်ဖွယ်ရာ ရှိပါသည်၊ ယခင် ဖော်ပြခဲ့သော အကိုင်း အကာ အကိုင်းသာ ရှိတော်မူပါသည်။

ထိုနောက်ဖြစ် ဆက်လက်၍ ပြုလုပ်ခဲ့သော ကုသိုလ် ကောင်းမှုတို့ကား နိုဝင်ဘာ ၄ ငါးရပ် ပိဋကတ်သုံးပုံကျမ်းစာအုပ်များ လှူဒါန်း ပူဇော်ခြင်း၊ ရဟန်းတော်ခပ်သိမ်းအတွက် ရဟန်းဒါယကာခံယူခြင်း၊ [illegible] ကိုးပါးကို ရွှေပါးပန်းထု ပြည့်စုံစွာဖြင့် သာသနာ့တော်တွင်းသို့ သွင်းသွင်း ချီးမြှင့်ခြင်း၊ မင်းကတော်ကြီး၏ဇာတိရုပ်ပွား လှည်းသုံးမို့ ဘုရားကြီး၏ မြောက်ဘက်မုခ်ကို ပြုလုပ်ခြင်းတို့ ဖြစ်ကြ၏။

ဤပွား ရဟန္တာသုံးပါးတို့နှင့် ပတ်သက်သော ဒါနကောင်းမှုများသာ ဖြစ်ပါသည်။ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် အခါအားလျော်စွာ ပံ့ပိုးခဲ့သော ကုသိုလ် ကောင်းမှုများလည်း ရှိပါသေးသည်။ နောင်အခန်းတွင် ဆက်လက်ဖော်ပြပါမည်။

# ပင်းတယသာသနာဝင်

## မင်းတုန်းခေတ်အခါ သာသနာ

ပင်းတယမြို့ တည်ထောင်ပြီးကာ သာသနာရေးနှင့် မှတ်တမ်းများကို မတွေ့ရသေးသဖြင့် ထိုအချိန်က သာသနာရေး အခြေအနေကို မဖော်ပြနိုင်ပါ။ မှတ်တမ်းမှတ်ရာ ရရှိသော အချိန်ပိုင်းမှ စတင်၍သာ ပင်းတယနယ်မြေမှ သာသနာ့အခြေအနေကို တင်ပြရပါမည်။

သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် မင်းတုန်း မင်းတရားကြီးက အရပ်ရပ်၌ သံဃာတော်များသည် သာသနာရေး၊ သာသနာမှု မြို့ရေး ရွာမှုမှစ၍ အရပ်ရပ် အကြောင်းအရာ ရှိသည်များကို မေတ္တာစာ ရေးသားပေးပို့ရမည်ဟု အမိန့် ထုတ်ပြန်ခဲ့၏။

ထို့ပြင် နေပြည်တော်မှ သုဓမ္မာ ဆရာတော်များကလည်း ပင်းတယမြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များ ထံသို့ ၁၂၃၄ ခုနှစ်၊ နတ်တော်လတွင် အမိန့်စာ ထုတ်ပြန်တော်မူကြ၏။ ထိုအမိန့်စာတွင် ရဟန်းသာမဏေတို့ တစ်သက်တစ်ကြိမ်

ဒုတိယအကြိမ်

ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ ရှေ့မှောက်၌ သတ်မှတ် ထားသော စာများ ပြန်ဆိုကြရန်နှင့် ဂိုဏ်းအုပ် ဂိုဏ်းထောက် တို့က ပြန်လည်၍ အစီရင်ခံစာ ရေးသွင်းရန် ညွှန်ကြား ထား၏။

သုဓမ္မာဆရာတော်များ၏ ညွှန်ကြားလွှာနှင့်အတူ ပင်းတယ မြို့နယ်ရှိ သံဃာတော်များ အတွက် မင်းတုန်း မင်းတရားကြီး၏ အလှူတော် ပစ္စည်းများလည်း ပါရှိလာ၏။ ထို ပစ္စည်းမှာ ပင်းတယ ဒေသသုံး တစ်ကျပ် သုံးဒင်္ဂါး ၁၁ ပြား တန်ဖိုးရှိ ဆွမ်း ဆန်တော်၊ ကွမ်းသီး ၄ အိတ်၊ ကျောက်ဖယောင်းတိုင် တစ် သေတ္တာနှင့် အလွတ် ၁၀–ထုပ်၊ ရွှေဖယောင်းတိုင်၊ ငွေ ဖယောင်းတိုင်နှင့် ဆန့်ငင်စီးတို့ ဖြစ်ကြ၏၊ ထိုအလှူတော်များကို ဝဲလှည့် ယာလှည့် အဆောင်တော် မြဲများက တာဝန်ယူ၍ သယ်ဆောင် လှူဒါန်း ကြရ၏။ တစ်ခါ တစ်ရံတွင် သင်္ကလပ် ခြုံဆောင် ၅ တောင်စ ၃ ထည်၊ ဒူးရင်းအိုး ၃ လုံး၊ ငှက်ပျောယို၊ သကြားသီး၊ မီးခြစ်ထုပ် စသည်များလည်း ထူးထူး ခြားခြား ပါဝင်လာ တတ်သေး၏။ နောက်ပိုင်းတွင် ဆွမ်းဆန်တော် အတွက် ၁၁ ကျပ်မှ ဖိုးတက်လာကာ ၆၈ ကျပ်အထိ လှူဒါန်း ပေးပို့ခဲ့ပါသည်။

သုဓမ္မာ ဆရာတော်များ၏ ဓမ္မစက်နှင့် မင်းတုန်း မင်းအရေး ကြီး၏ အာဏာစက်တို့ ပူးပေါင်း ထိန်းသိမ်း ပေးကြ သဖြင့် ထိုစဉ်က ပင်းတယ သံဃာတော်များ တစ်စည်း တစ်လုံးတည်း ရှိခဲ့ကြပေါလိမ့်မည်။ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များ၏ အနီးကပ် ကြီးကြပ်မှု အောက်ဝယ် ရဟန်း သာမဏေ အပေါင်း တို့သည် တရားတော်နှင့် အညီ သီတင်း သုံးတော် မူခဲ့ကြပါ

လိမ့်မည်။ ဖရိယတ်၊ ပဋိပတ် သာသနာတော် နှစ်ရပ်တို့ကို တတ်စွမ်းနိုင်သလောက် ကြိုးစားခဲ့ အားထုတ်တော် မူခဲ့ကြပါ လိမ့်မည်။

မင်းတုန်းမင်းတရားကြီး၏ အမိန့်အတိုင်း ပင်းတယဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်များစလည်း သူ့မှာ ဆရာတော်များနှင့်တကွ မင်းတရားကြီးအထံသို့ မေတ္တာစာများ ရေးသားဆက်သွင်းကြ၏။ ပင်းတယနယ်မြေအတွင်းမှာ ပေါ် ပေါက်လာခဲ့သော သာသနာရေး၊ သာမှု၊ နာမှုများနှင့် တကွ ရပ်ရေး ရွာရေးများကိုလည်း ထည့်သွင်း ရေးသားကြ၏။ စကားပြေ ရိုးရိုးအတိုင်းမဟုတ်ဘဲ မေတ္တာစာတို့ ထုံးစံအတိုင်း သုတိသာယာ စာရန်ကလေးများ ထင်စာ ထပ်စာ စာပေ အလင်္ကာမြောက်အောင် ကြိုးစား၍ ရေးသားကြ၏။ ထိုဆရာ တော်များကိုယ်စား ဂှက်ပျောတောရကျောင်းမှာ သီတင်းသုံး နေတော်မူသော ဂိုဏ်းထောက်ဆရာတော် ဦးအရိယာဝံသက တာဝန်ယူ၍ ရေးသားခဲ့ရပါသည်။ လက်ခံစာမူများကိုလည်း ပုရပိုက်မှာ ရေးမှတ်ထားခဲ့ပါသည်။

ထိုပုရပိုက်တွင် ပင်းတယမြို့မှ ဂိုဏ်းအုပ်ဆရာတော် အဆက် ဆက်ကိုလည်း မှတ်တမ်းတင်ထားခဲ့ရာ....

၁။ ပထမဂိုဏ်းအုပ် ဦးစန္ဒာသာရ
၂။ ဒုတိယ ဦးအာစရသေဋ္ဌ
၃။ ။ ဦးကလျာဏ
၄။ ။ ဦးပေါသန္တ
၅။ ။ ဦးသုဇာတ


ဒုတိယအကြိမ်

၆။ ဝင်းနောက် ဦးပညာလောက
၇။ ။ ဦးကဝိ
၈။ ။ ဦးစန္ဒိမာ

ဟူ၍ ရှစ်ဆက်၊ဈစ်ပါးရှိခဲ့ပေသည်။ ၁၂၃၅ ခုနှစ်၌ ဂိုဏ်းအုပ် တာဝန်ထမ်းဆောင်နေသူမှာ နောက်ဆုံးဆရာတော် ဦးစန္ဒိမာ ဖြစ်၏။ ထိုဆရာတော်လက်ထက်တွင် ဂိုဏ်းထောက်ဆရာတော် ဦးအရိယာ်စံသက မေတ္တာစာများရေးသား၍ မှတ်တမ်းတင် ထားခဲ့ခြင်း ဖြစ်၏။ ဂိုဏ်းအုပ်ဆရာတော်များ၏ ဘွဲ့အမည်ကို သာ သိရပါသေးသည်။ ထိုဆရာတော်များ၏ ကျောင်းတိုက် တာအမည်များကို ဆက်လက် စူးစမ်းရှာဖွေကြရပါဦးမည်။

သာသနာပြု သုခမ္မာဆရာတော်များသည် မင်းတုန်းမင်း တရားကြီး လက်ထက်မှာတုန်းကကဲ့သို့ပင် သားတော် သီပေါ မင်းလက်ထက်မှာလည်း ပင်းတယနယ်၏ သာသနာရေး အခြေ အနေကို မျက်ခြည်မပြတ် ကြည့်ရှုစောင့်ရှောက်၍ နေကြပါ လိမ့်မည်။

သီပေါမင်းနှင့်တကွ မြန်မာနိုင်ငံ တစ်ဝန်းလုံးကို သိမ်းယူ အုပ်စိုးသော အင်္ဂလိပ် အစိုးရကလည်း မြန်မာဘုရင်များ လက် ထက်ကအတိုင်း သာသနာပိုင်ဆရာတော် ခန့်အပ်ခဲ့ပါ၏။

## ကိုလိုနီခေတ်မှာ ပျက်ယွင်းလာ

အင်္ဂလိပ်ခေတ် သာသနာပိုင် ဆရာတော်များ၏ ဩဇာအာဏာ သည် ရှေ့ပိုင်းတုန်းက ပင်းတယနယ်မြေအထိ ဖြန့်ကြက် အုပ် စိုးကောင်း အုပ်စိုးနိုင်ပါလိမ့်မည်။ နောက်ပိုင်းတွင်ကား ပင်း

တယနယ်မြေ၏ သာသနာရေးကိစ္စများ ဆုတ်ယုတ်လာသည်ကို တွေ့လာရပါသည်။ သက္ကရာဇ် ၁၂၄၇ ခုနှစ်မှ ၁၂၈၉ ခုနှစ် အထိ နှစ်ပေါင်း ၄၀ ကျော်မျှ အာဏာစက်၊ ဓမ္မစက်များနှင့် ကင်းကွာလာခဲ့ရာဖြင့် မြို့နယ်သံဃာတော်တို့မှာ ညီညွတ်ရေး ပျက်ပြားလာရပါတော့သည်။ အချို့ပုဂ္ဂိုလ်များသည် သံဃာ အချင်းချင်း ပေါင်းသင်းဆက်ဆံမှု မပြုတော့ဘဲ စိတ်ရှိတိုင်းပြု လာကြပါတော့သည်။

## ဆရာ-ဒကာ လက်တွဲလာ

ဤအခြေအနေကို အချိန်မီတားဆီးနိုင်ရေးအတွက် ရွှေခွန်ချုံး ခွန်စွန်ညို(က ပေါက်ဘောကျောင်းဆရာတော်ကြီးနှင့် ငှက်ပျော တောကျောင်းဆရာတော်ကြီးတို့ကို ဦးထိပ်ထားကာ သာသနာ တော်သန့်ရှင်းရေး တည်တံ့ခိုင်မြဲရေးကိစ္စတို့ကို ဆောင်ရွက်ခဲ့ ပါသည်။ ထိုဆောင်ရွက်ချက်များကိုလည်း မှတ်တမ်းတင်ကာ စာအုပ်ရိုက်နှိပ်၍ လှူဒါန်းထားပါသည်။

ပထဝီအနေအထားအားဖြင့် ချောင်ကျလှသော မြို့နယ် ကလေးတစ်ခုမှ ဆရာ-ဒကာ လက်တွဲ၍ သာသနာတော်ရေးရာ ဆောင်ရွက်ချက်များသည် အတုယူလောက်၊ လေးစားလောက် အောင်ပင် စနစ်တကျရှိပါတိ၏။

ထိုစာအုပ်၏နိဒါန်းတွင် 'ဇယန္တောဗောဓိယာမူလေ' စသော ဂါထာ ပါဠိ၊ အနက် 'စီရံ တိဋ္ဌတု သဒ္ဓမ္မော' ဟူသော ပါဠိ အနက်များဖြင့် အစချီကာ သင်္ဂါယနာငါးတန် တင်ခဲ့ပုံများ၊ ထိုမှဆက်လက်၍ သာသနာ့ဒါယကာ ခွန်စွန်ညို၏ဆောင်ရွက်

ချက်များကို ရဟန်းရှင်လူ အပေါင်းတို့ လေ့လာသုံးသပ်နိုင်စေရန် မူရင်းအတိုင်း အောက်တွင် ကူးယူတင်ပြလိုက်ပါသည်။

## နိဒါန်း

....ဤကဲ့သို့ ရှေးရှေးသော မင်းကောင်းမင်းမြတ် ရဟန္တာလင်္ကာ သူတော်ကောင်းတို့၏ နည်းကို မှီးကာ မမှီ၊ မှီသကဲ့သို့ ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ ခမည်းတော် လက်ထက်မှ အစဉ်ဆင်းသက်လာသော သာသနာ့ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညိုသည် မိမိ၏ပိုင်ဆိုင်သော မြို့နယ်အတွင်း၌ သီတင်းသုံး နေထိုင်တော်မူသော ရဟန်းသံဃာတော် အပေါင်းတို့တွင် အချို့သော ရဟန်းတို့က မိမိတို့၏ ရဟန်း အချင်းချင်း ပူပေါင်းခြင်းမပြု၊ စိတ်ရှိတိုင်းပြုကြသည်။ ဥပဇ္ဈာယ်ဆရာ စသည် မမှတ်၊ ပန်ကြားခြင်းမရှိ၊ အခါမဲ့ ရွာတွင်းသို့ သွားလာနေထိုင်မှု၊ ဆေးဝါး၊ မန္တရား၊ အင်းအိုင်များ ပြုလုပ်၍ မီးထွန်းမှု၊ ဓားလှံ လက်နက်ပြီးဆေး စသော ဆေးထိုးမှု၊ ဓားလက်နက် ဆောင်ထားမှု၊ မီးနီမီးဝါ၊ ရှို့မီး၊ မီးရှူး မီးပုံ၊ ဒုံးရှို့၊ မြောက်ခွဲ မီးပွဲပြုလုပ်မှု၊ ရောင်းဝယ် ဖောက်ကား အတိုးရင်းပွားပြုလုပ်မှု၊ တိုင်းတစ်ပါး ဖြစ်သော ဓာတ်သီချင်း၊ ကခြင်း၊ ကစေခြင်း၊ သီဆိုခြင်း၊ သီဆိုစေခြင်း၊ တီးမှုတ်ခြင်း၊ တူရိယာ တန်ဆာ စသော မအပ်သော ဝတ္ထုဘဏ္ဍာတို့ကို ပြုလုပ်ဆောင်ထားမှု။

အထက်ဖော်ပြခဲ့သော ကုလဒူသက၊ အဓနေသန သင်္ကန်းပေးခြင်း၊ ပန်းပေးခြင်း အစရှိသော မကောင်းသော အလဇ္ဇီ

ဓမ္မတို့ကို ကျူးလွန် ကျင့်ကြံကုန်သော ရဟန်းဆိုး ရဟန်းယုတ်တို့၏ ကိုယ် အမူအရာ နှုတ်အမူအရာ အလေ့အလာ တို့ကို ပျောက်စေ၍ သိက္ခာကာမ ဂုဏ်တို့နှင့် ပြည့်စုံတော် မူကုန်သော လဇ္ဇီပေသလရဟန်းကောင်းရဟန်းမြတ်တို့၏အလေ့အလာဖြစ်သော သမထ တရားတို့ကို ပွားများစေလျက် သုစရိတဓမ္မ၊ ဂန္ထ ဓုရ၊ ဝိပဿနာ ဓုရ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်မြတ်တို့ကို အစဉ်သာသာရ ကြီးပွားမည်ကို လွန်စွာသော သမ္မာဆန္ဒဖြင့် သံဃာတော် အချင်းချင်း ညီညွတ်ရန် အကြောင်းနှင့် အကြီး ဥက္ကဋ္ဌ တံဆိပ် လက်မှတ် ကပ်လှူသည့် အကြောင်းကို မြို့နယ် ၄ ရပ်၊ ၈ ရပ်အတွင်း သီတင်းသုံးနေထိုင်တော်မူသော ရဟန်းသံဃာ အပေါင်းတို့တွင် ဝါတော် ၅၀၊ သက်တော် ၇၄နှစ်ရှိတော်မူ၍ မဟာထေရ်ကြီးဖြစ်တော်မူသော ပေါက်တောကျောင်းဆရာတော်ကြီးသို့ သာသနာ့ဒါယကာ ငွေခန့်တော်မှူး မင်းခွန်စွန်ညိုအား ၎င်း၏ ကိုယ်စားလျှောက်ထားခြင်း ပြုရမည်၊ အခန့်ရရှိသူ စာရေးကြီး မောင်သူတော်သည် ပေါက်တောကျောင်းသို့ သွားရောက်၍ သာသနာ့ ဒါယကာ ငွေခန့်တော်မှူး မင်းခွန်စွန်ညိုက ဆရာတော် ဘုရားကြီးကို ကူညီ၍ အခွင့်ရှိအမျှ ကူညီ၍ တံဆိပ်လက်မှတ် ကပ်လှူ လိုပါသည်။ သံဃာတော် အချင်းချင်း အညီအညွတ် ဖြစ်သည်ကို ယခုအလိုရှိပါသည်။ ထို့ဖြစ်ပါ၍ ဆရာတော် ဘုရားကြီးက သတ္တဝါအများကို သနားတော်မူသဖြင့် ဘုရားရှင် ရွှေမျက်နှာတော်ကို ထောက်ထား၍ သာသနာတော်ကို ချီးမြှောက်တော် မူပါမည့် အကြောင်း လျှောက်ထားရာ ဆရာတော်ဘုရားကြီးက ငါသည်

ဒုတိယ အကြိမ်

အသက် အရွယ် ကြီးရင့်ပြီး ငါ၏ကိုယ်စားလှယ် ငှက်ပျောတောကျောင်း ဘုန်းတော်ကြီးက သာသနာတော်ကို ချီးမြှောက်တော် မူပါလိမ့်မည်ဟု တပည့်ကြီး ဦးသုဇာတနှင့် သင်တို့ လျှောက်သည့်အတိုင်း လျှောက်ထားကြရမည်။

ဆရာတော်ဘုရားကြီး၏ အမိန့်ကို နာခံရသူ ဦးသုဇာတနှင့် မောင်သူတော်တို့က ငှက်ပျောတောကျောင်းသို့ သွားရောက်၍ သာသနဒ္ဒါယကာ ငွေခွန်တော်မှူးမင်း၏သမ္မာဆန္ဒနှင့် ပေါက်တော ဆရာတော်ဘုရားကြီး၏ အမိန့်ကို အထက်ပါ အတိုင်း သာသနာတော် မြတ်ကို အလျင်အမြန် ကြည့်ရှုတော် မူပါမည့် အကြောင်း လျှောက်ထားကြရာ မဟာထေရ် ဖြစ်တော်မူသော ငှက်ပျောတောဆရာတော်ဘုန်းတော်ကြီးက အမိန့်ရှိသည်မှာ....

ယင်းအခါ သာသနာတော် အကြောင်းနှင့် ပတ်သက်၍ အနှင့်အရေး ဆိုက်ရောက်ပြီ၊ ဆရာတော်နှင့် သာသနဒ္ဒါယကာ ငွေခွန်တော်မှူးတို့၏ အားထားချက်၊ မျှော်ချက် နှင့်ပါး ဆက်စပ်ပါက သာသနာတော် အစဉ်ထာဝရ ကြီးပွားမည် အမှန် ဖြစ်သည်။ ကြီးပွားမည်ဆိုသော် အလဇ္ဇီ သူယုတ်မာတို့ အားရှိက ကြီးပွားမည်မဟုတ်။ လဇ္ဇီသူတော်ကောင်းတို့ အားရှိမှသာလျှင် ကြီးပွားခြင်း ဖြစ်မည်။

သာသနာတော်ကို အလဇ္ဇီ ဒုဿီလတို့ သုတ်သင်နိုင်မည် မဟုတ်။ လဇ္ဇီသူတော်ကောင်းတို့သည်သာလျှင် သုတ်သင်နိုင်သည်။

သာသနာတော်ကို လဇ္ဇီသူတော်ကောင်းတို့ ကွယ်စေမည် မဟုတ်။ အလဇ္ဇီ သူယုတ်မာတို့သာလျှင် ကွယ်စေနိုင်သည်။

ဒုတိယအကြိမ်

သာသနာတော်ကို အလဇ္ဇီသူယုတ်မာတို့ စောင့်ရှောက်မည် မဟုတ်။ လဇ္ဇီသူတော်ကောင်းတို့ သာလျှင် စောင့်ရှောက် လတ္တံ့ဖြစ်သည်။

ဥပမာဆိုသော် မှယောတု မြက်ပင်နှင့် တူသော အလဇ္ဇီ သူယုတ်မာကို နှုတ်ပစ်က မှယောစပါးနှင့် တူလေသော လဇ္ဇီ သူတော်ကောင်းကို ရရာသည်။

အဆန်မရှိသော မှယောစပါးကို ဗန်း၊ ဆန်ကောဖြင့် ပယ် ထုတ်သကဲ့သို့ အလဇ္ဇီ သူယုတ်မာကို ဖယ်ထုတ်က မှယောဆန် နှင့် တူသော လဇ္ဇီသူတော်ကောင်းကို ရရာသည်။

ရေတွင်း၏ အနီး တစ်ခုသော ရေတံလျှောက်၏ အတွင်း၌ အညစ်အကြေးနှင့် တူသော အလဇ္ဇီ သူယုတ်မာကို ပယ်ထုတ် ပါက ရေကောင်းရေသန့်နှင့်တူသော လဇ္ဇီသူတော်ကောင်းတို့ ရရာသည်။

ဤကဲ့သို့ ရေကောင်း၊ ဆန်ကောင်းကို ရရှိကြ၍ စားသောက် မှီဝဲကြခြင်းပြုပါက ဘေးအန္တရာယ်မရှိ၊ ချမ်းသာသော အကျိုးကို ခံစားရသကဲ့သို့ ရေကောင်း၊ ဆန်ကောင်းနှင့် တူသော လဇ္ဇီပေ ဝလ ဟောန်းကောင်း ဟောန်းပြင်တို့ကို ဝတ်အားသမျှ သစ်သီး တင်လုံးနှံ့တင်နှင့်လူဒါန်းပူဇော်သော ပူဇော်သော အကျိုး၊ လဇ္ဇီ ပေသလ ဂလူ ပုဂ္ဂိုလ်တို့ ဟောပြသော ပရိယတ္တိ နှင့်တကွ ကိုးပါးသော လောကုတ္တရာ တရား၊ ဆယ်ပါးသော မဂ်ကိုကြားနာရသော အကျိုး၊ မှတ်သား ကျင့်ဆောင်ရသော အကျိုးကြောင့် လူ နတ် နိဗ္ဗာန် သုံးတန်သော အကျိုးကို ရရ မည် ဖြစ်သည်။

ဒုတိယ အကြိမ်

သာသနာတော်မြတ်ကို အလျှင် အမြန် ချီးမြှောက်တော်မူပါမည့်အကြောင်း လျှောက်ထားသော စကားအရ သော အဥ္စ ခံသိမ်းသော သူအပေါင်းတို့သည် ကောင်းကင်၌ ထင်ရှားစွာ လင်းသော လ၊ နေကို ကြည့်ရှုရသကဲ့သို့ သာသနာ့ ဒါယကာ ငွေခွန်တော်မှူး မင်း၏ သာသနာတော်ကို ပြုစုမှု အခရေးနှင့် ဘုရားရှင် ရွှေမျက်နှာတော်ကို ကြည့်ရှုတော်မူမည်ဟု သမ္မာဆန္ဒ ထားရှိတော် မူခဲ့သည့် အတိုင်း တိုင်းကျိုး ပြည်ကျိုး သာသနာ တော်ကြီး၏ အကျိုး အာဒိသာဝရ ကြီးပွား၍ ဥဒါန်းစကား ဖြစ်စေခြင်းငှာ မြို့နယ် ၄ ရပ်၊ ၈ ရပ်အတွင်း သီတင်းသုံး နေထိုင်တော်မူသော ရဟန်း သံဃာတော်တို့ကို ဘွဲ့အမည်နှင့်တကွ ဖော်သို့ ပင့်ဆောင်ကြလျက် သာသနာ တော်၏ စည်ကား တိုးပွား အကျိုးများရန် သာသနာ့ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညို့သို့ ပေါက်ခေါ်ကျောင်း ဆရာတော်ဘုရားကြီးက ကြားသိစေရကြောင်း။

## နယ်တွင်းရှိကျောင်းများသို့ ပင့်လျှောက်စာ

ပင်းတယမြို့

ဘုရား တပည့်တော် သာသနာ့ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညို က ပင်းတယမြို့ ........................ ကျောင်း ဆရာတော်ဘုရားထံသို့ ရိုသေသေလေးမြတ်စွာ ရှိခိုး ပင့်လျှောက် ပါသည်၊ အရိယာအနွယ်တော် အရှင်မြတ်တို့ ဘုရား။

၁၂၈၉ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့စွဲ။

အကြောင်းမှာ ဘုရားတပည့်တော်သည် ပင်းတယနယ်မြေ အတွင်းရှိ သံဃာတော်၊ ဆရာတော်များ ညီညွတ်စွာ ညီညွတ်တော်မူကြသောကြောင်းကို အကြောင်းပြု၍ လူ့ နတ်၊ နိဗ္ဗာန် သုံးတန်သောအကျိုးငှာ ဆွမ်းတော်ဇဉ်ကပ်လှူလိုပါသဖြင့် ၁၂၈၉ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့ နံနက် ဆွမ်းနှင့် နေ့ဆွမ်း အမှီ ဆရာတော်ဘုရား၏ ကျောင်းတွင်းရှိသော်လည်း၊ အာဂန္တုပုဂ္ဂိုလ်ကို ချန်လှပ်၍ ကျောင်းဆရာတော်ဘုရားနှင့် ခန်းနေ ဦးပဉ္စင်း တို့ပါ ဘုရားတပည့်တော်၏ ဂေဟာသို့ ဆွမ်းအလှူ ကြွချီတော်မူပါရန်အကြောင်း ရိုသေသေလေးမြတ်စွာ ရှိခိုးပင့်လျှောက် ပါသည် အရှင်သူမြတ်တို့ဘုရား။

ဆရာတော်ဘုရားနှင့်အတူ ခန်းနေဦးပဉ္စင်းတို့ပါ ဖျက်ကွက် ခြင်းမရှိ ကြွချီတော်မူပါရန်အကြောင်း လျှောက်ထား ပါသည်ဘုရား။

ခွန်စွန်ညို
သာသနာ့ဒါယကာ ငွေခွန်တော်မှူးမင်း

ဒုတိယ အကြိမ်

## ပင်းတယမြို့၊ ပေါက်တောကျောင်း
## ကေလာသာရ သိရီဓဇ ဓမ္မသေနာပတိရာဇဂုရုဘွဲ့တံဆိပ်တော်ရ
## ဆရာတော်ဘုရားကြီးသို့
## သာသနာ့ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညိုက
## ကပ်လှူသည့် အမိန့်တော်စာ နံပါတ် ၁၉

၁၂၇၉ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့။
၁၉၁၇ ခု၊ ဇွန်လ ၄ ရက်နေ့။

ဘုရားတပည့်တော် သာသနာ့ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညိုက ရိုသေလေးမြတ်စွာ ရှိခိုးလျှောက်ထားပါသည်ဘုရား။

မြန်မာနိုင်ငံတော် အထက်ပိုင်း ရဟန်း သံဃာတော်တို့နှင့် ဆိုင်သည့် မှုခင်းကိစ္စများကို သံဃိကသာရ၊ သံဃာသာမိ၊ သံဃနာထဖြစ်တော်မူသော သာသနာပိုင် ဆရာတော်ဘုရားကြီးက ရွေးပဝေသဏီထုံးစံနှင့်အညီ စီရင်စောင့်ရှောက်မြဲ ဖြစ်သည်နှင့် လျော်ညီစွာ မြန်မာဘုရင်မင်းမြတ်ရှိစဉ်က တောင်တော်ဆရာတော်ကြီးကို သာသနာပိုင်ခန့်အပ်တော်မူသကဲ့သို့ မြန်မာနိုင်ငံတော်ကို အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းမြတ် (ဆာဟာယူးဘန်း)က တောင်ခွင်ဆရာတော်ကို နိုင်ငံတော် အထက်ပိုင်းအတွင်း သာသနာပိုင် ဆရာတော်အဖြစ်ဖြင့် အသိအမှတ်ပြုတော်မူခြင်းကို အကိုးအကားပြုလျက် ၁၂၇၉ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့တွင် ပင်းတယနယ်ဆိုင်ရာ သာသနာ့ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညိုက ပင်းတယမြို့၊ ပေါက်တောကျောင်း၊ ကေလာသာရ သိရီဓဇ ဓမ္မသေနာပတိ ရာဇဂုရု

ဆရာတော်ဘုရားကြီးသို့ ဂဏ စရိယ၊ ဂဏ ပါမောက္ခ သံဃာတို့အချုပ် ဂိုဏ်းအုပ် ချီးမြှင့် လှူဒါန်းခြင်း ပြုပါကြောင်း။

ဤကဲ့သို့ လှူဒါန်းခြင်းကို နယ်တွင်းရှိ သံဃာတော် ဆရာတော်တို့က သိရှိကြ၍ သာသနာတော်မှူ ဝန်များကို ဝိနည်းမမှုကံကြောင်းအရဖြစ်စေ၊ အခြားနည်းအရ ဖြစ်စေ စီရင်ဆောင်ရွက်တော်မူရာတွင် တရားမ၊ ရာဇဝတ်ဥပဒေနှင့် ဖီလာပြုခွင့်အာဏာကို လှူဒါန်းအပ်နှင်းသည် မဟုတ်ပါ။

ပင်းတယနယ်အတွင်းရှိ သာသနာတော်ထမ်း ရဟန်း သံဃာတော်တို့ကို ကြီးကြပ်စောင့်ရှောက် စီရင်အုပ်ချုပ်ခြင်း၊ ဝိနည်းဒေသနာတော်များနှင့် မညီညွတ်သည့် အရာများကို ညီညွတ်အောင် ပြည့်ဆုံးဖြတ်ခြင်းနှင့်ပေပ်သည့် အမှုအခင်းကိစ္စများတွင် ဣဿရိယပိုင် ပုဂ္ဂိုလ်ဖြစ်တော်မူကြောင်း သာသနာ့ ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညိုက အသိအမှတ်ပြုလျက် ယုံကြည်အားထားပါ၍ သံဃာတော်တို့ရှေ့တော်တွင် ကပ်လှူပါကြောင်း

တောလာသား ရ သိရီဇေ မမ္မသေနာတိ ရဇဂုရု ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးက စီရင်ဆောင်ရွက်ပိုင်သည့် သံဃာ့မှုခင်းကိစ္စနှင့် ပေပ်၍ ထုတ်ပြန်သည့်အမိန့်တော်များကို ဒကာတော်၏ ရှုံးဆိုင်ရာ စီရင်စုနယ်အတွင်း အတည်ပြုလုပ်မည် ဖြစ်ပါကြောင်း။

ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးသည် မြို့နယ် သံဃာ ငြိမ်းချမ်းစေခြင်း၊ ပညာ ဗဟုသုတနှင့် ပရိယတ္တိ သာသနာတော်ကို တိုးပွားစေခြင်းငှာ အထူး အားထုတ် ဆောင်ရွက်တော်မူခြင်းကိုလည်း သာသနာ့ဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညိုက ယုံကြည်အားထားလျက် ရှိပါကြောင်း။

ဒုတိယအကြိမ်

ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးတို့ စီရင်ပိုင်သည့် မှုခင်းကိစ္စများကို စီရင်ဆောင်ရွက်တော်မူရာ၌ အထိမ်းအမှတ် ပြုတော်မူရန် မဟာလာ ဿဝ သိရီဓိ ဓမ္မသေနာပတိ ရာဇဂုရု ဟူသော တံဆိပ်တော်ကိုလည်း ကပ်လှူပါကြောင်း။

ဂိုဏ်းဆောက်ဆရာတော်များ တံဆိပ်တော်ကိုလည်း ဂိုဏ်းအုပ် ဆရာတော်ကြီးက ရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်ကို လှူဒါန်းမည်ဟု မျှော်လင့်လျက် ရှိပါကြောင်း။

ယခုကပ်လှူသည့် စည်းကမ်းချက်အတိုင်း မလိုက်နာနိုင်၍ ပျက်ကွက်ပါမူ လှူဒါန်းသည့်အခွန့်တော်စာနှင့် တံဆိပ်တော်ကိုလည်း နိုင်ငံတော်ဆိုင်ရာ အရှင် အစိုးရ မင်းတို့ ဥပဒေ စည်းကမ်း အချုပ်ချုပ်ဘို့ကို အဆောက်အသား အကိုးအကားပြု၍ ပယ်ဖျက် နှုတ်သိမ်းလိမ့်မည် ဖြစ်ကြောင်း။

ဤကဲ့သို့သော ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကို ချီးမြှင့် ထောက်ပံ့ရသော အကျိုးကြောင့်....

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။
တဏှက္ခယံ ဝဟံ ဟောတု။
နိဗ္ဗာန ပစ္စယော ဟောတု။

ငွေခွန်တော်မှူးမင်း

ဒုတိယ အကြိမ်

## ပဝ်းတယမြို့
## ကေလာသာရ သိရီဓဇ ဓမ္မသေနာပတိ ရာဇဂုရု
## တံဆိပ် နာမံတော် ရှိသော
## ပေါက်တော ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးထံ
## ဇာဂရာဘိ သိရီဓဇ သဒ္ဓမ္မဝံသ ရာဇဂုရု
## တံဆိပ်နာမံတော်ရ
## ဆရာတော်သို့ လွှဲအပ်တော်မူသော အမိန့်တော်စာ

၁၂၇၉ ခု၊ နယုန်လဆန်း ၁၅ ရက်၊
၁၉၁၇ ခု၊ ဇွန်လ ၁၄ ရက်။

ပေါက်တောကျောင်း ဆရာတော်သည် မြန်မာနိုင်ငံတော်ဆိုင်ရာ ပညာမင်းကြီး (ကာပင်တန်) သခင်ကြီး ရုံးတော်မှ ၁၉၁၁ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့စွဲနှင့် စာနံပါတ် ၈၇၅၉ အရ အိန္ဒိယပြည်၊ နယူးဒေလီမြို့တွင် ရာဇာဘိသေက ဂေါ်လာဒါဘာမင်းပွဲသဘင် ဆင်ယင်ကျင်းပတော်မူသည်ကို အကြောင်းပြုလျက် ရှမ်းပြည်၊ ဒက္ခိဏဆိုင်ရာ ပေါက်တော ဘုန်းတော်ကြီး ဇာဂရာဘိ သိရီဓဇ သဒ္ဓမ္မဝံသ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသည် ဘိက္ခုစာရမ ဂုဏ်နှင့် အထူးပြည့်စုံသည့်ပြင် သာသနာရေး သာသနာမှု၊ ဆက်ဆံပေါင်းသင်းမှု အရပ်ရပ်တွင် ပဝ်းတယမြို့ရှိ မြို့သူ ဆင်းရဲသားအပေါင်းတို့ အားကိုး အားထားဖြစ်သော ပုဂ္ဂိုလ်ဖြစ်သည်ကို မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းမြတ် အားရ နှစ်သက်

ဒုတိယ အကြိမ်

တော်မူ၍ ၄က်ပျော့တော ကျောင်းဆရာတော်သို့ ၁၉၁၁ ခု၊ ဒီဇင်ဘာလ ၁၂ ရက်နေ့က ပိုးသက်နိုး တစ်စုံနှင့် လက်မှတ် တစ်စောင် ပေးအပ် လှူဒါန်းတော်မူကြောင်းကို ဝမ်းမြောက် သဖြင့် ယခုအခါတွင် ပေါက်တောကျောင်း ဂိုဏ်းအုပ် ဆရာ တော်ဘုရားကြီးသည် အသက်အရွယ် အိုမင်းမစွမ်း ရှိနေသည် ဖြစ်၍ မိမိကိုယ်တော်စား သံဃာတော်တို့၏အချုပ် ဂိုဏ်းအုပ် ဆရာတော် ဝတ္တရားကို ဇာဂရာဘိ သိရိဓဇ သဒ္ဓမ္မဝံသရာဇဂုရု ၄က်ပျော့တော ဆရာတော်သို့ လွှဲအပ် ခန့်ထားလိုက်ကြောင်း။

ကောလာသာရ သိရိဓဇ ဓမ္မသေနာပတိ ရာဇဂုရု
ပေါက်တောကျောင်း ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး

## ပင်းတယမြို့

ဇာဂရာဘိ သိရီဓဇ သဒ္ဓမ္မဝံသ ရာဇဂုရု တံဆိပ် နာမံတော်ရ
ငှက်ပျောတောကျောင်းဆရာတော်က
ကေလာသာဘိ သိရီဓဇ ဓမ္မသေနာပတိ ရာဇဂုရု
တံဆိပ် နာမံတော် ရှိသော
ပေါက်တောဂိုဏ်းအုပ် ဆရာတော် ဘုရားကြီး၏ တာဝန်ကို
ရွက်ဆောင်တော် မူပါမည့် အကြောင်းကို
ဝန်ခံစာ

၁၂၈၉ ခု၊ နယုန်လဆန်း ၁၂ ရက်။
၁၉၂၇ ခု၊ ဇွန်လ ၁၄ ရက်။

ကေလာသာဘိ သိရီဓဇ ဓမ္မသေနာပတိ ရာဇဂုရု တံဆိပ် နာမံတော်ရှိသော ပေါက်တော ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး၏ လွန်အပ်တော်မူသော အမိန့်တော်ကို ဇာဂရာဘိ သိရီဓဇ သဒ္ဓမ္မဝံသ ရာဇဂုရု ဟူသော တံဆိပ်နာမံတော်ကို ခံရသော ငှက်ပျောတောကျောင်း ဆရာတော်က ဂိုဏ်းအုပ်ဆရာတော် ဘုရားကြီး၏ ဆောင်ရွက်ရန် တာဝန်ကို ကူညီဆောင်ရွက်ရန် သဘောတူပါသဖြင့် ဆောင်ရွက်ပါမည်ဟု ဝန်ခံလျှောက်ထားပါကြောင်း။

ဇာဂရာဘိ သိရီဓဇ သဒ္ဓမ္မဝံသ ရာဇဂုရုဘွဲ့ခံ
ငှက်ပျောတောကျောင်းဆရာတော်

## ဓမ္မစက်နှင့် အာဏာစက်

အထက်ပါ စာများအရ ပင်းတယ နယ်မြေတွင် ဆရာ-ဒကာ လက်တွဲ၍ သာသနာပြုခဲ့ကြပုံကို ထင်ထင်ရှားရှား သိနိုင်ကြ

ပါသည်။ အင်္ဂလိပ်လက်အောက် ကျရောက်နေပြီဖြစ်၍ အုပ်စိုးသူတို့၏ ဝရားဥပဒေနှင့် ဆန့်ကျင်ဘက် မဖြစ်စေရန် အထူးသတိထား၍ တားဆီးတာကွယ်ထားသည်ကိုလည်း လေ့လာနိုင်ပါသည်။ ပေါက်တော ဆရာတော်ကြီးက လွှဲအပ်တော်မူခဲ့သည့်အတိုင်း ၁၂၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်နေ့တွင် ငွေခွန်တော်မှူးက ငှက်ပျောတော ဆရာတော်အား ဇာဂရာဘိ သံရိဇေ သဒ္ဓမ္မ စံသ ရာဇဂုရု တံဆိပ်နာမံတော်ကို ဆက်ကပ်တာ ဂိုဏ်းအုပ် ဆရာတော်၏ အခွင့် အာဏာကို အပ်နှင်းခဲ့ပါသည်။ အပ်နှင်းသည့်စာ သီးခြားရှိသော်လည်း ပေါက်တော ဆရာတော်ကြီးအား ကပ်လှူခဲ့သည့် စာနှင့် မတိမ်းမယိမ်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ထိုစာများကို ကူးယူဖော်ပြခြင်း မပြုတော့ပါ။ ထို့နောက် ဂိုဏ်းထောက်ဆရာတော်များအတွက်လည်း ထောက်၍ ထားပါသေးသည်။

ငွေခွန်မှူး ခွန်စွန့်ညိုသည် ဆရာတော်ကြီးတို့အား ဝိနည်း မှေက်နှင့်အညီ စီရင်ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာကိုလှူဒါန်းပြီးလျှင် မိမိနယ်မြေအတွင်းရှိ လူအပေါင်းတို့ အားလည်း အလဇ္ဇီပုဂ္ဂိုလ်များကို ချီးမြှောက်ခြင်းမပြုရန် အမိန့်စာထုတ်ပြန်ခဲ့၏။ သာသနာပြု ဆရာတော်များ၏ ဝိနည်း မှေက်နှင့်အညီ စီရင်ဆုံးဖြတ်သော အမှုကိစ္စများအတွက် အာဏာစက်ဖြင့် ပံ့ပိုးဖွယ် ကိစ္စရပ်အသီးသီးကိုလည်း ဆရာတော်ကြီးများ၏ အမိန့်တော်ကို နာခံ၍ ဆောင်ရွက်ပေးခဲ့ပါသည်။

ဤသို့ ဆရာ–ဒကာ လက်တွဲ၍ သာသနာပြုခဲ့သည့် အတွက် ပင်းတယမြို့နယ်ရှိ သံဃာတော်များမှာ ကံကြီး ကံငယ် အသွယ်

သွယ်ကို ညီညီ ညွတ်ညွတ် ပြုနိုင်ကြပါတော့သည်။ ယခင်က သာသနာ အရိပ်မှာ နှိုလှုံကာ သာသနာတော်ကို ဖျက်ဆီးနေကြသော အလဇ္ဇီပုဂ္ဂိုလ် တို့ကိုလည်း မြို့နယ်အတွင်းမှ နှင်ထုတ်နိုင်ကြပါတော့သည်။

## သာသနာရောင်ဝါ ထွန်းသောနယ်

ထို့ကြောင့် ယခုအခါ ပင်းတယ မြို့ပေါ်နှင့် တကွ ကျေးရွာကြီးငယ်တို့တွင် သာသနာတော်ထမ်း ရဟန်း သံဃာတော်များ တိုးပွားလာခြင်း ဖြစ်ပါသည်။ ပင်းတယမြို့နယ် တစ်ခုလုံးတွင် ကျောင်းပေါင်း ၁၀၀ တိတိ ရှိလေရာ ထိုအထဲတွင် ရွှေကျင်ဂိုဏ်းမှ တစ်ကျောင်း ပါဝင်ပါသည်။

### မြို့နယ် အတွင်းရှိ သာသနာ့ ဝန်ထမ်း ပုဂ္ဂိုလ်များ

| စဉ် | ဂိုဏ်းအမည် | သံဃာ | သာမဏေ | သီလရှင် |
|---|---|---|---|---|
| ၁။ | သုဓမ္မာ | ၂၄၈ | ၅၆၁ | ၂၃ |
| ၂။ | ရွှေကျင် | ၃ | ၇ | |
| | ပေါင်း | ၂၅၁ | ၅၆၈ | ၂၃ |

ရဟန်း သာမဏေ နှစ်ရပ်လုံး ပေါင်းလိုက်လျှင် ပင်းတယမြို့နယ် တစ်ခုလုံးတွင် သံဃာ ၈၁၂ ပါး ရှိတော်မူကြပါလိမ့်မည်။ ပင်းတယ မြို့ပေါ်ရှိ ကျောင်းတိုက်များတွင် ဇေတဝနာရုံကျောင်းနှင့် စေတီကြီး ကျောင်းတို့မှာ သံဃာအများဆုံး ဖြစ်ကြ၏။ ဇေတဝနာရုံမှာ သံဃာ ၄၀ ပါးခန့်ရှိ၍ စေတီကြီးကျောင်းတွင် ၄၇ ပါးခန့် ရှိနေပေသည်။

ဤနေရာတွင် စကား အလျဉ်းသင့်လာသဖြင့် ပင်းတယမြို့နယ်၏ ထူးခြားချက် တစ်ခုကို တင်ပြရပါဦးမည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပင်းတယမြို့နယ်ထဲတွင် ကျောင်းပေါင်း တစ်ရာရှိနေ၏။ တန်ခိုးကြီးဘုရားများလည်း အသီးသီးရှိကြ၏။ သို့ရာတွင် ဗုဒ္ဓဘာသာမှ တစ်ပါး အခြား ဘာသာဝင်တို့၏ ဘာသာရေး အဆောက်အအုံတို့မှုကား တစ်ခုတလေမျှ မရှိပါ။ မြို့ပေါ်မှာသော မြို့နယ် အတွင်းမှာပါ မရှိပါ။ ရှားရှားပါးပါး ထူးခြားသော နယ်မြေတစ်ခုပင် ဖြစ်ပါပေသည်။

တစ်မြို့နယ်လုံးရှိ စာသင်သား ရဟန်း, သာမဏေ များ၏ ပရိယတ် စာပေသင်ကြားတတ်မြောက်မှုသို့ အထောက်အပံ့ ဖြစ်စေခြင်း အကျိုးငှာ သာသနဟိတ ပရိယတ္တိ စာပြန်ပွဲသဘင်ကြီးကို ပင်းတယမြို့ ကန်ထောင့်ကျောင်းတွင် နှစ်စဉ်နှစ်တိုင်း ကဆုန်လဆန်း ၁၁၊ ၁၂၊ ၁၃ နှင့် ၁၄ ရက်ထိ ကျင်းပခဲ့၏။ ပထမတန်းမှ အဋ္ဌမတန်းအထိ ကျမ်းစာများ သတ်မှတ်သော မေးခွန်း ထုတ်တော်မူကြ၏။ အာဂုံပြန်ဆိုပွဲနှင့်ပါဠိ သဒ္ဒါ အဓိပ္ပာယ် ရေးဖြေပွဲလည်း ပါဝင်၏။ အောင်မြင်တော်မူကြသော ရဟန်း သာမဏေတို့ကို မြို့နယ်အတွင်းရှိ ဒါယကာ, ဒါယိကာမ တို့က လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြပါသည်။

ဤသို့ဖြင့် ဆရာစဉ်ဆက် မပျက်မကွက် သာသနာပြုလာခဲ့ကြ၍ ၁၃၄၂ ခုနှစ်သို့ ရောက်လာသောအခါ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ဖြစ်ပေါ်လာ၏။ ထို အစည်းအဝေး

ကြီး၊ သို့ ပင်းတယမြို့ ဆင်ဖြူကျောင်းဆရာတော် ဦးသောဘိတနှင့် ပွေးလှမြို့ မီးလောင်ကျောင်း ဆရာတော် ဦးကေလာသတို့သည် တစ်မြို့လုံး တစ်နယ်လုံးရှိ သံဃာတော်တို့ ကိုယ်စား သမ္မုတိရ ပုဂ္ဂိုလ်များအဖြစ်ဖြင့် တက်ရောက်တော်မူခဲ့ကြ၏။ ထို အစည်းအဝေးကြီးမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ အတိုင်း သံဃာ့ဝန်ဆောင် သံဃာ့နာယကအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းတော်မူခဲ့ကြ၏။ ပင်းတယမြို့နယ် သံဃနာယကအဖွဲ့၏ ဥက္ကဋ္ဌမှာ ဆင်ဖြူကျောင်းဆရာတော် ဦးသောဘိတဖြစ်၍ အကျိုးတော်ဆောင် ဆရာတော်မှာ ရွာငယ်ကျောင်းသစ် ဆရာတော် ဦးစန္ဒာဘာသ ဖြစ်ပါသည်။

ပင်းတယမြို့နယ် အတွင်းရှိ သံဃာတော်တို့က သဘောတူ တင်မြှောက်ထားသော သံဃဝိနိစ္ဆယအဖွဲ့ဝင် ဝိနည်းဓိုရ် ဆရာတော်များလည်း ရှိတော်မူကြ၏။ သို့ရာတွင် အေးချမ်း တည်ငြိမ်လှသော ပင်းတယ မြို့နယ်တွင် အငြင်းပွားမှု၊ စွပ်စွဲမှု စသည်များ မပေါ်ပေါက်ခဲ့သဖြင့် သံဃ ဝိနိစ္ဆယ ခုံရုံးကို တစ်ကြိမ်တစ်ခါမျှ မဖွင့်ရသေးဟု သိရပါသည်။

ဤသို့ဖြင့် ပင်းတယမြို့မ မြို့နယ် သံဃာတော်များသည် စိတ်နှလုံး အေးချမ်းလှစွာဖြင့် သာသနာတော်ကြီး၏ အကျိုးကို သယ်ပိုး ဆောင်ရွက်၍ နေတော်မူကြပါသည်။

# လူမှုရေးရာ ထုံးစဉ်လာ

## တာထက်ပွဲ

ပင်းတယမြို့နယ် အတွင်းရှိ ဘိုးစဉ် ဘောင်ဆက် နေထိုင်ခဲ့ကြသော တိုင်းရင်းသား လူမျိုးများသည် ဗုဒ္ဓသာသနာတော်၏ အရိပ်အာဝါသ အောက်မှာ ခိုလှုံလာခဲ့သူများဖြစ်ကြ၍ သူတို့၏ လူမှုရေး ဓလေ့ ထုံးတမ်းစဉ်လာ တို့မှာလည်း ဗုဒ္ဓသာသနာတော်၏ အဆုံးအမကို ဦးထိပ်ထားလျက်သာ ရှိကြပါသည်။ တစ်ဦးအပေါ်၌ တစ်ဦးက ထားရှိအပ်သော ဗြဟ္မစိုရ်တရားများ မပျက်ပြားစေဘဲ ရိုးရာအလျောက် ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ် ဖြစ်အောင်လည်း စွမ်းဆောင် နိုင်ကြပါပေသည်။

ထိုကဲ့သို့သော ရိုးရာပွဲတော်များအနက် တာတက်ပွဲကား တောင်ရိုးလူမျိုးတို့၏ ရိုးရာပွဲတော်ဖြစ်၏။ လူကြီး သူမများ အဖို့ သာသနာရေး ဘာသာရေး သက်သက် ဖြစ်သော်လည်း လူငယ်လူရွယ် များကား ဘာသာရေး နောက်တွင် လူမှုရေး ကိစ္စများပါ သယ်ဆောင်လာကြပါသည်။

ဒုတိယ အကြိမ်

ဘောင်ရှိ လူမျိုးတို့သည် တာဘက်ပွဲဘော်ကို နှစ်စဉ်နှစ်တိုင်း သင်္ကြန် အကြတ်နေ့မှ စ၍ ကျင်းပခဲ့ကြ၏။ ရှေးစဉ် အလိုက် ဆက်ကာ ဆက်ကာ ကျင်းပလာခဲ့ကြသော ကဆုန်လပြည့်နေ့ အထိ ဆိုက်ရောက်လာ၏၊ မိမိတို့ရွာအတွက် ပွဲဘော် ကျင်းပမည့်ရက် တွင် ရွာသူရွာသားများသည် သံဃာတော်များအား ဆွမ်းခံဖွယ် ဆက်ကပ် လှူဒါန်းကြ၏၊ ထို့နောက် ဘုရား ရှေ့ကုန်းမှ စ၍ ရဟန်းများအတွက် လှူဖွယ်ပစ္စည်းများကို ပဒေသာပင်များမှာ သီးစေကြ၏။ ကြည်ညိုဖွယ်ရာ ဝေဝေဆာဆာဖြစ်အောင် မွမ်းမံ ကြ၏၊ မိမိတို့ခြံကထွက်သော အသီးအနှံများကိုလည်း ပဒေသာ ပင်မှာ ချိတ်ဆွဲကြ၏။ တောင်စောင်း တောင်ခါးပန်း များပါ မကျန် ရနိုင်သမျှ မြေကွက်များ၌ ကြိုးကြိုးပမ်းပမ်း စိုက်ပျိုးလာ ခဲ့ရသော အသီးအနှံများဖြစ်၍ အမြတ်တနိုး လှူဒါန်းကြခြင်း ဖြစ်ပါသည်။

ပဒေသာပင် များကို စိတ်ကြိုက် မွမ်းမံ ပြီးသောအခါ ဆဉ်တော်ချူးသိ ဆက်ကပ် လှူဒါန်း၍ ရေစက်သွန်းချ အမျှ အတန်း ပေးဝေ ကြ၏၊ ထို့နောက်တွင်တော့ ဘောင်ရှိး အမျိုးသားတို့၏ ရှေးရိုးစဉ်လာ ပျော်ပွဲရှင်ပွဲကြီး စတင် ပါ တော့သည်။

## ပျော်ပွဲ ရှင်ပွဲ ခြိမ့်ခြိမ့်သဲ

ထိုပွဲတော်နေ့ ရောက်လာပြီဆိုလျှင် ကျေးရွာရှိ ပုဂ္ဂိုလ် လူငယ် အားလုံးလိုလိုသည် အဝတ်သစ် အထည်သစ်များဖြင့် အလှဆင် ဖြစ်နေကြလေပြီ၊ ဗုံကြီး ချိုး ကိုနှင့်ဗေါင်း များ ဗွာ နှဲ ပါကြ

ပြီးသော အဘိုးအို၊ အဘွားအို များပင် ဤပွဲမျိုးကို ရှိုးမသွား ကြသေးပေ။ လူငယ် လူရွယ်များ၏ အိုးစည်သံ မောင်းသံတို့ကို ကြားရလျှင်ပင် အိုရာမှ ပျိုလာသကဲ့သို့ အားသစ် ခွန်သစ်များ တိုးပွားလာကြ၏။ လုလင်ငယ်၊ လုံမငယ်များ အတွက်ကား ထိုထက် အဆများစွာ ကဲပါလိမ့်မည်။

ပဒေသာပင်များ စတင်ပြင်ဆင်သည့် အချိန်မှစ၍ ကျေးရွာ တစ်ခုလုံးတွင် စည်ဆိုင်းသံ၊ မောင်းဆိုင်းသံ တို့ဖြင့် စီစီညံနေပြီ ဖြစ်၏။ သူတို့တီးနေကျ တူရိယာ ပစ္စည်းများထဲတွင် အိုးစည် ပါ၏။ လင်းကွင်းပါ၏။ မောင်းကြီး တစ်လုံး၊ မောင်းလတ် တစ်လုံးနှင့် မောင်းငယ်သုံးလုံး ပါဝင်လေ့ရှိ၏။ ဤသည်ကို စည်ဆိုင်းဟု ခေါ်၏၊ မောင်းဆိုင်း ဆိုသည်မှာ နှစ်ဖက်ပိတ် စည်တိုတစ်လုံး၊လင်ကွင်းကြီး တစ်စုံ၊မောင်းကြီး တစ်လုံး၊မောင်း လတ်တစ်လုံးနှင့် ကြီးစဉ်ငယ်လိုက် မောင်းဆယ့်ငါးလုံးခန့် ပါ လေ့ရှိ၏၊ အချို့မောင်းဆိုင်းများတွင် အလုံးသုံးဆယ် အထိပင် ပါဝင်တတ်သည် ဆိုပါ၏။

အတီးအမှုတ် ဘက်က မြိုင်မြိုင် ဆိုင်ဆိုင် ရှိနေသကဲ့သို့ပင် အကဘက်ကလည်း ညက်ညောလှ၏။ ယောကျ်ားလေးရော၊ မိန်းမပျိုလေးများပါ ယဉ်ကျေးစွာ ကခုန်ကြ၏။ ဘုန်းတော် ကြီးများက ရေစက်ချပြီးသောအခါတွင်ကား သူတို့မျှော်မှန်း ထားသော ပွဲတော်ကြီးကို ပျော်ပျော်ပါးပါးကြီး နွှဲကြရပါ တော့သည်။

စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် သီးပွင့် လှူဒါန်း ထားကြသော ပဒေသာပင် များကို တာတက်ပွဲ ကျင်းပမည့်

ဘုရား၊ သို့မဟုတ် ကျောင်းသို့ သယ်ဆောင်လာကြ၏။ တစ်ရွာလုံးရှိ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ် များက ပဒေသာပင်ကို ရှေ့ရော နောက်ပါ ခြံရံ၍ လိုက်ပါလာကြ၏။ အတီး အမှုတ် အကအခုန် သမားတို့ကလည်း အားပါးတရ ဆင်နွှဲ၍ လာခဲ့ကြ၏။ ဤသို့ လှည့်လည်သည်ကို အလှူခံသည်ဟုလည်း ခေါ်ဝေါ်ကြ၏။ ပွဲတက်သည်ဟုလည်း ခေါ်ဝေါ်ကြပါသည်။

## လက်စားလျှိုခြင်းနှင့် လက်စားဆပ်ခြင်း

ရွာတစ်ရွာမှ အထက်ပါအတိုင်း တာတက်ပွဲ ကျင်းပသောအခါ ဆယ်မိုင်၊ ဆယ့်နှစ်မိုင်အတွင်းရှိ အခြား ကျေးရွာများမှလည်း ဤရွာ တာတက်ပွဲသို့ ပဒေသာပင်များ၊ အတီးအမှုတ် အကအခုန်များဖြင့် လာ၍ ကူညီကြ၏။ ဤသို့ ကူညီသည်ကို လက်စားလျှိုသည်ဟု ခေါ်ဝေါ်ကြ၏။ ဤသို့ လက်စားလျှိုထားပါက ထိုရွာမှ တာတက်ပွဲ ကျင်းပသော ရက်တွင် ဤရွာမှလည်း အလားတူ သွား၍ ကူညီကြရ၏။ ဤသို့ ကူညီသည်ကို လက်စားဆပ်သည်ဟု ခေါ်ဝေါ်ကြရ၏။ ထို့ကြောင့်လည်း တစ်ရွာရွာ တာတက်ပွဲ ကျင်းပလျှင် ရွာခံပရိသတ်၊ ဧည့်ပရိသတ်များဖြင့် စည်ကားလှခြင်း ဖြစ်ပါသည်။

မိမိတို့ရိုးရာ ဓလေ့အတိုင်း မိမိတို့ ကြည်ညို လေးမြတ်သော ကျောင်းကန်ဘုရားသို့ သွားရောက် ပူဇော်ကြရသဖြင့် လူကြီးသူမများအဖို့ ကုသိုလ်တရား တိုးပွားကြရ၏။ လူငယ်လူရွယ်များအဖို့ကား ကုသိုလ်ရေး သန့်သန့် မဟုတ်ပါ။ လူမှုရေး တန်းရေး

ကုသိုလ်ရေးများနှင့် အတူ လူငယ်တို့ဘာ၁၀ ချစ်ရေး ကြိုက်ရေး များလည်း ပါဝင် နေပေသည်။

## အပျိုကွန့်မြင်းနှင့် အပျိုရိုးခြင်း

တာတက်ပွဲကြီး စည်ကား သိုက်မြိုက်မှာ လှည့်သည်သာချိန်တွင် လူပျိုသာလသားတို့အဖို့ အဖိုးတန်ဆုံးသော အခွင့်အရေးကြီး ရ လာကြ၏။ ရွာခံလူပျိုများ နှင့်အတူ တစ်ရွာသားလူပျိုများ ကပါ ထပ်တူထပ်မျှ ရနိုင်ကြ၏။ထိုအခွင့်အရေးကား တာတက် ပွဲမှာ လိုက်ပါလာသော အပျိုများအနက်မှ မိမိကြိုက်နှစ်သက် ရာ အပျိုကိုပဲလှေ၌ဖြင့် ပေါက်၍ ချစ်ရေးဆိုခြင်းပင် ဖြစ်ပါ ၏။ ထိုသို့ ပေါက်ရာတွင် မြို့ကြီးပြကြီးများမှာ သကြင်္န်ရေ ပက်သကဲ့သို့ ရိုင်းစိုင်းမှု မရှိကြပါ။ ယဉ်ယဉ်ကျေးကျေးသာ ပေါက်ကြပါသည်။ ဤသို့ ချစ်ရေးဆိုခြင်းကို ဒေသအခေါ် အရ အပျိုကွန့်သည်ဟု ခေါ်ကြပါသည်။

ဤတာတက်ပွဲမှာပင် တောင်ရိုး အမျိုးသား လုလင်ပျိုတို့၏ ချစ်ခင်မြတ်နိုးစရာ ဓလေ့ တစ်ခုကို တွေ့ရှိရ၏။ တာတက်ပွဲသို့ လာရောက် ဆင်နွဲကြသော တစ်ရွာရှိ လူပျိုများက မိမိတို့ရွာမှ အပျိုချောများကို လာ၍ချစ်ရေးဆိုကြရာတွင် ရွာခံ လုလင်ပျို တို့က လုံးဝ မနှောင့်ယှက်ကြပေ။တစ်ရွာသားများနှစ်သက်ရာ အပျိုအိမ်သို့ သွားလိုသည် ဆိုလျှင်ပင် ရွာခံလုလင်ပျို များက လိုလိုလားလား လိုက်ပါပို့ဆောင်၍ ပေးကြပါသေးသည်။ ဤသို့ ပို့ပေးသည်ကို အပျိုရိုးသည်ဟု ခေါ်ကြပါသည်။

တစ်ရွာတစ်ကျေးမှ လာရောက်ကြသော လုလင်ပျို များကို အပျို၏အိမ်မှ ထမင်းဟင်းများ ချက်ပြုတ်၍ ကျွေးကြရ၏။ ထို့ကြောင့် တာဘက်ပွဲကြီး ပြီးသုံး၍ ဆန်အများဆုံးကုန်ရသော အိမ်မှ အပျိုမှာ မျက်နှာအရှိဆုံး၊ စန်းအပွင့်ဆုံး ဖြစ်ပါပေတော့သည်။

မှော်ခြင်း

တောင်ရိုး လူမျိုးများ၏ ထူးခြားသော ယဉ်ကျေးမှု တစ်ရပ်ပင် ဖြစ်၏။ မြန်မာများသည် သာယာနာပျော်ဖွယ် အသံဖြင့် စာ ဟောခြင်း၊ ထိုသို့ စာဟောသည်ကို လူစုလူဝေးဖြင့် နားကြား ကြသကဲ့သို့ပင် တောင်ရိုး လူမျိုး တို့သည်လည်း မိမိတို့ရိုးရာ သာ ယာနာပျော်ဖွယ်ရာ သံစဉ်ဖြင့် သီဆိုကျူးရင့် ဟောပြောသည် ကို မှော်သည်ဟု ခေါ်ကြပါသည်။ ဘုရားပွဲဘော် များနှင့် အလှူပွဲများတွင် မှော်သော ရှိကြ၏။ မှော်ရာတွင် ဗုဒ္ဓဝင် မဟာဝင်တို့မှ ရာဇာနာသုံးပါး အကြောင်းခြင်းရာ များကိုလည်း ထည့်သွင်းနိုင်၏။ မိမိ ကိုယ်ကို ကိုယ်ရည်သွေးလိုလျှင်သည်း သွေး နိုင်ခွင့် ရှိ၏။ ဒေသဆိုင်ရာ သုပ်ဒန်းဆောင်ဘာ များနှင့် တာ့ မယ်တွဲ မောင်တွဲ များကိုပါ မှော်ထဲတွင် ထည့်သွင်း၍ နိုင်ပါ သည်။

မြန်မာပြည်အမှာ ကဲ့သို့ပင် ရှင်သောင်း လှည့်ရာတွင် ရှိုး လိုက်ရတု ရွတ်ဆိုသော ဓလေ့များလည်း ရှိကြပါသည်။

ဝင်းခင်းခြင်း

ရှေးက မြန်မာမင်းများ နန်းတော်မှ ထွက်လာရာတွင် ရွှေ ဝင် နေ့ာက်ဝင်း ခင်းကျင်းလာပုံကို အတုယူထားခြင်း ဖြစ်

၏။ ရှင်ပြု နားသ အလှူတော် မင်္ဂလာများ၌ ရှင်လောင်းလှည့်ကြရာတွင် မောင်ရှင်လောင်းကို မကိုင်ရ၊ လေ့ယဲ စသော မင်းဝတ်တန်ဆာများ ဆင်ယင် ပေးကြ၏။ နှုပ်ဝတ် တန်ဆာဆင်ယင်ထားသောမြင်းပေါ်တင်ကာ မြင်းပါးချင်ကို တစ်ယောက်က ဆွဲကိုင်၍ လိုက်ပါရ၏။ ဝဲဘက်၊ ယာဘက် နှစ်ဖက်လုံးမှဖြစ်စေ၊ တစ်ဖက်တည်းက ဖြစ်စေ ရွှေထီးမိုး၍ ပေးရ၏။ မောင်ရှင်လောင်း၏ ဝဲဘက်ယာဘက် နှစ်ဖက်လုံးမှ ဖြစ်စေ၊ တစ်ဖက်တည်းက ဖြစ်စေ ရွှေထီးမိုး၍ ပေးကြရ၏။ မောင်ရှင်လောင်း၏ ဝဲဘက်၊ ယာဘက် နှစ်ဖက်လုံးမှ ဝင်းခင်းသူများက အစီအစဉ်အတိုင်း လိုက်ပါလာ ကြရပါသည်။

ပထမဦးစွာ ယင်ကိုင်သူများ၊ ထို့နောက် သိုင်းကိုင်သူများ လိုက်ပါကြရ၏။ ထို့နောက် တုတ်ကိုင်သူများ၊ လေးကိုင်သူများ၊ သေနတ် ကိုင်သူများ၊ ဓားကိုင်သူများ၊ ရွှေဓား ငွေဓား ကိုင်သူများ၊ လှံကိုင်သူများ လိုက်ပါကြရ၏။ ထို့နောက် ဗန္ဓုလ စေသူကြီးများ၊ ပုဏ္ဏားတော် ကြီးများ၊ ဝန်ကြီးများ ခံ့ခံ့ညားညား လိုက်ပါကြရ၏။ ထို့နောက် ကွမ်းအစ်ကိုင်သူ၊ ဆေးလိပ်ကိုင်သူ၊ သောက်တော်ရေ ကိုင်သူ များလည်း ရှေးထုံးစဉ်လာ ရှိသည့်အတိုင်း လိုက်ပါလာ ကြရပါသည်။

မင်းခမ်း မင်းနားနှင့် သိုက်သိုက် မြိုက်မြိုက်ကြီး လှည့်လည်လာသော မောင်ရှင်လောင်း များနှင့် အလှူဒကာ၊ အလှူအမတို့သည် မြို့တွင်း၌ လှည့်ပတ်ကာ ပင်းတယဈေးကို သုံးပတ်ပတ်ပြီးနောက် သက်ဆိုင်ရာ ဘုန်းတော်ကြီး ကျောင်းသို့ သွားရောက် ပူဇော်ကြရပါသည်။

ဒုတိယ အကြိမ်

ပင်းတယမြို့မ၊ မြို့နယ်၌ အလှူပွဲများ ကျင်းပ ကြရာတွင် သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းမှာသာ ကျင်းပ ကြရပါသည်။ မိမိတို့ နေအိမ်၊ မိမိတို့ ရင်ကွက်ထဲမှာ ဧည့်ပရိသတ်အများကြီးကို ဧည့်ခံရန် မလွယ်ကူပါ။ ထို့အပြင် ဤဒေသတွင် မိုးက မကြာခဏ ရွာတတ်ပါသည်။ ထို့ကြောင့် မိမိတို့ ကိုးကွယ် ဆည်းကပ်ရာ ကျောင်းတိုက်တာ များမှာသာ စိတ်ချ၊ လက်ချ အလှူပွဲများ ကျင်းပကြရပါသည်။

ဤကဲ့သို့သော အလှူပွဲကြီးများ လက်ခံနိုင် လောက်အောင် ကျောင်းများမှာလည်း ကျယ်ကျယ် ဝန်းဝန်းကြီး ရှိနေကြပါသည်။ ကျောင်းပေါ်မှာ ရှင်ပြုပွဲ ကျင်းပ၍ ကျောင်းအောက်မှာတော့ ဧည့်ပရိသတ်တို့အား ထမင်း ကျွေးမွေး ကြရပါသည်။ ကျောင်းအောက်မှာ မပေမကျ စေလိုလျှင်လည်း ၁၄ ခန်းဇရပ်ကြီးများမှာ ထမင်းကျွေးနိုင်ကြပါသည်။

## တန်ဆောင်တိုင်ပွဲတော်

တာတက်ပွဲ ကျင်းပရာ၊ ရှင်လောင်းလှည့်ရာ တို့မှာ ကဲ့သို့ပင် တန်ဆောင်တိုင် ပွဲတော်မှာလည်း တပျော်တပါး ခမ်းနားစွာ လှည့်လည်ကြ၏။ ရည်ရွယ်ထားသော ဘုရားတစ်ဆူဆူသို့ဖြစ်စေ၊ အဆူများစွာသို့ ဖြစ်စေ ဆီမီးပူဇော်ရန် လှည့်လည် ကြရာတွင် ရံဖန်ရံခါ ရိုးရိုးအတိုင်း လှည့်လည်ကြ၏။ တစ်ခါတစ်ရံတွင်မူ ဇာတ်ကွက် ဇာတ်လမ်းများ ခင်းကျင်း၍ လှည့်လည်ကြပါသည်။

ဒုတိယ အကြိမ်

ဇာတ်သိမ်း ဇာတ်ကွက် ခင်းကျင်း၍ လှည့်လည် ထုတွင် စာတမ်းများ ရေးသား၍ သရုပ်ဖော်သော ရိုးရာ ဓလေ့ များမှာလည်း ယခုအထိတိုင် ရှင်သန်လျက် ရှိနေပါသည်။

## သွေးသောက်ဝတ်

ပင်းတယ နယ်သူနယ်သားများတွင် သွေးသောက် ဝတ်ဟူသော ဓလေ့ကောင်း တစ်ခုလည်း ရှိနေပါ၏။ တစ်အိမ်အိမ်မှာ လူ အသေအပျောက် ရှိလာသောအခါ ရွာသူရွာသားများက ဖြစ်စေ၊ အခြားရွာမှ ကြားသိသူ များကဖြစ်စေ အသုဘ ကိစ္စတွင် အသုံးပြုရန် မိမိတို့စေတနာ သဒ္ဓါတရား အားလျော်စွာ အလှူ ငွေများ ထည့်ဝင်ကြ၏။ သွေးသောက် ရဲဘော် အချင်းချင်း ကူညီစောင့်မ ကြရသော ဝတ္တရားဖြစ်၍ ထိုအကူငွေကို သွေး သောက်ဝတ်ဟု ခေါ်ဝေါ်ကြရပါသည်။

ထို့ပြင် အသုဘချရန် ကျင်းတူးခြင်း၊ အသုဘ တိုက်ခေါင်း ပြုလုပ်ခြင်းကိုလည်း ရပ်ရွာအတွင်း ကူညီဆောင်ရွက်ပေးကြ၏။ ရက်လည်ဆွမ်း သွတ်တွင်လည်း ရပ်ရွာက ဆွမ်းချက်ရန် ဆန် ဆီ ဆား စသော စားသောက်ကုန်များနှင့်တကွ ငွေကြေးများ ထည့်ဝင်ကြပြန်၏။ ဤသို့ ထည့်ဝင်ကြသဖြင့် မရှိဆင်းရဲသူများ အဖို့ တစ်ပူပေါ် နှစ်ပူဆင့်မလာတော့ဘဲ သွားလေသူတို့ကို တင့် တင့် တယ်တယ် သင်္ဂြိုဟ်နိုင်ကြပါသည်၊ ရက်လည် ဆွမ်းများ သွတ်၍ အမျှအတန်း ပေးဝေနိုင်ကြပါသည်။ ဘာသာရေး ပေးဝေနိုင်ကြပါသည်။ ဘာသာရေးဘက်မှ မွန်မြတ်လှသော

စောင်းမှုကုသိုလ်ဖြစ်သကဲ့သို့ပင် လူမှုရေးဘက်ကလည်း ရွာသူရပ်သားအချင်းချင်း စည်းလုံးညီညွတ်မှုကို ခိုင်မြဲနိုင်စေကြောင်း ဓလေ့ကောင်းတစ်ခုပင် ဖြစ်ပါပေသည်။

ယခုအခါ ဤဓလေ့ကောင်းများသည် မြို့ပေါ်မှဆောင်ရောရပ်ကွက်နှင့် ကျေးရွာများတွင် ရှင်သန်လျက် ရှိနေပါသည်။ မြို့ပေါ်မှ အခြားရပ်ကွက်များတွင် အခြားဓလေ့များ ကွယ်ပျောက်သွားသော်လည်း သွေးသောက်ဝတ်ကား ကျန်ရှိနေပါသေးသည်။

# ဝေယျာဝစ္စ ပြုလုပ်ကြသူများ

## အများဘုရား-အများကောင်းမှု

ရွှေဥမင် လိုဏ်ဂူကြီး အတွင်းရှိ အဆူဆူသော ရုပ်ပွား ဆင်းတုတော်တို့သည် တစ်ဦးတစ်ယောက်တည်း၏ ကုသိုလ် ကောင်းမှု မဟုတ်ပါ။ ပင်းတယမြို့နယ် အပါအဝင် မြေလတ် တစ်နယ်လုံးရှိ တိုင်းရင်းသား ဘုရားဒါယကာ, ဘုရားဒါယိကာမ တို့၏ ကုသိုလ်သည့်များသာ ဖြစ်ကြပါသည်။

ထို့အတူပင် ရွှေဥမင် လိုဏ်ဂူတော်ကြီး၏ အံ့ချီး မကုန် အဖုံဖုံ အဝဝ ဖူးမြော်၍ အားမရနိုင်လောက်အောင် ဆွဲဆောင် နိုင်ခဲ့သော အခြေအနေသို့ ရောက်ရှိရန် တစ်ဦး တစ်ယောက် တည်းက မပြုလုပ်နိုင်ပါ။ တစ်နေ့, တစ်လ, တစ်နှစ်တာမျှဖြင့် မပြုလုပ်နိုင်ပါ။ အနီးဝန်းကျင်မှ ဆရာတော် သံဃာတော် များနှင့် တိုင်းရင်းသား စေတနာရှင် အပေါင်းတို့က ဆရာ စဉ်ဆက်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းကာ ပြုပြင် မွမ်းမံ လာခဲ့ကြ၍ပင် ဤအခြေအနေအထိ ဆိုက်ရောက် လာခဲ့ခြင်း ဖြစ်ပါသည်။

ဒုတိယအကြိမ်

ပုညကိရိယာ ဝတ္ထု ၁၀ ပါးတို့တွင် ဝေယျာဝစ္စဟူသော ကောင်းမှုတစ်ခုလည်း ပါဝင်၏။ ထိုဝေယျာဝစ္စဟူသော ပါဠိဝေါဟာရကို ကျမ်းဂန်ဘတ် ဆရာတော်ကြီးများက ဗျာဝတဿ၊ ကြောင့်ကြစိုက်ကာ ဆောင်ရွက်လာသူ၏။ ကမ္မံ၊ အမှုတည်း။ ဣတိ ထို့ကြောင့်။ ဝေယျာဝစ္စ၊ ဝေယျာဝစ္စမည်၏ဟူ၍ ဝိဂြိုဟ်ပြုကာ အနက်ဖွင့်တော်မူကြ၏။ ဤသို့သော အနက်သဘောအရ ရတနာသုံးပါးနှင့် ပတ်သက်၍ ပြုသင့် ပြုထိုက်သော ကိစ္စအဝဝကို ကြောင့်ကြ စိုက်ကာ ပြုလုပ်လာခဲ့ခြင်းသည်ပင် ဝေယျာဝစ္စ ပုညကိရိယာ ဝတ္ထု ဖြစ်ပါသည်။

ရွှေဥမင် လိုဏ်ဂူတော်ကြီးနှင့် ပတ်သက်၍ ဝေယျာဝစ္စ ပြုလုပ်လာခဲ့ကြသော ကုသိုလ်ရှင် အဆက်ဆက်တို့သည် ဤပတ်ဝန်းကျင်၌ လူနေအိမ်ခြေ တည်နေလာကတည်းက ဖြစ်ပါလိမ့်မည်၊ ထိုပုဂ္ဂိုလ်များ၏ ဝေယျာဝစ္စ ကုသိုလ်ကို ဘုရားဖူးရောက်လာသူတိုင်းက သာဓု အနုမောဒနာ ခေါ်ထိုက်ပါပေသည်။ ထိုပုဂ္ဂိုလ်ကြီးတို့၏ ကောင်းမြတ်သော အပြုအမူတို့ကို အတု ယူထိုက်ပါပေသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကြီးများအထဲမှ စာပေအကွဲရာ အမှတ်အသား ကျန်ရှိရစ်သော ဝေယျာဝစ္စ ပြုလုပ်သူများကို ဖော်ပြလိုက်ရပါသည်။

## ဦးဆောင်ဦးရွက် ဆရာတော်

စာပေအကွဲရာ အမှတ်အသားရှိနေသော ပုဂ္ဂိုလ်များ အထဲမှ ပထမဦးစွာ ဖော်ပြသင့်သူမှာ ပင်းဘယ ရွှေဥမင်ကျောင်းဆရာတော် ဦးကဝိသာရ ဖြစ်ပါသည်။ သက္ကရာဇ် ၁၂၀၄ ခုနှစ်တွင်

ခေါင်းလောင်းကြီး သွန်းလုပ်၍ ရွှေဥမင်ဘုရားမှာ ချိတ်ဆွဲလှူဒါန်းခဲ့၏။ ယခု ရွှေဥမင်လိုဏ်ဂူတော်၏ အဝင်ဝ၏ လက်ဝဲဘက်မှာ အခိုင်အမာ ချိတ်ဆွဲထားသော ခေါင်းလောင်းကြီးဖြစ်၏။ ခေါင်းလောင်းကြီးမှာ ဂူနံရံ ကျောက်ဆောင်ကြီးနှင့် ခင်ကင်ကပ်ချိတ်ဆွဲထားသဖြင့် ခေါင်းလောင်းစာများကို လှည့်ပတ်ကြည့်ရှုရန် မလွယ်ကူပါ။ အချို့နေရာများတွင် ဘုရားဖူးလာသူ ခေါင်းလောင်းထိုးသူများကြောင့် စာသားများ ပျက်နေကြရပါပြီ။ ၁၉၇၀ပြည့်နှစ်၊ ဇွန်၊ဇူလိုင်လအတွင်း အမရပူရမြို့ တောင်လေးလုံးကျောင်း ဆရာတော် ဦးပညာဇောတသည် ဒေါက်တာသန်းထွန်းတို့နှင့်အတူ ပင်းတယသို့ လိုက်ပါတော်မူလာကာ ဤခေါင်းလောင်းစာ တို့ကို ကြိုးကြိုးစားစား ဖတ်ရှု၍ မှတ်တမ်းတင်ခဲ့ပါသည်။

ထိုခေါင်းလောင်းစာမှာ ပါဠိကို အနက်ပြန်ထားသောပုံစံဖြင့် ရေးသားထားသဖြင့် မြန်မာစာ သန့်သန့် ဖတ်ရှုနေကျ ပရိသတ်များအတွက် မြန်မာသက်သက်ကိုသာ ထုတ်နုတ်၍ ဖော်ပြလိုက်ပါသည်။ မူရင်းခေါင်းလောင်းစာမှာ မှေးမှိန်ပျက်စီးနေသော စာသားနေရာများမှာလည်း ရှေ့စကား နောက်စကား ဆက်စပ်ကြည့်ကာ သင့်လျော်မည် ထင်ရသော စာများ ထပ်ဖြည့်ပေးလိုက်ရပါသည်။

## ခေါင်းလောင်းစာ (မြန်မာသက်သက်)

အကြင် မြတ်စွာဘုရားသည်.... အမျှ သုံးဆယ်သော ပါရမီ တို့ကို ဖြည့်တော်မူပြီး၍ မြတ်သော သဗ္ဗညု ဒုတိယအကြိမ်

ဘုရားအဖြစ်သို့ ရောက်တော် မူလေပြီ။ ထို မြတ်စွာဘုရား၏ အံ့ဖွယ်ရှစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော သာသနာတော်သည် နှစ်ထောင့် သုံးရာ ခြောက်ဆယ်ခုတိုင် ရောက်လတ်သော် လူတို့ ခေါ်ရာသည်လည်း တစ်ထောင်နှစ်ရာ လေးဆယ်ဟု သမုတ်အပ်သည်ရှိသော် ကမ္ဘောဇတိုင်း၌ ပင်းတယ ဟူ၍ အလွန် ကျော်စောထင်ရှားသော နိဂုံးရွာကြီးသည် ရှိ၏။ ထိုရွာကြီး၏ မြောက်အရပ် အဖို့၌ မဟာစေတီပုထိုး၊ လှုိဏ်ဥမင်၊ ရှင်ပင်ပေါင်းလဲ့ စသည်တို့ဖြင့် တင့်တယ်စွာထသော၊ နှလုံးမွေ့လျော် ပျော်ဖွယ်လည်း ရှိထသော၊ ကျောင်းတော်၌ နေထသော၊ ကဝိသာရမည်ထသော မထေရ်သည် လေးပါးသော ပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်၍ မရောင့်ရဲသည် ဖြစ်၍သာလျှင် ယခု အသံ တည်းဟူသော အလှူကို ပေးလှူဦးအံ့။ ဤသို့ အသင့် နှလုံးသွင်း၍ ငွေခွန်မှူးနှင့်တကွ တိုင်ပင်နှီးနှော၍ ပြည်သူပေါင်းတို့ကိုလည်း ညီညွတ်တိုင်ပင်၍ ကြီးစွာသော ခေါင်းလောင်းကို သွန်းလုပ်စေ၏။ အသံ လှူသော အလှူကို လှူရသော ကောင်းမှုကြောင့်လည်းကောင်း၊ တစ်ပါးသော ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာလေအောင် စည်းစိမ်တို့နှင့် ပြည့်စုံသည် ဖြစ်၍ သူတစ်ပါး တို့ကိုလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာလေအောင်၊ စည်းစိမ်တို့နှင့် ပြည့်စုံလေ အောင် ဆောင် နှက် ခြင်း ငှာ စွမ်း နိုင် ရ လို ၏။

အဆုံးစွန်သောဘဝ၌ မီးခပ်သိမ်းတို့ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ရလို၏။ ငါ၏ ကောင်းမှုကို ဘုံသုံးပါး၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့လည်း ရသည် ဖြစ်စေသတည်း။ ကြေးချိန် ၄၀၀။

(မှတ်ချက်။ ။အချို့ စာလုံးပေါင်းတို့ကို ယခု လက်ရှိ သတ်ပုံကျမ်းနှင့် ညီအောင် ပြုပြင်ထားပါသည်။)

## အမျှဝေရင်း သာဓုခေါ်စရာ

ဤခေါင်းလောင်းသော အေဒီ သက္ကရာဇ် ၁၂၀၄ ခုနှစ်တန်းက နိဂုံးရွာကြီးဟုသာ ခေါ်တွင်ခဲ့ကြောင်း၊ သို့သော် ငွေခွန်မှူး ရုံးစိုက်ရာဖြစ်၍ အလွန် ကျော်စောထင်ရှားနေကြောင်းသိရ၏။ ပင်းတယအုပ်ချုပ်သူများစာရင်းအရ ထိုစဉ်က ငွေခွန်မှူးဖြစ်ခဲ့သူမှာ ဦးရွှေမင်း ဖြစ်ပါလိမ့်မည်။ ရွှေဥမင်ကျောင်း ဆရာတော် ဦးကဝိသာရသည် ငွေခွန်မှူးဦးရွှေမင်းနှင့်တကွ အများပြည်သူတို့ကိုလည်း တိုင်ပင် ညှိနှိုင်းကာ ကြေးချိန် ၄၀၀ ရှိသော ခေါင်းလောင်းကြီး သွန်းလုပ်စေ၍ ရွှေဥမင်ဘုရားမှာ လှူဒါန်းခဲ့၏။ နောက်လာ နောက်သားများ သိရှိကြစေရန် အတွက် ခေါင်းလောင်းစာများလည်း ရေးထိုးခဲ့၏။ တကူးတကန့်လာ ရောက်လာ၍ ဘုရားဖူးရ၊ ရှိခိုးပူဇော်ရသော ကုသိုလ်ကောင်းမှုကို ခေါင်းလောင်းထိုး၍ အမျှဝေကြသူများသည် ခေါင်းလောင်း အလှူရှင်များ၏ ကုသိုလ်ကောင်းမှုကိုလည်း သာဓု နှုမော် ခေါ်ထိုက်လှပါပေသည်။

ဒုတိယအကြိမ်

ခေါင်းလောင်း စာတွင်...ပါ၌၊ မြန်မာ နှစ်ဘာသာဖြင့် ပင်းဘယနိဂုံး ရွာကြီး၏ မြောက်အချပ်မှာ ရှိသော ကျောင်းဟု ဖော်ပြထားရာ ယခု ရွှေဥမင် လိုဏ်ဂူဘော်မှာ မြို့၏ အနောက် တောင်မှာ ရှိနေပါသည်။ မည်သို့ပင်ဖြစ်စေ...ရွှေဥမင် လိုဏ်ဂူ တော်ဝ၌ ဤခေါင်းလောင်းကြီး အထင်အရှား ချိတ်ဆွဲ လှူ ဒါန်းထားသည်ကို ထောက်ရှုအားဖြင့် ဆရာတော် ဦးဘဝိသာရ သည် ငွေခွန်မှူး ဦးရွှေခင်းနှင့် တိုင်ပင်ကာ လိုဏ်ဂူတော်ကြီးကို ပြုပြင်မွမ်းမံ ခဲ့ပါလိမ့်မည်၊ လိုဏ်ဂူတော်ကြီး အတွင်း၌ ဘုရား တည်လိုသူများကို ဦးဆောင်ဦးရွက် ပြုပါလိမ့်မည်။ ထုလုပ်ပြီး သား ကိုယ်တော်ဘွား များကို လှူဒါန်း လာကြ လျှင်လည်း.... ရနိုင်သမျှသော နေရာတို့တွင် အခြေဘကျ ပြုလုပ်ပေးခဲ့ ရပါ လိမ့်မည်။ ဘုရားဖူး လာသူများ၊ သက်တောင့်သက်သာ တက် လာနိုင် စေရန် တောင်တက် လမ်းများ ပြုပြင် ဖောက်လုပ်၍ ပေးခဲ့ကြ ရပါလိမ့်မည်။

## သာသနာ့ ဒါယကာကြီး၏ ကြိုးပမ်းမှုများ

ထိုပုဂ္ဂိုလ်များနောက်တွင် စာပေ မှတ်တမ်းများ ပျောက်သွား ကြပြန်ပါပြီ။ စာပေမှတ်တမ်း မထင်ရှား သော်လည်း ဆက် ကာ ဆက်ကာ လှူဒါန်းခဲ့၊ ပြုပြင် မွမ်းမံ ထားခဲ့သော ဘုရား ဆင်းတုတော် တို့ကား အထင်အရှား ရှိနေတော် မူကြသည်သာ ဖြစ်ပါ၏။ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်မှစ၍ ငွေခွန်မှူး အရာကို ဆက်ခံလာ ရသော ခွန်စွန်ညို၏ လက်ထက်တွင်ကား ရွှေဥမင် လိုဏ်ဂူတော် ပြုပြင်မွမ်းမံရေး လုပ်ငန်းများ ကြီးထွား လာပါ

သည်။ ထို့ကြောင့် တောင်ခြေမှသည် ရွှေဥမင် ဘုရား မုခ်ဝ အနီးရှိ လှည်းများ တက်၍ ရနိုင်အောင် ပြေပြစ်သော လမ်းများ ဖောက်လုပ် ပေးခဲ့ရ၏။ တူးတန်သည်ကို တူးကာ ဖို့တန်သည်ကို ဖို့ပေးခဲ့ရ၏။ သွားလာရေးနှင့် သယ်ယူ ပို့ဆောင်ရေး လွယ်ကူလာသဖြင့် ယခင်ကထက် ကုသိုလ်ပြုသူများ တိုးပွားလာရန် ရှိပါသည်။

## သစ်သား တန်ဆောင်းမှ သံတန်ဆောင်းသို့

ရွှေဥမင်လိုဏ်ဂူတော် မုခ်ဝရှေ့က ယခုသံတန်ဆောင်းကြီး နေရာတွင် သီပေါမင်း လက်ထက်လောက်ဆီက ဆောက်လုပ် ထားခဲ့သော သစ်သား တန်ဆောင်းကြီး ရှိခဲ့ဖူး၏။ တန်ဆောင်းပြာသာဒ်ကြီး အတွင်းက နဖူးစည်းပတ်ပတ်လည် ပိတ်ကားမှာ ရေးဆွဲထားသော ပန်းချီရုပ်ပုံများ ရှိခဲ့၏။ ကုမ္ဘာဘယတို့ ဇာတ်ထုပ်ကို ထွက်နီရွာသား ဆရာမြက ရေးဆွဲထားကြောင်းသိရ၏။ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်ကျော်ကျော် လောက်တွင် ရေးခဲ့မည်ဟူ၍ ခန့်မှန်းကြရပါသည်။

သက္ကရာဇ် ၁၂၇၉ ခုနှစ်တွင်မူ တောမီးလောင်ရာမှ ကူးစက်၍ ထိုပြာသာဒ်ကြီး မီးလောင် ခံရပါတော့သည်။ ထို့ကြောင့် နောက်တစ်ခါ မီးဘေး မခံရစေရန် ငွေခွန်မှူး ခွန်စွန့်ညိုက ထိုနေရာတွင် သံပြာသာဒ်ကြီး အစားထိုး ဆောက်လုပ်ရန် ဦးဆောင်ဦးရွက် ပြုလုပ်၏။ မိမိ၏ နယ်သူနယ်သားများနှင့် တကွ မြေလတ်နယ် တစ်လွှားမှ အများပြည်သူတို့ကို နှိုးဆော် တိုက်တွန်း၏။ တိုက်တွန်းသည့် အတိုင်း အလှူငွေများ [illegible]ကာ

ဆက်ကာ ထည့်ခင်လာ ကြသဖြင့် ၁၂၈၈ ခုနှစ်၊ တပို့တွဲလ ပြည့်နေ့တွင် သံပြာသာဒ်ကြီး၏ကိုင်ကို ထူခဲ့ပါသည်။

ငွေခွန်မှူး ခွန်စွန်ညိုသည် သံပြာသာဒ်ကြီး တိုင်ထူသည့် နှစ်မှ နောက်တစ်နှစ် နယုန် လပြည့် နေ့တွင် ပေါက်တော ကျောင်း ဆရာတော်ကြီး ဦးကေလာသရကို ဂိုဏ်းအုပ် ဆရာ တော် အဖြစ် ခန့်အပ်ခဲ့၏၊ သက်တော် ဝါတော် ကြီးရင့်တော် မူပြီဖြစ်သော ပေါက်တော ဆရာတော်ကြီးက တစ်ဖန် ငှက် ပျောတော ဆရာတော်ကြီးအား မိမိကိုယ်စား သာသနာပြုရန် လွှဲအပ်တော် မူခဲ့၏၊ ထို့ကြောင့် ငွေခွန်မှူး ခွန်စွန်ညိုသည် ရွှေဥမင် ဘုရားနှင့် ပတ်သက်သော ဝေယျာဝစ္စ အမှုများကို ပြုလုပ်ရာတွင် ငှက်ပျောတောကျောင်း ဆရာတော်၏ အကူ အညီကို ရယူပါလိမ့်မည်၊

ဦးခန္တီ နှင့် ရှာနေပုဂ္ဂိုလ်များ

ထို့ပြင် ခွန်စွန်ညိုသည် သံပြာသာဒ်ကြီး ထီးမြောက် အောင် မြင်ရေးအတွက် နန္ဒသေးတောင်မှ ရသေ့ကြီး ဦးခန္တီ ကိုသည်း ပင့်ဖိတ်ခဲ့ပါသေးသည်၊ ရသေ့ကြီးဦးခန္တီလည်းပင်းတယမြို့သို့ သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင်တစ်ကြိမ်၊ ၁၂၉၀ ပြည့်နှစ်မှာတစ်ကြိမ် နှစ်ကြိမ်တိုင် ကြွရောက်ခဲ့ပါသည်၊ သံပြာသာဒ်ကြီး ဆောက်လုပ် ရေးအတွက် အကြံဉာဏ်များ ပေးခဲ့ပါသည်၊ ထီးမြောက် အောင်မြင်ရေးအတွက် နယ်သူ နယ်သားများအား နှိုးဆော် တိုက်တွန်း၍ ပေးခဲ့ပါသည်။

ဤသံပြာသာဒ်ကြီး ဆောက်လုပ်ရာတွင် အစအဆုံး စီမံ ဆောင်ရွက်ခဲ့သည့် မြို့ခံပုဂ္ဂိုလ်များမှာ ကန့်ထောင့် ကျောင်း

ဆရာတော်နှင့် ပန်းထိမ် ဆရာမြင့်တို့ ဖြစ်ကြ၏။ ဂန်ထောင့်ကျောင်း ဆရာတော်ကို ဆရော်အခေါ်ဖြင့် ဘုန်းကြီးသွယ်ဟု ခေါ်ကြပါသည်။ ဆရာမြင့်မှာ ဆင်ခေါင်း ရွာသစ် ရပ်သား ဖြစ်ပါသည်။

ဆရာတော်များ၏ ဦးဆောင် ဦးနှောက် ပြုမှု၊ ရသေ့ကြီး ဦးခန္တီ၏ ကူညီထောက်ပံ့မှု၊ ငွေနှင်းမှု။ ခွန်စွန့်ညို၏ တိုက်တွန်း နှိုးဆော်မှုနှင့် ဒါယကာ ဒါယိကာမ အပေါင်း၏ ကုသိုလ် ပါဝင်မှုတို့ဖြင့် သံပြာသာဒ်ကြီးသည် ၁၂၉၅ ခုနှစ်မှာ ပြီးစီး ဆောင်မြင်ခဲ့ပါသည်။

သံပြာသာဒ်ကြီး၌ ကုသိုလ်ပါဝင်ခဲ့ကြသူများမှာ ပင်းတယ အပါအဝင် မြေလတ်နယ် တစ်လွှားမှ ဒေသနာရှင်များ ဖြစ်ကြပါသည်။ နေ့၊ တောင်ရိုး ဒေသ တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များနှင့်တကွ ဟိန္ဒူ ဘာသာဝင်၊ အစ္စလာမ် ဘာသာဝင် အိန္ဒိယ ဇာတိသားများလည်း ပါဝင်ကြောင်း သိရပါသည်။ အလှူရှင် စုစုပေါင်း တစ်ထောင်ကျော်မျှ ရှိ၍ သူတို့၏ အမည်များကို သံပြာသာဒ်ကြီး အတွင်းနံရံမှာ ရေးသား ထားပါသည်။ ယခု ထိုနာမည်အောက်မှာ မျက်နှာကြက် ကြက်ထား လိုက်ပါသည်။

## လိုဏ်ဂူဝကို ချဲ့ထွင်ခြင်း

ရှေးယခင်က ရွှေဥမင် လိုဏ်ဂူတော် အဝင်ဝမှာ တစ်လုံမျှ လောက်သာ ရှိပါသည်။ ယခုကဲ့သို့ ကျယ်ကျယ် ဝန်းဝန်း မရှိသေးပါ။ ထို့ကြောင့် သက္ကရာဇ် ၁၂၈၆ ခုနှစ်လောက်က အဝင်ဝထ ကျောက်သားများကို ဒိုင်းနမိုက် မြှုပ်၍ ဖဲ့ထုတ်ခဲ့

ဒုတိယအကြိမ်

ရပါသည်။ ဒိုင်းနမိုက်ဖြင့် လိုအပ်သော အကျယ်အဝန်း မရလာသေးသဖြင့် ကျောက်တုံးကြားတွင် သံစို့ကြီးများသွင်းကာ ငါးပေါင် သံတူကြီးဖြင့် ထုရိုက်၍ ဖဲ့ထုတ်ခဲ့ရ၏။ တာဝန်ယူ ဖဲ့ထုတ်ရသူမှာ ဦးအုန်းသော ဖြစ်၍ ကူညီ လုပ်ကိုင် ပေးရသူများမှာ ကြေးတွင်းကုန်း ရွာသားများ ဖြစ်ကြသော ဦးလုံနှင့် ဦးခင်ဖြူတို့ ဖြစ်ကြပါသည်။ ထိုစဉ်က ဦးလုံသည် ဆယ့်ငါးနှစ်သားခန့်ရှိ၍ ဦးခင်ဖြူက ဆယ့်တစ်နှစ်သားခန့် ရှိကြပါသေးသည်။ ယခုအခါ ဦးလုံမှာ အသက် ၇၂ နှစ်ခန့်ရှိ၍ ဦးခင်ဖြူမှာ အသက် ၆၈ နှစ်ခန့်ရှိပြီဟု သိရပါသည်။

## ဘုရားစောင့် ဇရုတ် ကိုရင်ကြီး

လိုဏ်ဂူတော်ကြီး၌ ဝေယျာဝစ္စ ပြုလုပ်ကြသူများထဲတွင် ဦးခန္တီဟု အရပ်က ဘွဲ့မည်ပေးထားသော ဇရုတ်ကိုရင်ကြီးကိုလည်း ထည့်သွင်းရပါလိမ့်မည်။ အချို့ကလည်း ဦးကြည်စိန်ဟု ခေါ်ကြပါသည်။ သူ့ဘွဲ့မည်ရင်း၊ သို့မဟုတ် နာမည်ရင်းကို မည်သူမျှ မသိကြပါ။ ပြာသာဒ်ကြီး ဆောက်လုပ်ပြီး နှစ်နှစ် အကြာတွင် ဤနေရာသို့ သူ့ဘာသာသူ ရောက်ရှိလာကြောင်းသာ အမှတ်အသား ထားခဲ့ကြပါသည်။

သူ၏ မူရင်းဒေသမှာ စင်ကာပူ ဖြစ်သည်ဟု သိရပါသည်။ စင်ကာပူရှိ ကျောင်းဝင်းဆယ့်ပင်ကျောင်း ရှိသော ဗုဒ္ဓဘာသာ ကျောင်းတိုက်တစ်ခုမှာ နေထိုင်ခဲ့ရာမှ ဤနေရာအထိ ခြေကျင်

လျှောက်လာခဲ့၏။ ဤနေရာသို့ မရောက်မီကပင် သူနေထိုင်ရမည့် နေရာကို မျက်စိထဲမှာ မြင်ယောင်လာက မြန်မာပြည်ထဲမှ လိုက်ဂူရှိသည်ဟု ကြားရသော နေရာတိုင်းကို သွား၍ ကြည့်ခဲ့၏။ သူ့မျက်စိထဲမှာ မြင်ယောင်လာရသော ပုံသဏ္ဌာန်မျိုး မတွေ့ရသဖြင့် ဆက်ကာဆက်ကာ ရှာလာခဲ့ရာ ဤနေရာသို့ ရောက်မှ စိတ်နှလုံး တုံးတုံ ချသွားတော့၏။

သံပြူသာသာဒ်ကြီးဆောက်ပြီးနောက်နှစ်နှစ်အကြာ ၁၂၉၇ ခုနှစ်သောက်တွင် တရုတ်ကိုရင်ကြီး ရောက်လာခဲ့၏။ ထိုအချိန်၌ သူ့အသက် ၄၂ နှစ်ခန့်ရှိနေပါပြီ။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်၍ ဂျပန်များ ဝင်လာသောအခါ ကိုရင်ကြီးသည် ပင်းတယမှ ထွက်ခွာ သွားရပါတော့သည်။ ပထဝဦးစွာ ချေကြည်မှာ နေပါသည်။ ထို့နောက် ပန်းတင်ဂူသို့ ပြောင်းရွှေ့ခဲ့ပါသည်။ စစ်ကြီးပြီး၍ ပင်းတယ ပြန်လာသောအခါ မောင်ညိုခေါ်သော ကျောင်းသား တစ်ယောက် ပါလာခဲ့၏။ သို့စဉ်က ၁၄ နှစ်သား လောက်ရှိ၏၊ ကျောင်းသား မောင်ညိုသည် ကိုရင်ကြီးနှင့်အတူ လိုဏ်ဂူဘော်ကြီးမှာ ဝေယျာဝစ္စ ဆောင်ရွက်ချင်း ၁၁ နှစ်ခန့် နေထိုင်လာပြီးလျှင် ဘုရားဂူမှ ဆင်းသွားခဲ့၍၏။ ကိုရင်ကြီးထံတွင် သူ၏ ကိုယ်စား မောင်ကြာခင်ကို ထားခဲ့၏။ သူတို့ နှစ်ယောက်စလုံး ကြေးတွင်းကုန်း ရွာသားများ ဖြစ်ကြ၏။ ဦးကြာခင်နှင့်အတူ ခြောက်နှစ်ခန့် အတူနေပြီးနောက် ၁၃၂၉ ခုနှစ်၊ ပြာသိုလတွင် ကွယ်လွန်သွား၏။ ကွယ်လွန်ချိန်တွင် ကိုရင်ကြီး၏ အသက် ၇၁ နှစ်ရှိနေပြီဟု သိရပါသည်။

ဒုတိယအကြိမ်

## ဒဂုန် ခင်ခင်လေး ကောင်းမှု

စာရေးဆရာမကြီး ဒေါ်ဒဂုန် ခင်ခင်လေးသည်... သက္ကရာဇ် ၁၃၃၆ ခုနှစ်ကုန်းက ပင်းတယသို့ သွားရောက်၍ ရွှေဥမင် ဘုရားသို့ အဖူးအမြော်ပါသော ဤ ကိုချင်ကြီးကောင်း ဓာတ်မီး ထွန်းကာ လိုဏ်ဂူတော်အတွင်း လိုက်ပြရ၍၊ ဤတွင် ဒေါ်ဒဂုန် ခင်ခင်လေးသည် လိုဏ်ဂူတော်ကြီး၌ လျှပ်စစ် ဓာတ်မီး များ သွယ်တန်း လှူဒါန်းရန် စိတ်ဆန္ဒ ပေါ်ပေါက်လာ သဖြင့် မြို့နယ်၌ တာဝန်ရှိ ပုဂ္ဂိုလ်များထံ တင်ပြခဲ့၍၊ တာဝန်ရှိ ပုဂ္ဂိုလ်များကလည်း ထောက်ခံအောင် ဆောင်ရွက် ပေးကြ သဖြင့် တောင်ကောင်းတန်းတစ်လျှောက် အသုံးပြုသာဒ် ကြီးနှင့် ရွှေဥမင်ဂူတွင်း လမ်းများ၌ လျှပ်စစ်ဓာတ်မီး ပွင့်ရေ ၁၅၀၀ ကျော်ကို ထွန်းညှိ ပူဇော်နိုင်ခဲ့၍၊ ၁၃၁၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်၊ စနေနေ့တွင် စာရေးဆရာမကြီး ကိုယ်တိုင် လာရောက်၍ ခလုတ်နှိပ်ချ အမှူးပေးခဲ့ပါသည်။ ဤ အကြောင်းများကို စာရေးဆရာမကြီး ကိုယ်တိုင်က ဗမာ့ခေတ်သတင်းစာ၊ ယုဒသိ ကဏ္ဍ၌ ကိုယ်တွေ့ခရီးသွား ဆောင်းပါး အဖြစ်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

## ဂေါပကအဖွဲ့များ ပြောင်းလဲ ဖွဲ့စည်းခြင်း

တရုတ်ကိုချင်ကြီး ပျံတော်မူသွားပြီးနောက် ပင်းတယ မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ၏ နှိုးဆော်တိုက်တွန်းချက် အရ ဥက္ကဋ္ဌဦးဘရွှေ ခေါင်းဆောင်သော ဂေါပကအဖွဲ့က စောင့်

ရှောက်ထိန်းသိမ်းခဲ့၏။ ထိုဂေါပကအဖွဲ့လက်ထက်တွင် အဝန်အသင့် တိုးတက်မှုရှိခဲ့သော်လည်း အားရလောက်အောင် ဖြစ်မလာခဲ့ပါ။သို့ဖြစ်၍ သက္ကရာဇ် ၁၃၃၇ ခုနှစ်၊တပေါင်းလဆုတ် ၈ ရက်နေ့၊ ၁၉၇၆ ခုမတ်လ ၂၂ ရက်နေ့တွင် လွှဲအပ်ခြင်းကြေညာစာတမ်း ရေးသားဖြန့်ဝေကာ ရွှေဥမင်ဘုရား စောင့်ရှောက် ထိန်းသိမ်းရန်တာဝန်ကို ဆရာတော်သံဃာတော်များထံ လွှဲအပ်ခဲ့ပါသည်။

ဤသို့ လွှဲအပ်သည့် အတိုင်း ဆရာတော်များသည် ရွှေဥမင်သဘာဝလိုဏ်ဂူ ပြုပြင်ထိန်းသိမ်းရေး သံဃာ့အဖွဲ့ချုပ်ကို ဖွဲ့စည်းကာ ဗုဒ္ဓဝေယျာဝစ္စ အမှုများကို လုပ်ကိုင် ဆောင်ရွက်ကြရပါသည်။ထို သံဃာ့အဖွဲ့ချုပ်တွင် ပါဝင်သော ဆရာတော်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**သြဝါဒါစရိယဆရာတော်များ**

၁။ မြောက်ကျောင်းကြီးဆရာတော်ဦးစက္ကိန္ဒ
၂။ အော်ရေကျောင်းဆရာတော်ဦးစန္ဒိမာ
၃။ မဟာဒရန်အောင်ကျောင်းဆရာတော်ဦးကုသလ

**ဥက္ကဋ္ဌ ဆရာတော် များ**

၁။ ပေါက်တောကျောင်းဆရာတော် ဦးဣဿရိယ
၂။ ဆင်ဖြူကျောင်းဆရာတော် ဦးသောဘိတ

**အတွင်းရေးမှူးဆရာတော်များ**

၁။ ငှက်ပျောတောကျောင်း ဆရာတော် ဦးဝိမလစာရ
၂။ မိုးလောင်ကျောင်း ဆရာတော် ဦးသဒ္ဓမ္မ

**ဒုတိယ အကြိမ်**

## ဦးဝိမလစာရ၏ ကြိုးပမ်းမှုများ

အထက်ပါ သံဃာတော်များက တာဝန် ပေးအပ်သဖြင့် ငှက်ပျောတောကျောင်း ဆရာတော် ဦးဝိမလစာရသည် ရွှေဥမင် ဘုရားသို့ တပည့်နှစ်ပါးနှင့်အတူ အစဉ်လာရောက် သီတင်းသုံး ကာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်ဖိရင်ဖိ ပြုလုပ် ခဲ့ပါသည်။

## ဂေါပက အဖွဲ့သစ်

ဤသို့ ဆောင်ရွက်လာရာမှ သက္ကရာဇ် ၁၃၄၄ ခုနှစ်သို့ ရောက် သောအခါ အခြေအနေပြောင်းလဲလာ၏။ သာသနာတော်သန့် ရှင်းတည်တံ့ပြန့်ပွားရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ ပင်းတယမြို့နယ် ပါတီယူနစ်နှင့် မြို့နယ် ပြည်သူ့ကောင်စီတို့က ၁၃၄၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့ (၂၇-၁၁-၈၂)တွင် လက်ရှိပုဂ္ဂိုလ်များကို ပင့်ဆောင်ကာ ဂေါပကအဖွဲ့သစ် ဖွဲ့စည်းရန်ကိစ္စများကို လျှောက်ထား၏။ ထို့ နောက် ဩဝါဒါစရိယဆရာတော်များနှင့်တကွ ဂေါပကအဖွဲ့ ကိုလည်း အသစ်တစ်ဖန် ဖွဲ့စည်းပေးကြ၏။

သို့ဖြစ်၍ အဖွဲ့ဝင် သံဃာတော်များသည် တန်ဆောင်မုန်း လဆုတ် ၄ ရက်နေ့တွင် ရွှေဥမင်ဘုရားမှ မိမိတို့ ထိန်းသိမ်း စောင့်ရှောက်ထားသော ပစ္စည်းရပ်အားလုံးကို ဂေါပကအဖွဲ့ သစ်သို့ လွှဲပြောင်းပေးအပ်တော်မူကြ၏။ ဦးဝိမလစာရသည် လည်း မိမိကျောင်းသို့ ပြောင်းရွှေ့လာခဲ့ပါသည်။

ဒုတိယအကြိမ်

ပင်းတယ ရွှေဥမင်ဘုရား ဩဝါဒါစရိယ ဆရာတော်များ

(၁၃၄၄ ခုနှစ်တွင်ရှိ)

ဒုတိယ အကြိမ်

| စဉ် | ဘွဲ့တော် | သက်တော် | ဝါတော် | ကျောင်းအမည် |
|---|---|---|---|---|
| ၁။ | ဦးစက္ကိန္ဒ | ၈၄ | ၆၄ | မြောက်ကျောင်းကြီးကျောင်း |
| ၂။ | ဦးဇန္ဒိမာ | ၇၈ | ၅၆ | အောက်ရေကျောင်း |
| ၃။ | ဦးကေလာသ | ၆၆ | ၄၆ | ရွေးလှ မီးလောင်ကျောင်း |
| ၄။ | ဦးပဏ္ဍိဝ | ၆၃ | ၄၃ | သစ်အယ်ပင် ကုန်းပေါ်ကျောင်း |
| ၅။ | ဦးရေဝတ | ၅၄ | ၃၄ | ရေဖြူ ညောင်ပင်ဝိုင်းကျောင်း |
| ၆။ | ဦးသောဘိတ | ၅၇ | ၃၁ | ဆင်ဖြူကျောင်း |
| ၇။ | ဦးစန္ဒောဘာသ | ၄၀ | ၂၀ | ရွာငယ်ကျောင်း |
| ၈။ | ဦးတာဝိန္ဒာစာရ | ၄၈ | ၃၇ | ထင်းရှူးကျောင်း |
| ၉။ | ဦးဝိသုန္ဒ | ၄၉ | ၂ | အောင်သိဒ္ဓိ ရွှေပုထိုးကျောင်း |

## ပင်းတယမြို့၊ ရွှေဥမင်ဘုရား ဂေါပကအဖွဲ့

ဒုတိယ အကြိမ်

| စဉ် | အမည် | နေရပ်/ဌာန | တာဝန် |
| --- | --- | --- | --- |
| ၁။ | ဦးကျော်မောင် | သရက်ကုန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးသောင်းကျော် | ဆူးဗိုလ်ကုန်း | ဒု-ဥက္ကဋ္ဌ(၁) |
| ၃။ | ဦးမောင်ကီ | ငှက်ပျောတော | ဒု-ဥက္ကဋ္ဌ(၂) |
| ၄။ | ဦးကြော်မောင် | သမဝါယမဦးစီးဌာန | အတွင်းရေးမှူး |
| ၅။ | ဦးအုန်းရွှေ | အောင်ရော | တွဲဖက်အတွင်းရေးမှူး |
| ၆။ | ဦးထွန်းမြင့်ရင် | သမဝါယမဦးစီးဌာန | အဖွဲ့ဝင် စာရင်းစစ် |
| ၇။ | ဦးထင်အောင်(ဖြူ) | ရှမ်းရပ် | ။ |
| ၈။ | ဦးညွန့်မောင် | ရွာသစ် | ။ |
| ၉။ | ဦးချစ်ယင်း | ငှက်ပျောတော | ဘဏ္ဍာထိန်း |

အထက်ပါ ဩဝါဒါစရိယဆရာတော်များနှင့် ဂေါပကအဖွဲ့တို့သည် ၆ လတစ်ကြိမ် အစည်းအဝေးများ ကျင်းပ၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြပြီးလျှင် ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ပြုပြင်ဆောင်ရွက်ရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လျက်ရှိကြ၏။ ယခုအခါ လိုဏ်ဂူတော်ကြီး အဝင်ဝရှိ အာရုံခံ သံပြာသာဒ်ကြီးတွင် မျက်နှာကြက်များ တပ်ဆင်ကာ ကြည်ညိုဖွယ်ရာဖြစ်အောင် မွမ်းမံ၍ ပြီးနေပါပြီ။ ပင်းတယမြို့နှင့်တကွ တစ်နိုင်ငံလုံးရှိ စေတနာရှင် အပေါင်းတို့၏ အလှူငွေများကို စာရင်းအင်းအတိအကျထား၍ ထိန်းသိမ်းကာ ဗုဒ္ဓဝေယျာဝစ္စအမှုများကို ဆက်လက်၍ ဆောင်ရွက်လျက် ရှိကြပါသည်။

# ရွှေဥမင် ဘုရားနှင့် ရုပ်ပွားတော်များ

## အုံ့ချီးဖွယ်ရာလိုဏ်ဝိဟာ

ပင်းတယမြို့သည် ပင်လယ်ရေ မျက်နှာပြင် အထက် ၃၇၇၀ ပေ မြင့်၏။ ရွှေဥမင် လိုဏ်ဂူတော်သည်ကား ၄၉၇၀ ပေ မြင့်၏။ ထို့ကြောင့် ရွှေဥမင်ဘုရား အာရုံခံသံပြာသာဒ်ကြီး၏ အရှေ့ဘက်ပြတင်းမှ အရှေ့မြောက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် ပင်းတယကန်ကြီးကို ဝန်းရံထားသော မြို့ရှုခင်းကို အပေါ်စီး အမြင်ဖြင့် သာတောင့် သာယာ ရှုမြင်ကြရပါသည်။

မြို့အလှကို မျက်စိပသာဒ အရသာခံရင်း ခေတ္တခဏ အပန်းဖြေပြီးနောက် လိုဏ်ဂူတော်ဘက်သို့ မျက်နှာ မူလိုက်သည် ဆိုလျှင်ပင် သဘာဝ အသင်းရောင်၊ လျှပ်စစ် မီးရောင်တို့ အောက်ဝယ် ရွှေရောင် ဝင်းနေသော ဘုရားအဆူဆူတို့ကို လှမ်း၍ ဖူးမြင်လိုက်ရပါလိမ့်မည်။ ဤမျှလောက် ချောင်ကျသော နေရာတွင် ဤမျှလောက် များပြား၍ ကြည်ညိုဖွယ်ရာ ခမ်းနားသိုက်မြိုက်လှစွာ ရှိတော်မူနေကြပုံကို အံ့သြကြရ ပါလိမ့်မည်။ သို့ရာတွင်

အံ့ဩမှုကို ချွေချွေ တာတာ သုံးစွဲတင်ရန် လိုအပ်ပါသည်။ အဝင်က ၁ဝ ထစ်သော လှေကားတို့ကို တစ်ထစ်ချင်း လှမ်းတက်လာရာတွင် တစ်ထစ်တက် တစ်ထစ် ပို၍ပို၍ အံ့ဩဖွယ်ရာများကို တွေ့မြင်ကြ ရပါလိမ့်မည်။ အပေါ်ဆုံးသို့ ရောက်လာချိန်တွင်ကား အံ့ဩမှု၊ ဝမ်းသာမှု၊ ကြည်ညို သဒ္ဓါ ထက်သန်လာမှုတို့ဖြင့် အားပါးတရ ဦးချရှိခိုး ကြရပါတော့သည်။

ဘယ်ဗြဟ္မာ ဘယ်သိကြားကမှ လာ၍ ဖန်ဆင်းထားသည် မဟုတ်။ သူ့သဘာဝအလျောက် ရှေးပဝေသဏီက တည်ရှိခဲ့သော ကျောက်သားလိုဏ်ဂူကြီး၊ ကျောက်သားထဲမှာ ပါဝင်နေသော ထုံးခဲဓာတ်တို့သည် တစ်စတစ်စ မိုးရေထဲမှာ ပျော်ဝင်စီးထွက် သွားကြရမှ ကျောက်သားလိုဏ်ဂူကြီး ဖြစ်ပေါ် ကျန်ရစ်ခဲ့သည်ဟု ပညာရှင်များက မှန်းဆကြပါသည်။ လိုဏ်ဂူတော်ကြီး ဘယ်မျှ ကြီးသနည်း ဆိုသော်...အဝင်၏ လက်ဝဲဘက်တွင် အတောင် ၅ဝ မြင့်သော ရွှေဥမင် စေတီတော်ကြီး တစ်ဆူလုံး တည်ရှိနေရာတွင်ပင် အထက်မှာ အများကြီး နေရာလပ် ကျန်နေသေး၏။ မြင့်မားသော ခေါင်မိုးခုံးခုံးကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်မှ မှုန်မှုန်ဝါးဝါး မြင်ရ၏။

## ရွှေဥမင်စေတီတော်

အဆူလုံးပြည့် ရွှေရောင် ဝင်းအိနေသော ဤစေတီတော်သည်ကား ပွဲတော်ရ ရွှေဥမင် စေတီတော် ပါပေတည်း။ သာသနာ့ဒါယကာ သိရိဓမ္မာသောက မင်းတရားကြီး၏ ရှစ်သောင်းလေးထောင် [illegible] ဘ်များတွင် တစ်ဆူ အပါအဝင်

ဖြစ်ကာ ပုဂံပြည် အလောင်းစည်သူ မင်းကြီးက ထပ်မံ ပြုပြင် တည်ထားခဲ့သည်ဟု ပြောရိုးဆိုစဉ် ရှိခဲ့ပါပေသည်။

လိုဏ်ဂူတော်ကြီးသည် အထက်မှာ မြင့်မားလှသည်နှင့် အမျှ အောက်မှာလည်း ကျယ်ဝန်းလှ၏။ ဤမျှလောက် မြင့်မား၍ ဤမျှလောက် ကျယ်ဝန်းနေသော လိုဏ်ဂူတော် ကြီးထဲတွင် ရုပ်ပွားတော်ကြီး များစွာလည်း အစီအရီ ရှိတော်မူ နေကြ၏။ တစ်ဆူ၏ နောက်မှာ တစ်ဆူက အဆင့်ဆင့် မြင့်ကာ မြင့်စွာဖြင့် သီတင်းသုံးလျက် ရှိတော်မူနေကြ၏။ ဝါးပိုးလှေခါးကြီးတဆုံး မက မြင့်မားလှသော ကျောက်ဂူနံရံ ထက်မှာပင် ဘုရားကိုယ် တော်များ ရှိတော်မူကြ၏။ ဘုရား တစ်ဆူနှင့် တစ်ဆူ အကြား ရနိုင်သမျှသော နေရာလပ်ကလေး များမှာပင် ဆင်းတုတော် ငယ်တို့ကို သင့်တင့် လျောက်ပတ်အောင် ထားခဲ့တတ်ကြပါ ပေသည်။

## ဇမ္ဗုပတိ ရုပ်ပွားတော်ကြီး

ခေတ်အဆက်ဆက်က လက်ရာ အမျိုးမျိုး၊ ဥာဏ်တော် အမျိုး မျိုး၊ အနေအထား အမျိုးမျိုးဖြင့် ရွှေရောင် ဝင်းနေသော ရုပ် ပွားတော် များသည် လိုဏ်ဂူတော်ကြီး ထဲမှာ နေရာ မလပ် အထပ်ထပ် သီတင်းသုံးတော်မူလျက် ရှိကြ၏။ လိုဏ်ဂူဝသို့ ဝင် လျှင် ဝင်ချင်း ဝင်းခနဲနေသော ရုပ်ပွားတော်ကြီးစွာ ဇမ္ဗုပတိ ရုပ်ပွားတော်ကြီး ဖြစ်ပါ၏။ လှပဆန်းကြယ်သော မကိုဋ်တော် ကြီးမားသည်နှင့်အမျှ လှလှပပ အနုစိတ်နိုင်သမျှ စိတ်၍ ပြုထား သော နားကင်းတော်၊ ပခုံးတော် နှစ်ဖက်မှသည် ရင်ခွင်သို့ သွယ်ပျောင်း လျော့ဆင်းနေကြသော စလွယ်ကြိုးများ၊ အဆန်း

တကြွယ် ထုတား:သော ဘယက်တော်၊ လက်မောင်းတော် နှစ်ဖက်မှာ ရစ်ခွေထားသော အဆင်တန်ဆာများ၊ ကြိုကဲ့သို့သော မင်းဝတ် တန်ဆာတို့မှာ တရားမင်း အဖြစ်ကို ဖော်ညွှန်းထားသည်ဟု ယူဆရပါသည်။ နေရာမလပ် ပြည့်ကျပ်နေသော ဘုရားကိုယ်တော်များ၊ အကြားဝယ် ရဟန္တာ သာဝက ပုံတော်များကိုလည်း ကတ်ကတ်သတ်သတ်ဖူးတွေ့နိုင်ပါသေးသည်။ ရှေးဆုံးနေရာမှာ အပူဇော် ခံတော်မူနေကြသော ရုပ်ပွားတော် များမှာ မန္တလေးခေတ် လက်ရာဖြစ်၍ ကြုံနေရာသို့ နောက်ဆုံးမှ ရောက်ရှိတော်မူ လာကြဟန် ရှိပါသည်။ ဘယ်ခေတ်က လက်ရာဖြစ်စေ၊ ဘယ်လိုပုံသဏ္ဌာန်နှင့် ဖြစ်စေ ကြည်ညိုဖွယ်ရာ သပ္ပာယ်ကြသည်ချည်းသာ ဖြစ်ပါသည်။

## အသပ္ပာယ်ဆုံး ရုပ်ပွားတော်

ထိုရုပ်ပွားတော် များထဲမှ ထူးထူး ခြားခြား သပ္ပာယ်လှသော ရုပ်ပွားတော်မှာ အဝင်ဝ တောင်ဘက်မှ အနောက်သို့ မျက်နှာမူတော်မူသော ရုပ်ပွားတော် ဖြစ်ပါသည်။

ဝဲဘက်ဆက်တော်က ရင်ခွင်ထက်မှာ ပက်လက်လှန် ဖြန့်ခင်းလျက်၊ ယာဘက်လက်တော်က ဘူမိဖဿမုဒြာဖြင့် ပလ္လင်တော်အထိ ဖြန့်ချထားလျှင် မျက်လွှာချကာ ဈာန်သမာပတ် ဝင်စားလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ရုပ်ပွားတော်မှာ သက်တော်ထင်ရှား ဘုရားကိုယ်တော် မြတ်ကြီး၏ တည်ကြည်ငြိမ်သက်သော စိတ်သဘောကို ထင်ဟပ် ပြဆိုထားသကဲ့သို့ ရှိပါတော့၏။

မျက်နှာတော် အနေ အထားမှာ ပုဂံခေတ် လက်ရာများ ကဲ့သို့ အိန္ဒိယ မဆန်ပါ။ မန္တလေးခေတ်၊ သို့မဟုတ် ကုန်းဘောင် ခေတ်နှောင်း လက်ရာများကဲ့သို့သည်း မျက်ခုံးဘော် နိမ့်ခလာ သေးပါ။ သမ္မာ သခမ္မာဝိ ဥာဏ်တော် ပေါ်ထွန်း လာသော အထိမ်းအမှတ်အဖြစ်ဖြင့် ရှေးကျသော ဘုရား ပုံတော်များတွင် ထိပ်တော်ထက်၌ မီးညွန့်မီးလျှံသဏ္ဍာန် ထည့်ထားခဲ့ကြ၏။ ဤ ရုပ်ပွားတော်တွင်မူ ထိုမီးညွန့် မီးလျှံ သဏ္ဍာန်အတိုင်း မထည့် ကြတော့ဘဲ ဦးခေါင်းတော်နှင့် လိုက်လျောစေရန် ဥဏ္ဏှာလုံခေါ် မှုန်ကင်းတော်ကို ဖူးတွေ့ရ၏။ ထိုအောက်မှ မို့မောက်နေသော ရောင်လျှံတော် သည်ကား ဘုရားရှင်၏ ဆံတော်သည် အမြဲ တခ လက်နှစ်သစ်မျှ ရှိနေကြောင်း ဖော်ညွှန်း ထားခြင်း ဖြစ်၏။ ဆံတော်ကို ဖော်ပြနိုင်ရန် ထူးထူး ခြားခြား ပြုပြင် မထားဘဲ ပြောင်ချော အတိုင်း ထားကာ ဆံစပ်တော်ကိုသာ သိသာရုံ ဖော်ပြထား၏။ ဤသို့ရှင်းရှင်းသင်းလင်း ထားရှိခြင်း ကြောင့်ပင် ဤရုပ်ပွားတော်အဖို့ ပိုမို၍ သပ္ပာယ် နေပါသည်။

ထိုရောင်လျှံတော်၊ ဆံစပ်တော် များနှင့် လိုက်လျောစွာ ကျယ်ပြန့်လှသော မဟာနဖူးတော်ကို မြင့်သက်နေသောမျက်ခုံး တော်များက ထိန်းပေးထား ကြ၏။ ဖြောင့်စင်းသော နှာတံ တော်သည် အိန္ဒိယ မဆန်ဘဲ ပေါ်လွင် ထင်ရှားလှ၏။ မျက်နှာ တော် တစ်ခုလုံးကို ဗဟိုချက် နေရာမှ ထိန်းပေးထား၏။ ပိုပိုရိုရို စေ့စပ်နေသော နှုတ်ခမ်းတော် များမှာ နှာခေါင်းတော်နှင့် ပန်းတင့်ရုံလောက်သာ ရှိနေကြ၏။ ထို့ကြောင့်လည်း အထက် ထား၍ အောက်မှာ ရှူးသွားသော မျက်နှာတော်နှင့် လိုက်ဖက်

နေပါ၏။ နားရွက်တော် အစုံမှာလည်း....ရွှေးပုံစံ အတိုင်း ပခုံးတော်မှာ ထိလျက် ရှိနေကြ၏။ မျက်နှာတော် တစ်ခုလုံးကို ခြုံ၍ ဖူးလိုက်ရသောအခါ ပျိုမျစ်သော ခွန်အား ဗလ၊ ပြည့်ဝသော တည်ကြည် ငြိမ်သက်သော သဘော လက္ခဏာ တို့ကို တွေ့ရှိနိုင်ပါသည်။

လည်ရေကိုးဆင့်ဖြင့် တင့်တယ်ပြည့်ဖြိုး၍ ကျယ်ပြန့် လှသော လည်တိုင်တော်မှာ ဖွံ့ဖြိုးလှသော ရင်ပြင်တော်နှင့် လိုက်လျော လှပါ၏။ ထိုရင်ပြင်တော်ကို တုတ်ခိုင်ပြည့်ဖြိုး၍ ပြေပြစ်လှသော လက်ရုံးနှစ်ဆူတို့က အထောက်အကူပြုထားကြ၏။ သီဟ ပုဗ္ဗဒ္ဓကာယဟူသော မဟာပုရိသ လက္ခဏာအတိုင်းပင် ဖြစ်ပါသည်။ ထိုခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ခန္ဓာနှင့် တူညီလှသောလက္ခဏာတော်ကို ပေါ်လွင်စေရန် သင်္ကန်းတော်ကို ပါးပါး လျားလျား အသားတော်နှင့် ကပ်နေဘိသကဲ့သို့ ထုလုပ် ထားပါသည်။

မို့မောက်ကျယ်ပြန့်သော ရင်ပြင်တော်သည် ပါးပါး လျားလျား ဝမ်းဗိုက်တော်နှင့် ကျစ်လျစ်သော ခါးတော် တို့ကြောင့် ပိုမို၍ ပေါ်လွင် တင့်တယ် နေခြင်း ဖြစ်၏။ ပါးလျားသော ဝမ်းဗိုက်တော်သည် အစားအသောက်၏ အတိုင်း အရှည်ကို သိတော်မူသော ဘုရားရှင်၏ ဂုဏ်တော်ကို ပူဇော်ထားခြင်း ဖြစ်၏။ ကျစ်လျစ်၍ တည့်တည့် မတ်မတ် တည်ရှိနေသော ခါးတော်သည် ကမ္မဋ္ဌာန်း ဘာဝနာ ပွားများသော အခါ ကိုယ်ကို မတ်မတ် ထားရမည် ဟူသော ဟောကြားချက်ကို လက်တွေ့ ပြနေသကဲ့သို့ ဖြစ်ပါသည်။

## စံပြတံကဲနှင့် စံပြပလ္လင်

အတွန့်အလိပ် အပြင်အဆင် မရှိသော ချောမွတ် ပြေပြစ်လှ စွာသော ရုပ်ပွားတော်သည် ကနုတ်ပန်းတွေ စေ့စေ့ဆာ၍ နေသော တံကဲရှေ့တွင် ထင်းထင်းကြီး ပေါ်လွင်နေပါ၏။

ဤတံကဲမှာ မန္တလေးခေတ်လက်ရာ ခုခေတ်တံကဲ မဟုတ်ဘဲ ညောင်ရွက်ကို အဖျားသောင်ထားသည့် ပုံစံ ဖြစ်၏။ ရွှေဥမင် လိုဏ်ဂူတော်အတွင်းရှိ တံကဲအားလုံး လိုလိုမှာလည်း ဤပုံစံ အတိုင်းသာရှိကြ၏။ အချို့က ရိုးရိုးရှင်းရှင်း၊ အချို့မှာတော့ အဆန်းတကြယ် အချွန်ခက္ခ အတက်ခက္ခ ခပ်များများ၊ အမွန်း အပြောက်တွေက နှုန့်စိတ်စိတ်၊ အားလုံး သူ့ပုံစံနှင့် သူ ကြည့်၍ကောင်းသည်ချည်းဖြစ်၏၊ သို့ရာတွင် အသက်ပါတံကဲ ကား တံကဲအားလုံးထက် ကြည့်၍ကောင်းနေပါသည်။

လက်စွမ်းကုန် အနုစိတ်သားသော ကနုတ်ပန်းများအောက်တွင် သံကိုရိုသော ဘာဘစ်ခွမျှ မရှိပါပေ။ ကျောက်အင်္ဂတေ သက်သက်ဖြင့် ထုလုပ်သားခြင်းသာ ဖြစ်၏၊ တံကဲ၏ ဘောင် နေရာတွင် ညှာဘာဘစ်ခုဘည်းမှ ဆင့်ကာဆင့်ကာ ပွင့်နေကြ သော ပန်းပွင့်များဖြြင့် သရုပ်ဖော်သား၏။ ပန်းပွင့် ဆိုသော် လည်း သာမန်မျှ မဟုတ်ချေ။ အတိုအရှည်၊ အခွေအလိပ်၊ အဘည့်အစောင်း စသောအခနအထား အမျိုးမျိုးဖြင့် တစ်ပွင့် နှင့် တစ်ပွင့် မတူအောင် ကြိုးစားသား၏၊ ဘယ်ဘက်နှင့်ညာ ဘက်နေရာချင်း တူသော ပန်းပွင့်များပင် ထပ်တူကြီးမဟုတ်ကြ ပေ။ ဘောင်၏ အတွင်းသားတွင် အကျော်အနင်း၊ အဆင်း အတက်တို့ဖြင့် အနုစိတ်လှသော ကနုတ်ပန်းခွေများ ထည့်ထား

၏။ ဘောင်နှင့်ရှပ် ပွားတော်စင်ကြား ရနိုင်သမျှသော နေရာနှင့် အံဝင်ခွင်ကျ ရှိနေ၏။ နံဘေးမှ ဘောင်နှင့်ဖက်တွယ်သည့် ဦးခေါင်းတော်၏ နောက်တွင် ပေါင်းခုံမိုကာ လက်အုပ်ချီထားသကဲ့သို့ ဖြားလန့်နေသော ထိုလက်အုပ်ထဲငယ် ပူဇော်ဖွယ်ရာ ပန်းပဒေသာကို မြှောက်ချီထားသကဲ့သို့ ရှိနေပါသည်။

ထို့အတူပင် အောက်ခြေမှ ပလ္လင်မှာလည်း ရုဇပလ္လင် မဟုတ်ဘဲ ပျော့ပလ္လင်သာဖြစ်ပါ၏။ အောက်ခြေမှာကားကား၊ ခါးလယ်က တော်ဝင်၊ အထက်ဖျားမှာ အတန်ငယ်သာ ကားသော ပုံစံသည် ဝက်ကဲကို ပုံမှိ၍ တင့်တယ်စေပါ၏။ ပလ္လင်၏ ခါးအောက်ပိုင်းဆီမှ စတင်၍ အခြေပြုလာသော တံကဲဖိုင်းသည် အထက်ပိုင်းကို တောင်းတောင်းကြီး အထောက်အကူ ပေးပါ၏။ ပလ္လင်၏ အဆင့်တိုင်းမှာလည်း တစ်ခုနှင့်တစ်ခု မတူညီသော ကနုတ်ပန်းခွေများ ထုလုပ်ထားပါသည်။

ဤမျှလောက် အဘက်ဘက်၏ ပသာဒဂုဏ်မြောက်လှသော လက်ရာမွန်ကို အကောင်းဆုံး နေရာတွင် အသင့်လျော်ဆုံးသော အနေအထားဖြင့် ပူဇော်ထားခဲ့ကြသော ရှေးရှေးတပါရမီရှင်ကြီးများအား သာဓုခေါ်ထိုက်လှပါသည်။ မြောက်မြားလှစွာသော ရုပ်ပွားတော်တွေ့အနက်မှ ဤတစ်ဆူတည်းကို ဤမျှလောက် ဖွင့်ဆိုနေခြင်းမှာ အခွင့်သင့်၍ ရှေ့တော်မှောက်သို့ ရောက်ရှိခိုက်တွင် စေ့စေ့စပ်စပ်သုံးသပ်ကာ အားပါးတရ ကြည်ညိုစေချင်သောကြောင့် ဖြစ်ပါသည်။ တကယ်တော့ဖြင့် ဤဖွင့်ဆိုချက်မှာ ဆက်လက်၍ လေ့လာနိုင်အောင် မိတ်ဆက်ပေးသော သဘောမျှသာ ရှိပါသည်။

ဒုတိယအကြိမ်

## ပျားအုံဘုရား

လိုဏ်ဂူတော်ကြီး အတွင်းပိုင်းသို့ မဝင်သေးမီ ထူးခြားသော ရုပ်ပွားတော် များကိုလည်း ဖူးသင့်ပါသေးသည်။ ထိုရုပ်ပွားတော်များမှာ တစ်လက်မ ပတ်ဝန်းကျင်ခန့်ရှိ၍ အဝင်ဝ မြောက်ဘက်နံရံတွင် တစ်ဆူနှင့်တစ်ဆူ ထိလျက်ကပ်လျက် အတန်းလိုက် သိတင်းသုံးတော် မူနေကြ၏။ နံရံတစ်ခုခုပေါ်မှာ ပျားအုံစွဲနေသည် နှင့်တူသဖြင့်ပျားအုံဘုရားဟု ခေါ်ဝေါ်ကြပါသည်။ ထိုဘုရားကိုယ်တော် လေးများကို အန္တရာယ်ကင်းစွာဖြင့် ဘုရားဖူး အချို့က ယူသွားကြသဖြင့် တစ်ဝက် လောက်သာ ကျန်ပါတော့သည်။

တစ်ခါ တစ်ခေါက် ရောက်ခွင့်ကြုံလာ ကြရသော ဘုရားဖူးများအဖို့ ဤဘုရားကို တော်တော်နှင့် ဖူး၍ ဝနိုင် ကြမည် မဟုတ်ပါ။ သို့ရာတွင် လိုဏ်ဂူတော် အတွင်းပိုင်းတွင် ဤနေရာထက် အဆ များစွာ ဖူးစရာတွေ ရှိနေကြပါ သေးသည်။ ထိုဘုရားများကို အဖူးအမြော် သွားရမည့် လမ်းသည်လည်း ထိုဘုရားများ၏ အကြားမှပင် ရှိနေပါသည်။ ထိုနေရာများကို သာမန် အလင်းရောင် မရောက်နိုင်တော့ပါ။ လျှပ်စစ် ဓာတ်မီးများ ထွန်းထား၍သာ လင်းလင်း ထင်းထင်း ရှိနေပါသည်။ ရနိုင်သမျှသော နေရာများတွင် ဘုရား ကိုယ်တော် အရွယ်ရွယ် အစားစားတို့မှာ တစ်ပါးနောက်မှာ တစ်ပါးကဆင့်လျက် မြင့်လျက် ရှိတော်မူကြ၏။ နေရာကို အရအမိ ယူထားရသဖြင့် အချို့ရုပ်ပွားတော်များ၏ရှေ့တွင် အခြားတစ်ပါး ကတစောင်း ရှိနေတော်မူရ၏။ ကျောချင်း တပ်ရသည်လည်း ရှိ၏။ ဒူးတော်

ချင်း ထိနေသည်လည်း ရှိ၏။ အချို့ ရုပ်ပွားတော်များမှာ ဤနေရာမှာပင် ထုလုပ် ကိုးကွယ် ထားခြင်းဖြစ်၍ အချို့ ရုပ်ပွားတော်များကား အခြားနေရာများမှ ပင့်ဆောင် ထားကြခြင်း ဖြစ်ပါလိမ့်မည်။ ဤဘုရားများ စတင်တည်ထားကြောက ယခုလို လျှပ်စစ်မီးများလည်း မပေါ်လာသေးပါ။ လက်ဆွဲခဲ့တံမီးများလည်း မရှိကြသေးပါ။ ရေနံချေး မီးတိုင်၊ ပျားဖယောင်းတိုင်၊ သို့မဟုတ် ကသည်ဆီ မီးတိုင်များ ဖြင့်သာ အလုပ်လုပ်ကြရပါလိမ့်မည်။ ထို့ကြောင့် လိုဏ်ဂူ အပေါ် ပိုင်းတွင် ကျပ်ခိုးများ စွဲနေကြခြင်း ဖြစ်ပါလိမ့်မည်။

## ဘေသဇ္ဇဂုရု ရုပ်ပွားတော်များ

ပုံသဏ္ဍာန် အမျိုးမျိုးရှိသော ရုပ်ပွားတော်များ ထဲတွင် ဆူရ ၇၀ ကျော်မျှ ပါဝင်နေ သည်ကား ဘေသဇ္ဇဂုရု ရုပ်ပွားတော်များ ဖြစ်ပါ၏။ "ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူ နေကြသော ထိုရုပ်ပွားတော်များ၏ ဝဲဘက် လက်ဝါးတော် ထက်တွင် အမြိုက်ရေစင်အိုး ရှိနေ၏။ လက်ယာ ဒူးတော်မှာ ဖြန့်ချထားသော လက်တော်တွင် ဖန်ခါးသီး ရှိနေ၏။

ဖန်ခါးသီးကို ကိုင်ထားရာတွင် လက်ညှိုး လက်မတို့ဖြင့် ကိုင်သည်လည်း ရှိ၏။ လက်မ လက်ခလယ် တို့ဖြင့် ကိုင်သည်လည်း ရှိ၏။ လက်ညှိုးနှင့် လက်ဖဝါး ညှပ်၍ ကိုင်သည်လည်း ရှိ၏။

လက်ညှိုး လက်ခလယ် နှစ်ချောင်းနှင့် လက်ဖဝါး ညှပ်၍ ကိုင်သည်လည်း ရှိ၏။ လက်ညှိုး၊ လက်ဖဝါး၊ ညှပ် ကိုင် ထားသော လက်အောက်တွင် ဆင်ကလေး တစ်ကောင် ပါရှိသော

ဆင်းတုတော်ကိုလည်း ဖူးတွေ့ရ၏။ စိတ်ရှည် လက်ရှည် အချိန်ယူ၍ ရှာဖွေပါလျှင် ဤ'ဘေသဇ္ဇဂုရု ဆင်းတုတော်' များကို တွေ့နိုင်ပါသည်။

ဤဆင်းတုတော်မှာ ပါရှိသော အမြိုက်ရေစင်သည် ပြန့်သည် နုပျိုခြင်း၊ အသက် ရှည်ခြင်းကို ရည်သွန်း ပါသည်။ ဖန်ခါး သီးက ဆေးဝါးပစ္စည်း အားလုံးသို့ ကိုယ်စား ပြုသည့်အတွက် အနာရောဂါ ပျောက်ကင်းခြင်း၊ ကျန်းမာခြင်းတို့ကို ရည်သွန်း ပါသည်။ ဤသို့သော ဆုသဘာကို လိုသားသူများက ဤပုံတော်ရှေ့မှာ ဆုတောင်းခဲ့ကြဟန် ရှိပါသည်။

## တံခွန်တိုင် သမ္မုဒ္ဒေဘုရား

ကျောက်၊ အုတ်၊ အင်္ဂတေတို့ဖြင့် ဆောက်လုပ်ထားသော ရုပ်ပွားတော်ကြီးများကြား ကျဉ်းမြောင်း လှသော လမ်းကလေးများအတိုင်း လျှောက်၍ ဖူးမြော်ကြရာ တစ်နေရာ၌ သစ်သားလက်ရာ ရုပ်ပွားတော် များကို ဘွားခနဲ တွေ့ကြရပါသည်။ ထိုရုပ်ပွားတော်များကို ကျွန်းပြားကြီး ပေါ်မှာ ထွင်းထုထား၏။ ကျွန်းပြား တစ်ပြားပေါ်မှာ ရုပ်ပွားတော် အဆူ ၆၀ ရှိပါသည်။ ထိုကျဉ်ပြားကြီး ၆ ချပ်ကို ဘစ်ချက်နှာ ထားကာ ပျဉ်ပြား ၂၄ ပြားဖြင့် စေတီတော်၏ အောက်ခံ တိုက်သဖွယ် ပြုလုပ်ထား၏။ ထိုတိုက်ပေါ်တွင် လက်ရာမြောက်သော တံကဲ တစ်ခုနှင့် ဘုရားတစ်ဆူ ပူဇော်ထားပါသည်၊ ထိုရုပ်ပွားတော်၏ ကျောဘက်မှာနေ၍ တံခွန်တိုင်သဖွယ် စေတီချွန်ချွန် တစ်ခုရှိရာ ထိုစေတီတော် မှာလည်း ရုပ်ပွားတော်များ ထွင်းထု ထား၏။

ဦးထိပ်တွင် ထုံးစံအတိုင်း ရွှေထီးတော် တင်ထားပါသည်။ ဘုရားကိုယ်တော် ထလေးဇော့ အတန်းလိုက် အစီအရီ ရှိနေသည်ကို အကြောင်းပြုကာ 'တံခွန်တိုင် သမ္ဗုဒ္ဓေ ဘုရား'ဟု ခေါ်ဝေါ်လာကြပါသည်။

## ဆင်ခံဘုရားနှင့် ဆင်အယူအဆ

တံခွန်တိုင် သမ္ဗုဒ္ဓေ ဘုရားအနီးမှာပင် ဆင်ငါးကောင် ခံသော ဘုရားငါးဆူ ရှိပါ၏။ ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်က ဆင်စီး၍ ဒေသစာရီ လှည့်လည်တော် မူခြင်း မရှိခဲ့ပါ။ ဆင်ထက်မှာ သီတင်း သုံးတော်မူသည် ဟူ၍လည်း မရှိဖူးပါ။ သို့ဖြစ်၍ ခေတ်အဆက်ဆက်၌ ဆင်ခံဘုရားများ ထုလုပ် ကိုးကွယ်ခြင်းမှာ ပိဋက ကျမ်းဂန် အဆို အမိန့် အရ မဟုတ်နိုင်ပါ။ လောကီ ဆိုင်ရာ အစီအမံ တစ်ခုနှင့် ဆက်စပ် ထားခြင်းသာ ဖြစ်ရာ ရှိပါသည်။ ဆင်သည် ဗုဒ္ဓဟူးနံ၏ နံစောင့် သတ္တဝါ ဖြစ်၍ ဗုဒ္ဓဟူး ဂြိုဟ်ဆက်မှာ ၁၇နှစ်ဖြစ်၏။ ထို့ကြောင့်ဗုဒ္ဓဟူး နံဖြစ်သော တောင်မျက်နှာမှ စတင် ရေတွက်လျက် လက်ယာရစ် ဖြစ်စေ၊ လက်ဝဲရစ် ဖြစ်စေ နောက်ဆုံး ၁၇ ခု မြောက် ဂဏန်းသည် ဗုဒ္ဓဟူး နံပေါ်မှာ ကျရောက်၏။ အခြား ဂြိုဟ်များမှာ ဤသို့ကျရောက်ပါ။ ထို့ကြောင့် ထူးခြားလှသော ဗုဒ္ဓဟူးနံ၏ နံစောင့် သတ္တဝါကို အောက်က ခံကာ ရုပ်ပွားတော်များ ထုလုပ်ခဲ့ကြဟန် ရှိပါသည်။ ထူးခြားသော နံစောင့် သတ္တဝါကြောင့် ထူးထူးခြားခြား အကျိုးပေးမည်ဟု ယုံကြည်ကိုးစားကြဟန် ရှိပါသည်။

ဒုတိယ အကြိမ်

## ချေးထွက်ဘုရား

ထိုဘုရားများမှ နောက်ကြောင်း ပြန်လှည့်၍ အနောက်ဘက်သို့ ဆင်းသွားပါလျှင် လက်ယာဘက် တစ်နေရာတွင် ချေးထွက်ဘုရားကို ဖူးမြင်ကြရပါလိမ့်မည်။ အမှန်အားဖြင့် ဘုရားကိုယ်တော်က ချေးထွက်နေသည် မဟုတ်ပါ။ ဘုရား ကိုယ်တော်၌ ကိုင်ထားသော သစ်စေးသားရိုးမှာ အင်မတန် သိပ်သည်းချော မွတ်လှ၏။ ထိုပြင် လိုဏ်ဂူတော်ကြီးထဲမှာ မြေဓာတ်နှင့် တိုက်သွင်းထားသကဲ့သို့ ရှိနေ၍လား မဆိုနိုင်ပါ။ ကိုယ်တော်ကို လက်ဖဝါးနှင့် အုပ်ကြည့်သော အခါ အေးစက်စက်၊ စိုစိစိ တွေ့ထိရ သကဲ့သို့ ခံစားရ ပါသည်။ ထို့ကြောင့်ပင် ချေးထွက် ဘုရားဟု ခေါ်ဝေါ်ကြဟန် တူပါသည်။

## ကျောက်စို့နှင့် ကျောက်နို့များ

သွားလေရာ လမ်းတစ်လျှောက်တွင် ဦးဝိမလာစာရ လက်ထက် တုန်းက အင်္ဂတေလမ်း ခင်းပေးထားသဖြင့် သက်တောင့်သက် သာ ရှိကြပါ၏။ လှေကားများ ပြုလုပ်ထားသဖြင့် ဘေးကင်း ရန်ကွာ ဆင်နိုင်း တက်နိုင် ကြပါ၏။ ထိုမှ အနောက်ဘက်သို့ ခပ်ပြေပြေ ဆင်းသွားကြသောအခါ ဆုတောင်းပြည့် ဘုရားနှင့် ဆင်ချည်တိုင်, မြင်းချည်တိုင် တို့သို့ ရောက်ပါသည်။ ဆင်ချည် တိုင်, မြင်းချည်တိုင် ဆိုသော်လည်း အဟုတ် တကယ် ဆင်တွေ မြင်းတွေ ချည်ခဲ့ကြ၍ ဟုတ်မည်မထင်ပါ။ ဘုရင်များ မင်းသမီး မင်းသားများ ဘုရားဖူး လာကြသောအခါ သူတို့၏ ဆင်များ

မြင်းများကို ကျွဲနေရာတွင် ချည်ထားပေ လိမ့်မည် ဟူသော သဘောဖြင့် ပြောဆိုခဲ့ကြခြင်းသာ ဖြစ်ပါလိမ့်မည်။

အသက်မှ တစ်စက်စက်ကျနေသောထုံးကျောက်ချည် များမှ အနည်အနှစ်များ ထပ်ကာထပ်ကာ စုဝေး လာရာမှ ကျောက်သားဖြစ်ကာ ပေါက်နေကြခြင်း ဖြစ်ပါသည်။

ထို့အပြင် ရှင်ဥပဂုတ်နှင့် မံဘုရားကြီး အနီးမှာလည်း ဂူ၏ ခေါင်မိုးမှ တွဲကျနေသော ကျောက်ခမောင်းကြီးများ ရှိကြ၏။ ကျောက်စို့ကဲ့သို့ပင် အမိုးပေါ်မှ တစ်စက်စက် ကျနေသော ထုံးကျောက်ရည်ကို စုဒါးကာ တွဲခိုသာကြခြင်း ဖြစ်ပါသည်။ အခြားနေရာ၌ ကျောက်နို့ဟူ၍ ခေါ်ကြပါသည်။ ထိုကျောက်မောင်းကြီး များကို အသင့် ရှိနေသော ဝါးလုံးကြီး များဖြင့် ထုံးလိုက်သောအခါ မောင်းသံလိုလို တုန်ဟည်းသံ ထွက်ပေါ် လာပါသည်။

ထိုမှတစ်ဆင့် မြောက်ဘက်သို့ ဆင်းသွားပြန်သော် လက်ဝဲဘက်တွင် ချိုင့်ခွက်တစ်ခုထဲမှ မြင့်တက်နေသော ကျောက်ဖျာ တစ်ခုတွေ့ကြရ၏။ ဇော်ဂျီဆေးကြိတ်ခဲ့သောနေရာဟု အဆိုရှိ၏။ ထိုမှ ဆက်လက်၍ သွားသောအခါ လက်ယာဘက်တွင် ရတနာမာန်အောင်စေတီနှင့် နတ်သမီး ရက်အနီးစင်သို့ ရောက်နိုင်၏။ ထိုမှ နောက်ကြောင်း ပြန်လှည့်၍ လမ်းအကိုင်း မြောက်သို့ လိုက်လျှင် ကမ္ဘာ့အေး စေတီသို့ သွားရာ လမ်းခွဲကို တွေ့ရ၏။ စေတီတော်ကို ဦးချပြီး လမ်းမအကိုင်း ပြန်၍ လျှောက်လျှင် ဂူမြောက်ဘက် အဆုံးတွင် ပုဂံခေါက် ခေါ်သော အခေါက်သို့ ဆိုက်ရောက်၏။ ဤအခေါက်အကိုင်း ဝင်၍ လျှောက်သွားလျှင်

ပုဂံသို့ ရောက်သွားလေမည်လော ဟူသော တွေးတောမှုဖြင့် မှည့်ပေါ်ထားကြခြင်း ဖြစ်ပါလိမ့်မည်။

ဤနေရာတွင် ဂူအဆုံး ဖြစ်ပါသည်။ ဝင်ပေါက်မှ စ၍ အဆုံးထိ ၄၉၀ ပေ ရှည်လျားပါသည်။ အပြန်လမ်း အတိုင်း လျှောက်၍ ပြည့်ကျပ်နေသော ဘုရားကိုယ်တော်များကို စေ့စေ့ စပ်စပ် ပြန်၍ ဖူးမြော်လျှင် ဒူးကွက်ကို လက်တော်ဖြင့် ထိနေသော ဘုရား၊ ဆင်ကို လက်တော်ဖြင့် ထိနေသော ဘုရား ကြွက်ကို လက်တော်ဖြင့် ထိနေသော ဘုရားတို့ကိုလည်း ဖူးမြော်ကြရပါလိမ့်မည်။ အထူးအထွေ အဓိပ္ပာယ်ရှိမည်တော့ ဟုတ်ပါ။ လက်တော်သောက်က ကွက်လပ်နေရာကို စိတ်ကူးတည့်ရာ အရုပ် တစ်ခုခုဖြင့် ဖြည့်ထားလိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။ လေးထောင့်ပုံ ရိုးရိုးဖြင့် ဖြည့်ထားသည်လည်း ရှိပါသည်။

## ဗုဒ္ဓဝင်ဆိုင်ရာရုပ်ပုံများ

ထို့ပြင် တောင်ဘက် လိုဏ်ခေါင်းထဲမှ တောင်ဘက် နံရံမှာ ပျားအုံယူလာသော မျောက်ရုပ်ပုံတစ်ခု တွေ့နိုင်ပါသည်။ ဘုရားရှင်သည် ပါလိလေယျက တောမှာ တစ်ပါးတည်း သီတင်းသုံး တော်မူစဉ်က အကြောင်းအရာ တစ်ခုကို ရည်ညွှန်းထားဟန် ရှိပါသည်။ ထိုစဉ်တုန်းက ဘုရားရှင်သည် ပါလိလေယျကဆင် မင်း၏ ပြုစုလုပ်ကျွေးမှုကို ခံယူလျက် သီတင်းသုံးတော်မူခဲ့ရာ မျောက်တစ်ကောင် ကလည်း ဘုရားရှင်ကို ကြည်ညိုလှသဖြင့် ပျားကောင်၊ ပျားဥမရှိ၊ ပျားရည်သာလျှင် အပြည့်ရှိသော ပျားအုံကို ဘုရားရှင်ထံ ဆက်ကပ်ခဲ့ပါသည်။

ဒုတိယ အကြိမ်

ဆက်လက်၍ ဗုဒ္ဓဝင် ဇာတ်ကွက်တစ်ခုကို ရည်ညွှန်းဟန်တူသော ရုပ်ကြွ နှစ်ခုသို့လည်း လေ့လာ သင့်ပါသေးသည်။ လက်ဝဲဘက်မှ နတ်သားတစ်ပါးက ပုရပိုက်ပေါ်တွင် ကလောင်တံဖြင့် ရေးခြစ် နေ၏။ ဘုရားဖူး လာရောက်သူတို့၏ ကုသိုလ်ကောင်းမှုကို ရွှေပေ ပုရပိုက်ဖြင့် မှတ်တမ်း တင်ခြင်း ဖြစ်ပါလိမ့်မည်။ သူ၏နံဘေးတွင် ဒူးတုပ် ထိုင်လျက် နတ်သမီး တစ်ပါးက ဆံပင်မှရေကို ညှစ်လျက် ရှိပါသည်။

ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် မာရ်နတ်ကို အောင်တော်မူရာ၌ စကြဝဠာ အနန္တရေးအထိ ကြောက်မက်ဖွယ်ရာ သတ္တဝါဆိုး အမျိုးမျိုးတို့ဖြင့် တပ်ကြီး ချီတက်လာသော မာရ်နတ်အား ဝသုန္ဒရေ နတ်သားက ဆံမှရေညှစ်၍ မြစ်ကြီး စီးဆင်း စေရာ မာရ်နတ်သား၏ စစ်သည်တော်များ မျောပါသွားကြရသည်ဟု မဟာယာန ကျမ်းစာ များအ ဖွင့်ဆိုကြပါသည်။ ထေရဝါဒ ဗုဒ္ဓဝင် ကျမ်းများတွင်မူ ရန်ပြုလာသော မာရ်နတ်အား ဘုရား အလောင်းတော်က လက်ယာလက်ကို ဆန့်တန်းကာ နောက်ဆုံး လူ့ဘဝ ဝေဿန္တရာမင်း ဖြစ်စဉ်တုန်းက လှူဒါန်းခဲ့သော အလှူတော်ကြီးများကို ထုတ်ဖော် မိန့်ကြားကာ "၎င်း အလှူတော်ကြီးများကို အသင်မြေကြီး သိသည်မဟုတ်လော" ဟု သက်သေ လွှဲတော်မူ၏။ ၎င်းတွင် မဟာ ပထဝီ မြေကြီးသည် အိုးထိန်းစက် ကဲ့သို့ သွက်သွက် ခါအောင် လှုပ်ရှားလေရာ မာရ်နတ်မင်း၏ စစ်သည်တော်များမှာ အလန့်တကြား ပြေးသွားကြ ရပါတော့ သည်။

ဒုတိယအပိုင်း

သို့ဖြစ်ရာ ဤလိုဏ်ဂူသဲမှာ တွေ့ရသော ဆံရေညှစ် နတ်သမီး ရုပ်သည် မဟာယာန ဗုဒ္ဓဝင်ကျမ်းနှင့်လည်း မကိုက်ညီပါ။ ထေရဝါဒ ဗုဒ္ဓဝင်ကျမ်းထွက်လည်း မဟုတ်ပါ။ မဟာယာန ကျမ်းထွက် မြေစောင့်နတ် ဝသုန္ဒရေ ဣတ္ထိလိင် ပြောင်းလဲ၍ တစ်မျိုးတစ်ဖုံပင် ဉာဏ်ထွာထားလေသလောဟု တွေးတောဖွယ်ရာ ရှိပါသည်။

ဤကဲ့သို့ ဗုဒ္ဓဝင် ဇာတ်ကွက်နှင့် ဆက်နွယ်သော ပုံတစ်ပုံတို့ ဘုရားပလ္လင်တစ်ခု၌လည်း တွေ့နိုင်ပါသေးသည်။ ခေါင်းပေါင်း နှမ်ဖက် ထောင်ကာ ဝတ်စား တန်ဆာ ပတ်ဆင် ထားသော ယောကျ်ား နှစ်ယောက်တို့က နံဘေးမှ လက်ခုပ်ချီကာ ပေးလျက်ရှိကြ၏။ အလယ်မှ ပုံသေးသေးက ဆံရည်ညှစ်လျက်ရှိ၏။ ဒူးတုပ်ထိုင်နေသည်ကို ထောက်ဆကာ အမျိုးသမီးပင် ဖြစ်စရာ ရှိပါသည်။ နတ်သမီးကို အားကျကာ ထိုအမျိုးသမီး ကလည်း ဆံရည်ညှစ်ဟန် ရှိပါသည်။ မြောက်ဘက်ဂူနံရံမှာလည်း ဆံရည်ညှစ် အမျိုးသမီးပုံကို ပန်းချီရေးခြယ်၍ ထားပါ သေးသည်။

ထို့အတူပင် တံကဲအချို့မှာ တန်ဆာဆင်ထားသော နဂါးရုပ်များလည်း ဗုဒ္ဓဝင် ဇာတ်ကွက်နှင့် သက်ဆိုင်နိုင် ပါသည်။ ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်အနီး မုစလိန္ဒအိုင် ကမ်းပါး၌ မုစလိန္ဒ သတ္တာဟ စံနေတော်မူစဉ် မိုးကြီး သည်းထန်စွာ ရွာလာသဖြင့် မုစလိန္ဒ နဂါးမင်းက ဘုရားရှင်အား မိုးမစိုစေရန် အရစ် အခွေ တို့ဖြင့် ဆထပ်ထပ် ဝိုင်းပတ် ပြီးလျှင် အပေါ်မှ ကြီးစွာသော ပါးပျဉ်းတို့ဖြင့် ခုနစ်ရက်တိုင်တိုင် မိုးအုပ်ပေးတော်ခဲ့၏။ ဤဇာတ်ကွက်ကို ရည်ညွှန်း၍ နဂါးရုံ ဘုရားများ

ထုလုပ်ကိုးကွယ်ခဲ့ကြခြင်းဖြစ်၍ လိုဏ်ဂူအတွင်းရှိ ဝံကဲများမှ နဂါးများမှာလည်း ဘုရားရှင်နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်မှု ရှိကြပါလိမ့်မည်။

## အလွတ်သက်သက် ရုပ်ပုံများ

ဗုဒ္ဓဝင်ဇာတ်ကွက်နှင့် မဆက်စပ်ဘဲ အလွတ်သက်သက် ထုထွင်းထားသော ရုပ်ပုံများလည်း ရှိပါသေးသည်။ ဘုရားနှစ်ဆူတွဲ အောက်ခံပလ္လင်ပေါ်က လက်ဝှေ့ ရေးပြနေသော ယောကျ်ားနှစ်ယောက်ပုံ ဖြစ်ပါသည်။ ဗုဒ္ဓဝင်နှင့် မဆက်စပ်သော်လည်း ခုန်ပုံလှုပ်ရှားအားကစားစိတ်ဓာတ်အပြည့်ဖြင့် ဟန်ရေးပြနေကြပုံမှာ အားရဖွယ် ကောင်းလှပါသည်။

ထို့အတူ ထုလုပ်သူတို့က အပေါ့ပြယ်တစ်ခုဖြင့် ထုလုပ်ခဲ့ကြသော နဋ္ဌရုပ်၊ တရင်ကျ်ရုပ်နှင့် ဟင်္သာရုပ်များလည်း ရှိပါသည်။ လိုဏ်ဂူထဲမှ ပြန်ထွက်ခါနီး အဆင်း အတက် အထက်ကျကျ နံရံပေါ်ငယ် ပန်းစကြာ တစ်ခု ထွင်းထု ထားသည် ကိုလည်း တွေ့ရှိနိုင်ပါသည်။ ပွင့်ချပ် လေးငါးခု ပါသော ပန်းပွင့်ကို စကြာလည်သကဲ့သို့ ဖြစ်အောင် ရေးထိုးထားပါသည်။

## အလယ်ဂူနှင့် မြောက်ဆုံးဂူ

ဤကဲ့သို့ ရွှေဥမင်လိုဏ်ဂူတော်ကြီးမှ အဆူဆူသော ဘုရားတို့ကို ဦးချ ပူဇော်ပြီးလျှင် အလယ်ဂူနှင့် မြောက်ဆုံးဂူ တို့သို့လည်း စောင်းတန်းအတိုင်းလျှောက်၍ ဖူးမြော်သင့်ပါသည်။ အလယ်ဂူနှင့် မြောက်ဂူတို့မှာ တောင်ဂူကဲ့သို့ အတွင်းသို့ဝင်ရန် မရှိပါ။

ဒုတိယအကြိမ်

ဘုရားကိုယ်တော်များ တည်ထား ပူဇော်နိုင်ရှိသာ ရှိပါသည်။ အလယ်ဂူတွင် ဂန္ဓကုဋိ တိုက်တော်ကြီး တခမ်းတနား ဆောက်လုပ်ထားပါသည်။ အလယ်က ရုပ်ပွားတော်ကြီးကို ဗဟိုပြုလျက် ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်များလည်း ရှိတော်မူကြပါသည်။ ခေတ်အဆက်ဆက်က လက်ရာ အမျိုးမျိုး၊ ပုံဟန် သဏ္ဌာန် အမျိုးမျိုးဖြင့် ရှိတော်မူနေကြပါသည်။ အလယ်ဂူ၏ အောက်တစ်ဆင့်တွင် ဆရာတော် ဦးကုသလ၏ အလယ်ဂူ ကျောင်းရှိပါသည်။

ထိုမှတစ်ဆင့် မြောက်ဘက်သို့ ဆက်၍ လျှောက်သွားလျှင် မြောက်ဆုံးဂူသို့ ရောက်ပါ၏။ အလယ်ဂူ၏ အဆင်းလောက်မှာသာ စောင်းတန်း ရှိပါသည်။ ကျောက်ဆောင် ကျောက်တုံးများပေါ်မှာ ဖြစ်သော်လည်း လူသွားလမ်းကိုမူ ပြေပြေပြစ်ပြစ်ဖြစ်အောင် ကြိုးစား၍ ဖောက်လုပ်ထားပါသည်။ အလယ်ဂူမှာကဲ့သို့ ဂန္ဓကုဋိ တိုက်ကြီး မရှိပါ။ တော်တော် ကျယ်ဝန်းသော ဘုရား တန်ဆောင်းကား ရှိပါသည်။ အကြီးဆုံး ရုပ်ပွားတော်ကြီးကို ခြံရံလျက် ပုံသဏ္ဌာန်အမျိုးမျိုးရှိသော ဘုရားကိုယ်တော် အရွယ်ရွယ်အစားစားတို့ကို အားရစဖွယ် ဖူးမြင်ရပါသည်။

ယခင်က လူသူအရောက်အပေါက် နည်းခဲ့သော မြောက်ဂူသို့ ယခု တိုက်ရိုက် တက်နိုင်ရန် လမ်းကြမ်း ဖောက်လုပ် ထားပါပြီ။ လူသူ အရောက်အပေါက် ..ားလာသည်နှင့် အမျ ကုသိုလ်ရှင်များလည်း တိုးပွား၍ လာကြပါလိမ့်မည်။

# နှစ်စဉ် ပူဇော် ဘုရားပွဲတော်

## တိုင်းရင်းသားမျိုးစုံ ဆုံစည်းရာ

ရွှေဥမင် ဘုရားပွဲတော်ကို စဉ်နှစ် နှစ်တိုင်း တပေါင်းလဆန်း ၁၀ ရက်နေ့မှ စတင်ကာ လပြည့်ကျော် ၂ ရက်နေ့ အထိ ကျင်းပပါသည်။ ရှမ်းပြည်နယ်မှ အထင်ကရ ဘုရားပွဲတော်ကြီး တစ်ခုဖြစ်၍ ရှမ်းပြည်နယ် သာသနာရေး ဦးစီးဌာနမှ ဘုရားပွဲတော်အတွက် အလှူငွေများ ထည့်ဝင်ခဲ့ ရပါသည်။ ရှေးခေတ် အဆက်ဆက်တုန်းကလည်း ပြည်နယ်ဆိုင်ရာက ဤသို့ပင် ထည့်ဝင်ခဲ့ရပါသည်။

ရွှေဥမင်ဘုရားပွဲတော်သည် မြေလတ်ဒေသတစ်ခွင်၌ထင်ရှား ကျော်ကြားသောပွဲတော်ကြီးဖြစ်ပါ၏။ တန်ခူးလဆန်းမှကျင်းပ သော မိုင်းကိုင်းဘုရားပွဲကြီးပြီးလျှင် ရွှေဥမင်ဘုရားက အစည် ကားဆုံးဖြစ်၏။ တောင်ပေါ်ဒေသမှ တိုင်းသား လူမျိုး ပေါင်းစုံကို ဤပွဲတော်မှာ တွေ့ဆုံနိုင်ကြ၏။ မြေပြန့်သားများ နှင့် တရုတ်များလည်း အင်နှင့်အားနှင့်လာရောက်ကြ၏။ တစ်နှစ်

တစ်နှစ်လျှင် ပွဲတော်သာဦးရေ ငါးသောင်း ခြောက်သောင်း လောက် ရှိမည်ဟု ခန့်မှန်းရပါသည်။

ဘုရားပွဲတော်ရက် ရောက်သောအခါ ဘုရားရှေ့မှာ ဆွမ်းတော်ကြီး တင်ကြ၏။ လိုဏ်ဂူတော် အနှံ့ အပြား ဆီမီး၊ ဖယောင်းတိုင်မီးများ မြှိုင်ဆိုင်နေအောင် ထွန်းညှိကြ၏။ ရှေ့မီး နောက်မီး ဆက်သွားအောင် ပူဇော်ကြ၏။ မြို့ခံ ဒေသနာရှင် များနှင့်တကွ ပွဲတော်သာ ပရိသတ်များကပါ သံဃာတော် များကိုဆွမ်းကြီးလောင်း ပွဲတော်ကြီး ကျင်းပကြပါသည်။

တောင်ဘက် စောင်းတန်း အဆင်းမှ စ၍ ကန်ခပ်အထိ လမ်းဘေး တစ်လျှောက်တွင် ဈေးတန်းကြီး ခင်းကျင်းထား၏။ ဈေးတန်းအရှည် တစ်မိုင်နီးပါး ရှိပါလိမ့်မည်။ သို့ရာတွင် မည်သည့်နေရာမှ လူမကျဲပါ။ နေရာတိုင်းမှာ ရောင်းသူ ဝယ်သူ ဈေးတန်း လျှောက်သူများဖြင့် စည်ကားလျက်သာ ရှိပါသည်။

ညောင်ညိုရိပ်သာတည်းခိုစရာ

ဈေးတန်း အရှေ့ဘက်ရှိ ညောင်ပင် များကား ဘုရားဖူး များအတွက် အကောင်းဆုံးသော သဘာဝ တည်းခိုရိပ်သာ များ ဖြစ်ပါ၏။ အနီးပတ်ဝန်းကျင်မှ မြို့များ၊ ကျေးရွာများမှ ဘုရားဖူးများသည် ဘိုးစဉ် ဘောင်ဆက်မှ စ၍ ဤပွဲတော်ကို နွှဲပျော်လာခဲ့ကြသည် ဖြစ်ရာ နှစ်စဉ်နှစ်တိုင်း တည်းခိုနေကျ ညောင်ပင်မှာသာ တည်းခို လာခဲ့ကြ၏။ ထို့ကြောင့် ညောင်ပင် ရှိရှိသမျှမှာ သူ့ပိုင်ရှင်နှင့်သူ ဖြစ်နေကြ၏။ ရှေးခေတ်က ဆိုလျှင် မမိတ္ထီ မြို့ရွာမှ နှစ်စဉ် တည်းခိုနေကျ ညောင်ပင်ဝန်း အောက်မှ လှည်းများကို ပတ်ပတ်လည် နောက်မြီး ထိုးလိုက်

ကြ၏။ လှည်းဝိုင်းအတွင်းမှာ နွားများကိုထားကြရ၏။ ထိုစဉ်က လူဆိုးသူဆိုးတို့ရန်မှ ကာကွယ်ရန် ဖြစ်ပါ၏။ လူများက လှည်းပေါ် လှည်းအောက်မှာ အကာအရံ ကိုယ်စီနှင့် နေတိုင်ကြ၏။ စားအိုးစားခွက် အပြည့်အစုံဖြင့် တပျော်တပါး တည်းခိုချက်ပြုတ် စားသောက်လာခဲ့ကြ၏။ ယခုခေတ်မှာ လှည်းအစား ကားများ ရောက်လာသော်လည်း သူ့နေရာ ကိုယ့်နေရာ ဆိုင်မှတ်ချက်ကား ရှိမြဲရှိနေပါသေးသည်။

တစ်ခုအံ့သြစရာ ကောင်းသည်မှာ ညောင်ပင်ကြီး အချို့မှာ အိုမင်းလှပြီဖြစ်၍ တစ်ခါတစ်ခါ ညောင်ကိုင်းကြီးများ ကျိုးကျတတ်ပါသည်။ သို့ရာတွင် ဘုရားပွဲတော် ကျင်းပနေတုန်းမှာတော့ တစ်ကြိမ်တစ်ခါမျှ မကျိုးကျဖူးပါ။ ပွဲတော်လာ ပရိသတ်များတွင် ညောင်ကိုင်းပိ၍ သေသူ၊ ဒဏ်ရာရသူဟူ၍ ဘယ်တုန်းကမျှ မရှိခဲ့ဖူးပါ၊ ကျိုးချင်း ကျိုးလျှင် ပွဲတော်ရက် မဟုတ်သောအခါတွင်သာ ညောင်ကိုင်းများ ကျိုးကျခဲ့သည်ဟု သိရပါသည်။

ပွဲတော်ရက် များတွင် ပျော်ပွဲရှင်ပွဲများ၊ အားကစားပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပ၏။ ပြည်နယ်နှင့် မြို့နယ်မှ ဌာနဆိုင်ရာ ပြခန်းများလည်း ခင်းကျင်းပြသ၏။ ကုသိုလ်ရေးဘက်သို့ အလေးသာသော လူကြီးသူမ အချို့ကမူ ဘုရားဂူအတွင်းက ချောင်ကျသော နေရာကလေး များတွင် ပုတီးစိပ်လျက်၊ တရားထိုင်လျက် ရှိကြပါသည်။

အံ့သြစရာ၊ ပျော်ရွှင်စရာ ရွှေဥမင်ဘုရားပွဲတော်သို့ တစ်ကြိမ်တစ်ခါ လာရောက်မိလျှင် နောင်နှစ် များ၌လည်း ဆက်အလာ ဆက်တာ လာရောက်ချင်မည်သာ ဖြစ်ပါသတည်း။

ဒုတိယအခန်း

နောက်ဆက်တွဲ

# ကုမ္မာဘယနှင့်ရှင်မိယာ

ပုံဝတ္ထု

ရှေးလွန်လေပြီးသောအခါ....ဗာရာဏသီ ပြည်ကြီး ဝယ် ဗာရာမင်းကြီးသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုစိုးစံခလေ၏။ ထို ဗာရာမင်းကြီး၏ သားတော်ကား ကုမ္မာဘယ မင်းသားဟု အမည်တွင်လေ၏။

ကုမ္မာဘယ မင်းသားသည် ရုပ်ဆင်းအင်္ဂါ ချောမောလှပ၏။ ယောကျာ်းကောင်းတို့၏ ကြွန်အင်လက္ခဏာ တို့နှင့် ပြည့်စုံ၏။ အားခွန်ဗလ သန်မြမ်းလှ၏။ ရဲစွမ်းသတ္တိ ထက်မြက်လှ၏။ မင်းသားတို့ တတ်အပ်သော အင်္ဂါရသ အတတ်ပညာတို့ကို တတ်မြောက်၏။ အထူးသဖြင့် လေး့မြား အတတ်ဘွင် တစ်ဖက်ကမ်းခပ် တတ်မြောက်၏။ တိုင်းသူပြည်သား အပေါင်းတို့သည် ကုမ္မာဘယ မင်းသား၏ ဘုန်းတန်ခိုး ကြီးမားပုံကို တအံ့တသြ ပြောဆို၍ မဆုံးနိုင်အောင် ရှိကြလေ၏။

တစ်နေ့သောအခါဝယ် ခမည်းတော် မင်းကြီးနှင့် မယ်တော် မိဖုရားကြီးတို့က သားတော်အား ရှေ့တော်သို့ ခေါ်ယူကြပြီးလျှင် ''သားတော် မောင်ကုမ္မာဘယ၊ သားတော်သည် အိမ်ရာ တည်ထောင်သင့်သော အရွယ်သို့ ရောက်ပေပြီ။ ခမည်း

တော်မယ်တော်တို့၏ မျိုးရိုးစဉ်ဆက် မပျက်စီး စေရန် အတွက် နန်းတွင်းသူ သမီးကညာ တစ်ယောက်နှင့် သားတော်အား လက်ထပ်ထိမ်းမြား၍ ပေးလိုပါ၏။ သားတော် လက်ခံပါလော့” ဟူ၍ ပြောဆိုကြ၏။ ကုမ္ဘာဘယမင်းသားသည်ကား နန်းတွင်းသူ သမီးကညာနှင့် လက်မထပ်လိုသဖြင့် ခမည်းတော်မယ်တော်တို့၏ စကားကို ငြင်းပယ်လိုက်လေ၏။

ထိုမှတစ်ဖန် ကာလအတန်ကြာသောအခါ ခမည်းတော်မယ်တော်တို့သည် ဤအကြောင်းကိုပင် ထပ်၍ ပြောဆိုကြပြန်၏။ ကုမ္ဘာဘယမင်းသားကလည်း ထပ်၍ ငြင်းပယ်ရပြန်၏။ ထို့နောက် ကုမ္ဘာဘယမင်းသားသည် ဤသို့ကြံစည် တွေးတောမိလေ၏။ “ခမည်းတော်မယ်တော်တို့၏ စကားကို ငါသည် နှစ်ကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့ပြီ၊ သုံးကြိမ်မြောက် ပြောဆိုလာလျှင်ကား ငါ အငြင်းရခက်တော့မည်။ ယခုအခါ သထုံ ပြည့်ရှင်မင်းတရားကြီး၏ သမီးတော်သည် ကောင်းခြင်း ငါးဖြာ လက္ခဏာတို့နှင့် ပြည့်စုံသည်ဟု ကြားသိရ၏။ အမှုကိစ္စ ဟူသမျှတို့တွင် ကျွမ်းကျင်လှသည်ဟု ကျော်စောလှ၏။ ထိုသို့ ကျော်စောသော သတင်းစကား ဟုတ်မှန်မည်၊ မဟုတ်မှန်မည်ကို ငါကိုယ်တိုင် စုံစမ်းသင့်၏။ ခမည်းတော်မယ်တော်တို့ထံ အကြောင်းပြ၍ ခွင့်ပန်သင့်၏”ဟု ကြံစည်တွေးတောမိလေသည်။

ထို့နောက် ကုမ္ဘာဘယမင်းသားသည် သထုံပြည်သို့ သွားလိုပါကြောင်း ခမည်းတော်မယ်တော်များထံ အကြောင်းပြ၍ ခွင့်တောင်းလေရာ ခမည်းတော်မယ်တော် တို့ကလည်း သားတော်အား သွားခွင့် ပြုလိုက်ကြလေ၏။

ဒုတိယအကြိမ်

ကုမ္ဘာဘယ မင်းသားသည် ခမည်းတော်, မယ်တော်တို့ကို ရှိသေစွာရှိခိုးဦးချ၍ လက်ယာယစ်သုံးကြိမ် လှည့်ပတ် ပူဇော်ပြီးလျှင် ဗာရာဏသီပြည်မှ ထွက်ခွာလာခဲ့၏။ သထုံပြည်သို့ ရောက်သော် သော် သာမန်သူဆင်းရဲတစ်ယောက်၏ အသွင်အပြင်ဖြင့် အိမ်တစ်အိမ်၌ တည်းခိုနေထိုင်ကာ အကြောင်းစုံကို ဖုံးဖိနေလေ၏။ သိလိုသမျှ အကြောင်းကြီးငယ်များ သိလာရသောအခါ သထုံမင်းကြီး၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားလေ၏။

သထုံမင်းကြီး အမေးတော်ရှိသောအခါ သာယာချိုသော စကားတို့ဖြင့် လျှောက်တင်၏။ သို့ဖြစ်၍ ကုမ္ဘာဘယ မင်းသားသည် နန်းတော်ကြီး၌ အမှုထမ်းခွင့် ရလေ၏။ နန်းတော်တွင်းသို့ ဝင်ရောက်ရ၍ သမီးတော်ကို ရှုစားရသောအခါ ကြားရသော သတင်းစကားအတိုင်း အပြည့်အဝ ဟုတ်မှန်သည်ကို တွေ့ရ၍ စမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

တစ်နေ့သောအခါ သထုံမင်းကြီးက ကုမ္ဘာဘယမင်းသားကို ရှေ့တော်သို့ခေါ်ယူကာ "အမောင်လုလင်၊ အသင်ကား အဆင်းရုပ်ဝါ တင့်တယ်လှပေ၏။ စကားအရာတွင်လည်း လိမ္မာတတ်ကျွမ်း၏။ ငင်းခမ်းမင်းနားတို့ကိုလည်း နားလည်၏။ သို့ရာတွင် အမောင်လုလင်၏ အမျိုးအနွယ်ကိုကား မသိရသေး။ ကုန်သည် ဆင်းရဲသားတို့၏ အမျိုးအနွယ်ကား ဟုတ်မည်မထင်။ မှန်ရာကို သံတော်ဦး တင်လော့" ဟု အမိန့်တော်ရှိ၏။ ကုမ္ဘာဘယ မင်းသားလည်း ဟုတ်တိုင်းမှန်ရာ သံတော်ဦး တင်လိုက်ရလေ၏။

ထိုအခါ သထုံမင်းကြီးက "အို... အသင်မင်းသား၊ သင်သည် မင်းမျိုးမင်းနွယ် ဖြစ်ပါလျက် ဆင်းရဲဒုက္ခ ခံစား ရလေစွ

ဒုတိယ အကြိမ်

တကား"ဟု ဆိုကာ သမီးတော်နှင့် လက်ထပ်ထိမ်းမြားရှိ ပေးလိုက်လေ၏။ မင်းသားတို့၏ အဆောင်အယောင်ကိုလည်း ချီးမြှင့်အပ်နှင်းလေ၏။

ကုမ္ဘာဘယ မင်းသားသည် သဆုမင်းသမီးနှင့် အဘူဘကူ စံမြန်းနေလေရာ သားတော် တစ်ပါး ရရှိလာ၏။ ဤအချိန်၌ မင်းသမီးနှင့် မိမိတို့၏ ဘဝရေစက်အဟုန် ကုန်ဆုံးလေပြီဖြစ်၍ မင်းသားသည် သဆုပြည်၌ မမွေ့လျော်နိုင် ဖြစ်လာရ၏။ သို့ဖြစ်၍ သဆုပြည်မှထွက်ခွာနိုင်ရေးအတွက် အမျိုးမျိုး ကြံစည် စဉ်းစားလေရာ တစ်နေ့သော အခါ အကြံအစည်တစ်ခု ရရှိလာသဖြင့် မင်းသမီးထံ ချဉ်းကပ်ကာ "အဘယ်....နှမတော်၊ မောင်တော်သည် ခမည်းတော်၊ မယ်တော်တို့ထံမှ ထွက်ခွာလာခဲ့သည့်အချိန်မှစ၍ တစ်ကြိမ်တစ်ခါမျှ ပြန်မရောက်သေးချေ။ မောင်တော်သည် သားမယားနှင့်တကွ ခမည်းတော်၊မယ်တော်တို့ထံ သွားလိုသှပါ၏။ သို့ရာတွင် ချစ်နှမမှာ သားတော်ကလေး ဖွားမြင်ပြီးစဖြစ်၍ အသွားအသားတို့ နုသေး၏။ ထို့ကြောင့် နှမတော်မှာ ခရီးသွားရန် မသင့်သေးပါ။ နေပြည်တော်သို့ ရောက်သျှင်လည်း ကာလရှည်စွာ နေနိုင်ကြမည် မဟုတ်သဖြင့် ပြင်ပန်းရုံသာ ရှိပါတော့မည်။ သို့ဖြစ်၍ မောင်တော် တစ်ပါး တည်းသာ သွားလိုသှပါသည်"ဟု ဖျောင်းဖျ ပြောဆိုလေ၏။

မင်းသမီးကလည်း မင်းသား၏ စကားကို ယုံကြည်လှသဖြင့် "အမောင်၊ အမောင် ပြောသော စကားသည် သင့်လျော်လှပါ၏။ သို့ရာတွင် ရက်လရှည်စွာ မနေပါနှင့်"ဟု ကြိမ်ဖန် များစွာ တောင်းပန်၏။ မင်းသားကလည်း "ရက်လ ရှည်စွာ

မနေပါ။ မြန်မြန်ကြီးပြန်လာခဲ့ပါမည်''ဟု ကတိပေး၏။ ဤတွင် မင်းသမီးက အနူးအညွတ် ခွင့်ပြုလိုက်လေရာ ကုမ္ဘာဘယ မင်းသားသည် လက်စွဲတော် လေးနှင့်မြားကို ယူဆောင်ပြီးလျှင် သထုံမြို့မှ ထွက်ခွာလာခဲ့လေ၏။

(မှတ်ချက်၊ ။ဤသထုံပြည်သည် ဘား ဆီဆိုင်မြို့နယ်ထဲ မှာရှိသောသထုံရွာဟောင်းဖြစ်စရာရှိ၏၊ သထုံပြည့်ရှင်မနူဟာမင်းထံသို့ ပုဂံ အနော်ရထာမင်းက ပိဋကတ်သုံးပုံကို အဘောင်းလွှတ်ရာ မနူ ဟာမင်းက မပေးချင်၍ ပြန် ပြောလိုက်၏၊ အနော်ရထာမင်းသည် စစ်အင်အား အလုံးအရင်းဖြင့် သထုံကို ဝန်းရံတိုက်ခိုက်ကာ မနူဟာမင်းကို ဖမ်းဆီး၍ခေါ်ဆောင်သွား၏။ မြို့ကြီးသည်း ပျက်စီးသွား၏။ ဤတွင် သထုံမြို့မှ ဘောင်သူ လူမျိုးများသည် မြေလတ်ဒေသသို့ တက်ရောက်လာကြကာ မြို့တည်၍ နေကြ၏။ ရှေးယခင်က နေခဲ့ကြသည့် မြို့အတိုင်း ဤမြို့သစ်ကိုသည်း သထုံဟူ၍ပင်မှ ညွှန်ခေါ်ခဲ့ကြသည် ဆို၏။)

ကုမ္ဘာဘယမင်းသားသည် ခရီးစဉ်အတိုင်း တစ်ပါးဘည်း လျှောက်လာခဲ့ရာ ခရည်းတော်ဘုရား၏ ပိုင်နက် အတွင်းရှိ ပေါရိသာဒ်ဘုရားသို့ ဆိုက်ရောက်လာ၏။ သို့ရာတွင် မင်းသား သည် တောတောင်မြေရေ အထွေထွေ ထူးခြားသော အချပ် ဒေသများသို့လှည့်လည်သွားလာခြင်း အလွန်တရာ ဝါသနာထုံ သည်ဖြစ်၍ နေပြည်တော်သို့ ရောက်အောင် မသွားခဲ့ပေ။ ထိုအရပ်မှ အနောက်တောင်ဘက်သို့ ဆက်သက် လျှောက် လာကာ နဂါးပတ်တောင်သို့ ရောက်လာလေ၏။

ဒုတိယ အကြိမ်

နဂါးပတ်တောင်တွင် သိုလှသမားမိန္ဒြိပြည့်စုံသော ရှင်ရသေ့တစ်ပါး သီတင်းသုံးနေ၏။ ရှင်ရသေ့၏ မနီးမဝေးတွင် နဂါးတစ်ကောင်သည် ကုန်းပေါ်မှ ဝင်၍ပင် ဂဠုန်ရန်ကို မကြောက်ရ။ မရှိရပ်ပဲ ရွာနေလာ၏။ တစ်နေသော ဂဠုန်တစ်ကောင်သည် ထိုနဂါးကို မြင်လေရာ စားလိုလှသော အာသာရှိကြက်ဖြင့် အထက်ကောင်းကင်မှဆင်းလာ နဂါးကိုထိုးသုတ်၏။ သို့ရာတွင် နဂါးကား ပါမလာချေ။ ဦးခေါင်းကို ထိုးသုတ်သော်လည်း မရ။ ခါးပိုင်းမှ မချီ၍လည်း မနိုင်။ အဖန်ဖန် အထပ်ထပ် ကြိုးစားသော်လည်း ချည့်နဲ့သာ ဖြစ်ရလေ၏။

ထိုအခါ ဂဠုန်သည်ဤသို့ စဉ်းစားတွေးတော၏။ "နဂါးတို့မည်သည် ဂဠုန်ဆိုလျှင် မြင်ရုံနှင့်ပင် အလွန်တရာကြောက်ကြကုန်၏။ ဤနဂါးသည်ကား မြင်ရုံတွင်မက စားမည်ဘေးကိုပင် မကြောက်ရှိချေ။ ဤအကြောင်းကား ထူးလှချေသည်။ ဥပါယ်တံမျဉ်ဖြင့် ငါသိအောင် စုံစမ်းအံ့"ဟု ဆုံးဖြတ်ကာ လူအသွင်ဖန်ဆင်းလျက် ရှင်ရသေ့ထံ ချဉ်းကပ်လာပြီးလျှင် "အို...အရှင်ရသေ့ ဤနေရာမှမနီးမဝေးတွင် ဂဠုန်တစ်ကောင်သည် နဂါးတစ်ကောင်ကို ဦးခေါင်းမှလည်းထိုးသုတ်၏။ ခါးပိုင်းမှလည်းထိုးသုတ်၏။ အကြိမ်ကြိမ်ထိုးသုတ်ငြားသော်လည်း နဂါးသည်ပါမလာပေ။ ဂဠုန်မှာသာ ရင်ကွဲမတတ် ပင်ပန်းရချေ၏။ ဤနဂါးမှာ အကြောင်းထူးတွေ မည်သို့ ရှိပါချေသနည်း"ဟု မေးလျှောက်လေ၏။

ထိုအခါ ရှင်ရသေ့သည် ဂဠုန်က လူယောင်ဆောင်ထားသည်ကို မသိသဖြင့် "ဒကာမောင်လူလင်၊ ဂဠုန်သည် နဂါးကို

အဘယ်မှာ ထိုးသုတ် နိုင်ပါလိမ့်မည်နည်း။ ဤနဂါးသည် ပတ္တမြား မျက်ရှင်ကို ငုံထားဘိ၏။ ဤပတ္တမြားကို မငုံထား ပါလျှင် မိုးသောက်ကြီးသော ဂဠုန်မင်း ထိုးသုတ်၍ ချနိုင် ချေ။ ဂဠုန်သည်ကား ဥာဏ်နည်းပါသည်ဖြစ်၍ ဦးခေါင်း နှင့် ခါးပိုင်းမှ ထိုးသုတ်ဘိ၏။ အမြီးဖျားမှ ထိုးသုတ်၍ ဦးခေါင်း ဇောက်ထိုးထားလျက် ပတ္တမြား ထွက်အောင် ခါးယမ်းလိုက် လျှင် နဂါးကို ရနိုင်ပေလိမ့်မည်”ဟု ပြောပြလိုက်၏။ ရှင်ရသေ့ ထံမှ စကားကို ကြားလိုက်ရလျှင် ဂဠုန်သည် အလျင်အမြန် ထွက်ခွာလာကာ မိမိ၏ ပကတိသဘောဖြင့် နဂါးကို အမြီး ဖျားမှ ထိုးသုတ်၏။ ဦးခေါင်းဇောက်ထိုးထားလျက် ပတ္တမြား ထွက်အောင် ခါယမ်း၏။ ဤတွင် နဂါးခံတွင်းမှ ပတ္တမြား မျက်ရှင် ထွက်ကျသွားကာ နဂါးမျိုး ဂဠုန်လက်သို့ ပါရှာ လေ၏။

ဂဠုန်လည်း နဂါးကို ကောင်းကင်ခရီးမှ သုတ်ချီ လာစဉ် “ဟယ်...နဂါး၊ သင်ကား ယခုအဘယ်သို့ စွမ်းနိုင်သေးသနည်း၊ မကြာမီ ငါ့အစာ ဖြစ်ရတော့အံ့”ဟု ကြုံးဝါး၏။ ထိုစဉ်တွင် လေးမြားကိုင်လျက် ခရီးထွက်လာသော ကုမ္ဘဘယမင်းသားကို မြင်လိုက်ရ၍ “အို-အသင်မင်းသား ကျွန်ုပ်အား ကယ်တော်မူပါ၊ သေဘေးမှ ကျွန်ုပ် ချမ်းသာပါလျှင် အသင်မင်းသားကိုလည်း ကျွန်ုပ်က ကျေးဇူးဆပ်ပါမည်”ဟု နဂါးက ငိုယို တောင်းပန် လေ၏။ ဤတွင် ကုမ္ဘဘယမင်းသားသည် ဂဠုန်ကို လေးနှင့် ခွင်းလိုက်လေ၏။ ဂဠုန်သည် မြားဒဏ်ချက်ဖြင့် ကောင်းကင်မှ ကျလာလေ၏။

ဒုတိယအကြိမ်

မင်းသား လက်ချက်ဖြင့် အသက်ထွက်အံ့မူးမူး ဖြစ်နေသော ဂဠုန်သည် ဤသို့ ကြိမ်းဝါး၏။ "ငါ ဖမ်း၍ရသော နဂါးကို စားအံ့ဆဲဆဲ အချိန်တွင် အဘင့်ရဲလူ မောင်မသူတော်သည် ငါ့ကို နှိပ်စက်ဘိ၏၊ သင်၏လက်ချက်ဖြင့် ငါသား အသက်ထွက်ရမည် မလွဲတည်း။ ငါသည် ဤဘဝမှ စုတေလတ်သော် ကြီးစွာသော ကိုယ်ခန္ဓာကို ရရှိ၍ သင်၏သွားရာလမ်းမှ စောင့်၍ ရန်မူနိုင်ရပါစေ သတည်း" ဟူ၍ ကြိမ်ဆိုလေ၏။

ဂဠုန်သည် ထိုဘဝမှ စုတေလတ်သော်....အနောက်ဘက် အောက်ကမ်းပါးယံ၌ ဥမင်သုံးခုတို့တွင် အလယ်ဥမင်၌ ပင့်ကူ ကြီး ဖြစ်လာလေ၏။ ဂဠုန်လက်မှ လွတ်မြောက် လာခဲ့သော နဂါးသည် မင်းသားထံသို့ ဝမ်းမြောက်ဝမ်းသာ ချဉ်းကပ် လာကာ "အို...အသင်မင်းသား၊ အသင်၏ ကျေးဇူးကြောင့် ကျွန်ုပ် အသက် ချမ်းသာခဲ့ရပါပြီ။ နောက်နောင်ခါ အသင် မင်းသား၌ အရေးတစ်စုံတစ်ရာ ကြုံလာခဲ့ပါလျှင် မြေပြင်ကို သုံးကြိမ် ပုတ်ခတ်၍ ခေါ်လိုက်ပါက ကျွန်ုပ် လျင်မြန်မကြာ ရောက်လာကာ ကျေးဇူးဆပ်ပါမည်" ဟု ကတိပေးကာ မိမိနေရာ သို့ ပြန်သွားလေ၏။

ဥမင်လိုဏ်ဂူ သုံးလုံးရှိသော တောင်အရှေ့ဘက် နှလုံးမွေ့ လျော် ပျော်ရွှင်ဖွယ်ကောင်းသော ရေကန်ကြီးသို့ ငွေတောင် ပြည်ကို အစိုးရသော နတ်မင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့ ရေကစားလာလေ့ရှိ၏။ တစ်နေ့သ၌ ထိုနတ်သမီးကညာ ခုနစ် ဖော်တို့သည် ရေကန်ထဲတွင် ပျော်ပျော်ကြီး ရေကစားနေကြ သဖြင့် အချိန်ကုန်သွားသည်ကို သတိမထားမိကြပေ။

ဒုတိယ အကြိမ်

သို့ဖြစ်၍ အလင်းရောင် ပျောက်ကာ အမှောင်ရောက်လာလေရာ ငွေတောင်ပြည်သို့ မပြန်နိုင်ကြတော့သဖြင့် တစ်ညတာအတွက် အိပ်စက်ရန်နေရာကို ရှာကြသည်တွင် တောင်ဘက်ဆုံးမှ ဥမင်လိုဏ်ဂူကို တွေ့ကြရလေ၏။ နေချင့်စဖွယ် ကျယ်ဝန်းလှသော လိုဏ်ဂူကြီးထဲမှာပင် စိတ်ချလက်ချအိပ်စက်ကြလေ၏။

အလယ်ဂူ၌နေထိုင်သောပင့်ကူကြီးသည် မင်းသမီးတို့စကားပြောသံကိုကြားရသဖြင့် တောင်ဘက်လိုဏ်ဂူဝသို့ လျင်မြန်စွာလာရောက်ပြီးလျှင် လူတို့၏လက်မောင်းတမျှ ကြီးမားတုတ်ခိုင်လှသော ပင့်ကူမျှင်များဖြင့် လိုဏ်ဂူဝတွင် အထပ်ထပ် ပိတ်ဆို့ကာ အလယ်ဥမင်သို့ ပြန်သွားလေ၏။

နောက်တစ်နေ့ မိုးသောက် အလင်းသို့ ရောက်လတ်သော်ကုမ္ဘာဘယမင်းသားသည် ရေကန်ကြီးနား ဆိုက်ရောက်လာ၏။ ရေကန်ကြီးနှင့်တကွ ပတ်ဝန်းကျင်မှ သာယာလှသော ရှုမျှော်ခင်းများကို ရှုစားလျက်နေစဉ် ဥမင်လိုဏ်အတွင်းမှ နတ်သမီးခုနစ်ဖော်တို့၏ ကယ်ပါယူပါ တစာစာ အော်သံ များကိုကြားလိုက်ရလေ၏။ (မှတ်ချက်။ ဤသို့ နတ်သမီးတို့၏အော်သံကို ကြားရသဖြင့် ထိုအရပ်ကည် 'အော်ကြား' ဟုအမည်တွင်ရာမှ ကာလရွေ့လျောလတ်သော် 'အော်ရော' ဟုအမည်ပြောင်းလာ၏။ ရှေးယခင်က အော်ရောသည် သီးခြားရွာတစ်ရွာ ဖြစ်သော်လည်း ယခုအခါ ပင်းတယ မြို့၏ရပ်ကွက် ၁၂ ခုတွင် အပါအဝင် ဖြစ်နေပြီတည်း။)

ကုမ္ဘာဘယမင်းသားသည် ကန်ကြီးတောင်ဘက်မှနေ၍ အသံကြားရာသို့ အလျင်အမြန်သွားသောအခါ တောင်ဘက်လိုဏ်ဂူ

အတွင်းမှ နတ်သမီးခုနစ်ဖော်တို့ကို တွေ့မြင်လိုက်ရ၏။ ဤတွင် နတ်သမီ များက "အို.... အသင်မင်းသား၊ ကျွန်ုပ်တို့ကား ငွေတောင်ပြည်ကို အစိုးရသော နတ်မင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့ ပါတည်း။ မာဂဓိဒ္ဒါနှ် ပုန်းဘလုတ်ကန်ကြီးဘွင် ရေကစားလာကြရာမှ အချိန်သင့်ကာ မပြန်သာတော့သဖြင့် ဤဂူကြီး မှာ အိပ်ကြရပါသည်။ မကြာမီမှာပင် ကြီးလှစွာသော ပင့်ကူကြီးက ပင့်ကူမျှင်များနှင့် ပိတ်ဆို့ထားသဖြင့် ကျွန်ုပ်တို့ မထွက်နိုင်တော့ပါ။ ကျွန်ုပ်တို့အား အသင်မင်းသား ကယ်နိုင်ပါလျှင် ညီအစ်မခုနစ်ဖော်တို့မှ အထွေးဆုံးကညာ ရှင်မိယာကို အသင်မင်းသားအား ပေးဆက်ပါမည်"ဟု ပြောဆိုတောင်းပန်ကြလေ၏။

ကုမ္ဘာဘယမင်းသားလည်း ကြီးမားလှသော ပင့်ကူမျှင်များကို ရှုရှုသချာချာကြည့်ပြီးလျှင် "ဤပင့်ကူမျှင်များကို ယခု မဖြတ်သင့်သေး။ ဖြတ်၍ မပြီးမီ ပင့်ကူကြီး ရောက်လာလျှင် အခက်တွေ့လိမ့်မည်။ သို့ဖြစ်၍ ရန်သူတော် ပင့်ကူကို ပကမဦး စွာ စုံစမ်းရှာဖွေရဦးမည်"ဟု တွေးတောကာ မြောက်ဘက်သို့ လျှောက်သွားသောအခါ ပင့်ကူကြီးကို တွေ့ရလေသည်။

ရန်သူတော်ပင့်ကူကြီးမှာ အကောင်အထည် ကြီးမားလှ၏။ ထိုးဆိုးထောင်ထောင် အမွေးကြမ်းကြီးများကလည်း ထူထပ်လှ၏။ လောလောလတ်လတ် သေစေတတ်သော အဆိပ်ရည်များကို သိုမှီးထားသော အစွယ်ကြီးများက ဖြူဖြူဖွေးဖွေးကြီး ပေါ်ထွက်နေကြ၏။ ပင့်ကူကြီးကို တွေ့လျှင် တွေ့ချင်း ကုမ္ဘာဘယမင်းသားက "ဟယ်....ပင့်ကူ ယုတ်မာ ငမိစ္ဆာ၊ သင်သည်

အဘယ်ကြောင့် နတ်သမီးတို့ကို နှိပ်စက်ဘိ သနည်း"ဟု ခြိမ်းခြောက် မောင်းမဲလေ၏။

ပင့်ကူကြီးသည်လည်း မင်းသားကို မြင်လျှင်မြင်ချင်း ဂဠုန်ဘဝတုန်းက မိမိရန်ငြိုးထားခဲ့သူဖြစ်ကြောင်း ကောင်းကောင်းကြီးသိလိုက်သဖြင့် ဒေါသအမျက်ပြင်းထန်စွာထွက်၍ ကျွဲနွားပမာဏရှိသော ကျောက်တုံးကြီးများကို ခြေထောက်များနှင့် ကန်ကျောက်လေရာ ကျောက်တုံးကြီးများ ကွဲအက်ကြေမွကြကုန်၏၊ ထိုအခါ ကုမ္ဘာဘယမင်းသားက 'ဟယ်...ပင့်ကူမိစ္ဆာ၊ သင့်အစွမ်းသည် ဤမျှသာလော"ဟု မေးမြန်း၏၊ ပင့်ကူကြီးသည် ပို၍မို၍ အမျက်ထွက်ကာ ဆင်ပမာဏရှိသော ကျောက်တုံးကြီးများကို ကန်ကျောက်၍ ပြုပြန်လေ၏။ ထိုကျောက်တုံးကြီးများလည်း သုံးဖဲ့လေးစိတ်ကွဲ၍ တောင်ခြေသို့လိမ့်ကျသွားကြ၏။

ကုမ္ဘာဘယမင်းသားသည် "ဟယ်...ပင့်ကူမိစ္ဆာ၊ ငယုတ်မာ၊ သင့်မှာသာ အစွမ်းရှိသည် မဟုတ်၊ ငါ၏ အစွမ်းသတ္တိကိုလည်း ကြည့်စမ်းဦးလော့"ဟုဆိုကာ မြှားတစ်စင်းကို လေးညှို့ပေါ်မှ တင်လျက် ပင့်ကူကြီးနားရင်းသို့ ပစ်ခွင်းလိုက်၏။ ထိုမြှားသံသည် တော်လဲသံကဲ့သို့ ရှိန်းရင်းခတ်၍ ပဲ့တင်ထပ်ကာ ပင့်ကူကြီး၏ နားရင်းသို့ စိုက်ဝင်သွား၏။ ထိုနေရာသို့ပင် မင်းသားက မြှားတစ်စင်း ပစ်သွင်းလိုက်ပြန်၏။ မြှားဒဏ်ချက်ကြောင့် သေအံ့မူးမူး ဖြစ်နေသော ပင့်ကူကြီးသည် "ငါကားဤသူ၏ လက်ချက်ကြောင့် ဂဠုန်ဘဝတုန်းကလည်း တစ်ခါသေခဲ့ရပြီ၊ ယခုတစ်ဖန် သူ့လက်ချက်ကြောင့်ပင် သေရပြန်ဦးမည်။ ဤဘဝမှ စုတေလတ်သော် ထိုသူသွားရာလမ်းခရီး၌ ကြီးစွာသော ဘီလူး

ဒုတိယအကြိမ်

ဖြစ်၍ သူ့အား နှိပ်စက်နိုင်ရပါလို၏”ဟု ကျိန်ဆိုကာ အသက် ထွက်သွားလေ၏။ ကုမ္ဘာဘယမင်းသားလည်း သေလေပြီးသော ပင့်ကူကြီးသို့ကြည့်ကာ “ပင့်ကူကိုပြေ”ဟူ၍ သုံးကြိမ်တိုင်တိုင် ကြုံးဝါးလျက် လက်ခမောင်းခတ်၏။ (ဤသို့ ကုမ္ဘာဘယမင်း သားက ကြုံးဝါးသည်ကို အစွဲပြုကာ ဤအရပ်ကို ‘ပင့်ကူရ’ဟု ခေါ်တွင်၏။’ နောက်နောင် ကာလရွေ့လျောလာသဖြင့် ‘ပင်း တယ’ဟု အမည်တွင်လာပြန်လေ၏။)

ထို့နောက် ကုမ္ဘာဘယမင်းသားသည် တောင်ဘက်လိုဏ်ဂူသို့ ပြန်လာပြီးလျှင် ကြီးလှစွာသော ပင့်ကူမျှင်တို့ကို သုတ်သင်ဖယ် ရှား၍ပေး၏။ နတ်သမီးတို့လည်း လိုဏ်ဂူထဲမှ အားရဝမ်းသာ ထွက်လာကြပြီးလျှင် “အို...အသင်မင်းသား၊ အသင်မင်းသား က ကယ်ဆယ်သဖြင့် ကျွန်ုပ်တို့ အသက်ဘေးမှ လွတ်မြောက်ရ ပေပြီ။ အသင်မင်းသား၏ ကျေးဇူးတရား ကြီးမားလှပါပေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ ညီမ အထွေးသုံး ဖြစ်သော ရှင်မိယာကို အသင်မင်းသား နှစ်သက်မြတ်နိုးပါလျှင် အသင်မင်းသား ယူ ဆောင်ပါလော့”ဟု ပြောဆိုကြ၏။ ကုမ္ဘာဘယ မင်းသား ကလည်းရှင်မိယာကိုမြင်လျှင်မြင်ချင်းပင်ချစ်ခင်မြတ်နိုးလှသဖြင့် လက်ခံရယူလိုကြောင်း ပြောပြလိုက်၏။ အစ်မတော်နတ်သမီး တို့သည် ရှင်မိယာကို မင်းသားထံ အပ်နှံကာ ငွေတောင်ပြည်သို့ ပြန်သွားကြလေကုန်၏။

ထို့နောက် ကုမ္ဘာဘယ မင်းသားက “အို...နှမတော်၊ မောင်တော်အား သာမညလူသား မဟုတ်ပါ။ ဗာရာဏသီပြည်ကို အစိုးရသော မင်းတရားကြီး၏ သားတော်ဖြစ်၏။ ထို့ကြောင့်

မောင်တော်နှင့် နှမတော်တို့ ဗာရာဏသီပြည်သို့ပြန်ကာ အတူတူနေကြကုန်အံ့”ဟု ချစ်ခင်ယုယစွာ ခေါ်ဆောင်၍လာခဲ့၏။

မင်းသား၏ လက်ချက်ဖြင့် အသက်ထွက်ခဲ့ရသော ပင့်ကူကြီးသည် ထိုလမ်းခရီးရှိ ညောင်ပင်ကြီးတွင် ဘီလူးကြီး ဖြစ်လာပြန်ကာ မင်းသားနှင့်မင်းသမီးတို့ကို လှမ်းမြင်လိုက်သည်နှင့်ဝဋ်ပြိုင်နက် မိမိနှင့်ရန်သူတော်ဟောင်း ဖြစ်ခဲ့ပုံကိုသိရှိသဖြင့် ကိုယ်ထင်မပြဘဲ စောင့်ကြည့်နေ၏။ မင်းသားနှင့် ရှင်မိယာတို့သည် ခရီးပင်ပန်းနွမ်းနယ်လာကြပြီဖြစ်၍ ထိုညောင်ပင်ကြီး၏ အောက်သို့ဝင်ရောက်ကာ ခေတ္တခဏသဘောထား၍နားကြလေ၏။ ညောင်ရိပ်အောက်မှာ တုံးလုံးလှဲလိုက်မိ၍ မကြာမီမှာပင် နှစ်ဦးစလုံး အိပ်ပျော်သွားကြ လေကုန်၏။

ဤတွင် ရန်ငြိုးကြီးစွာ ထားရှိလာခဲ့သော ဘီလူးကြီးသည် မင်းသား၏ လက်နက်တို့ကိုယူဆောင် ဝေးရာသို့ ပို့ဆောင်ထားလိုက်ပြီးလျှင် မင်းသားနှင့် ရှင်မိယာတို့အား သံကွန်ခြာဖြင့် အုပ်ထားလိုက်၍“ဟယ်....အသင်မင်းသား၊ အသင်မင်းသား၏ လက်ချက်ဖြင့် ငါအသက်ထွက်ခဲ့ရသည်မှာ နှစ်ကြိမ်နှစ်ခါ ရှိခဲ့ပေပြီ။ ယခုအခါတွင်ကား သင် လှလှကြီး အသက် ဆုံးရပေတော့အံ့”ဟု ဒေါသတကြီး ပြောဆိုကြိမ်းမောင်းလေ၏။

(မှတ်ချက်။ ဤသို့ ကုမ္ဘာဘယမင်းသားနှင့် ရှင်မိယာတို့ သံကွန်ခြာထဲတွင် မိုက်မှဲစွာ နေခဲ့ကြရ သဖြင့် ထိုအရပ်သည် ‘မိုက်မဲ’ ဟုအမည်တွင်ခဲ့၏။ နောက်နောင် ကာလရွေ့လျောလာ၍ ‘တမဲ့ရွာ’ ဟု အမည် တွင်လာပြန်လေ၏။ တမဲ့ရွာသည် ပင်းတယမြို့နယ်ထဲက အဓိက ကျေးရွာကြီးတစ်ခု ဖြစ်၏။ လူနေအိမ်ခြေ

စည်ကားလှ၏။ ၁၉၈၂ ခု၊ မတ်လ၊ အိမ်ထောင်စုစာရင်းအရ လူဦးရေ ၅၈၂ ယောက်ရှိ၏။ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် ဟံသာဝတီ ငါးဆူဒါယကာမင်းနှင့် ကုလား ဇင်ကာတို့ စစ်ဖြစ်ကြရာ ပန်းလောင်းမြစ်ဝှမ်းမှ လူများသည် မရပ်တည်နိုင် ဖြစ်ကာ ဤနေရာသို့ လာရောက်၍ ရွာတည်နေခဲ့ကြခြင်း ဖြစ်၏။ သူတို့ဦးစီး ခေါင်းဆောင်ဝေါ်မှူးကြီးက ကြီးမှူး၍ ဆုတောင်းများစေတီတော်ကြီးတည်ထားကြ၏။ ဝေါ်မှူးကြီး၏ကောင်းမှုပင်ဖြစ်သော ဒက္ခိဏာသာခါ ရုပ်ပွားတော်၊ သီဟိုဠ်မှ ပင့်ဆောင် လာခဲ့သော ပဉ္စလောဟာဘုရားနှင့် ဆင်စွယ်ယပ်တောင်တို့သည် တမဲရွာဆရာတော်ကြီး ကျောင်းတွင် ယခုတိုင်ရှိနေ၏။)

ကုမ္ဘာဘယမင်းသားလည်း မကြာမီနိုးလာ၍ မိမိလက်နက်တို့ကို ကြည့်လေသော် မရှိကြတော့ချေ။ သို့ဖြစ်၍ ယခုအခါ ငါးကား လက်နက်မဲ့ဖြစ်၍ အားကိုးရာ မရှိတော့ပြီ၊ အဆွေတော် နဂါးကို တမ်းတမှ တော်ချိမ့်မည်ဟု စဉ်းစားမိကာ မြေကြီးကို လက်ဝါးဖြင့်သုံးကြိမ်ပုတ်၍ "အို....အဆွေ နဂါး၊ ယခု အမြန် လာခဲ့ပါလော့"ဟု ခေါ်ယူလိုက်၏။ နဂါးသည်လည်း မင်းသား၏ ခေါ်သံကို နားအနီး၌ကပ်၍ပြောဘိသကဲ့သို့ ထင်ထင် ရှားရှား ကြားလိုက်ရသဖြင့် အလျင်အမြန်လာရောက်ကာ "အရှင်မင်းသား၊ မည်သည့် အမှုတော် ထမ်းရွက်ရပါမည်နည်း" ဟူ၍ တင်လျှောက်၏။ မင်းသားက ပျောက်သွားသောလက်နက်များ ရှာပေးရန် ပြောကြားလေရာ နဂါးသည် ဘီလူးကြီး ယူဆောင်၍ ဝှက်ထားသော လက်နက်များကို ခဏချင်း ရှာဖွေ၍ ဆက်သလေ၏။

## ဒုတိယအကြိမ်

မိမိ၏လက်နက်များ ပြန်ရသောအခါ မင်းသားက "အဘွား နဂါး၊ ဤလက်နက်များကို အဘယ်မှ ရခဲ့သနည်း" ဟု မေး၏။ နဂါးက လက်နက်ချခဲ့ရာ အရပ်ကို ညွှန်ပြလိုက်ရာ မင်းသားက "အလွန်ပင် ဝေးလှဘကား" ဟု တအံ့တသြ ရေရွတ်လိုက်၏။

မှတ်ချက်။ ။ဤသို့ ရေရွတ်လိုက်သည်ကို အကြောင်းပြု၍ ထိုအရပ်ကို 'ဝေးလှ' ဟု အမည်တွင်ခဲ့၏၊ နောက်နောင် ကာလ ရွေ့လျောလာသဖြင့် 'ပွေးလှ' ဟု အမည်ပြောင်းလာ၏။ ပွေးလှမြို့သည် ယခုအခါ ပင်းတယမြို့နယ်ထဲတွင် အပါအဝင် ဖြစ်နေ၏။ ရှေးအခါကမူ ပင်းတယကွဲ သို့ပင် ငွေခွန်မှူးအဆက်ဆက်တို့ အုပ်စိုးသခဲ့သော သီးခြားနယ်တစ်နယ်ဖြစ်သ၏။ "ဥ-ဩ-ဧ-စည် ပွေးလှ တည်" ဟူသော သမိုင်းလင်္ကာအရ ပွေးလှ မြို့ကို သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့၏။ အင်းဝတွင် နောက်ဆုံးစိုးစံခဲ့သော မဟာဓမ္မရာဇာဓိပတိ(ဟံသာဝတီရောက်) မင်းတရားလက်ထက်တွင် ဖြစ်၏။ သက္ကရာဇ် ၁၁၁၀ ခုနှစ်တွင် အင်းဝမင်းတရားကြီးက ငရွှေဥဆိုသူအား ငွေခွန်မှူး အဖြစ် ဖြင့် ထိုနယ်ကို အုပ်စိုးစေခဲ့ရာ ငရွှေဥက မင်းရွှေအောင်ဟူသော ဘွဲ့ အမည်ကို ခံယူ၍ ပွေးလှမြို့ကို တည်ထောင်ခဲ့၏။ ရှေးကျသော မြို့တစ်ခုဖြစ်၍ ကြီးကျယ်ထင်ရှားသော ကျောင်းကန်၊ ဘုရားတို့ ပေါများ လှပေ၏။)

ကုမ္ဘာဘယမင်းသားသည် နဂါး၏ အကူအညီဖြင့် လက်နက် များ ရလာပြီ ဖြစ်၍ သံကွန်ခြာကို အတင်း တွန်း၍ ဖွင့်လှစ်ပြီး ဘီလူးနှင့် တိုက်ခိုက်၏။ ဘီလူးကြီး ကလည်း ဒေါပြင်းအားသန် ပုတ်ခတ်သတ်ဖြတ်၏။ မင်းသားသည် ဘီလူးကြီး၏လက်ချက်ကြောင့်

သေပေါ်ဇောဖြင့် မြောသွား၏။ ဘီလူးကြီး မှာကား မင်းသား၏ လက်ချက်ဖြင့် ချက်ချင်းသေဆုံးကာ ထိုနေရာ၌ပင်ဥပပ ပတ္တိရှိ သဏ္ဍာန်ဖြင့် ဇော်ဂျီ ဖြစ်လာလေ၏။

ဇော်ဂျီသည် သေ ယ်ဇောဖြင့် မြောနေသော မင်းသားကို အဟုတ်တကယ် သေလေပြီဟု မှတ်ထင်ကာ ရှင်မိယာ၏လက်ကို ဆွဲပြီးလျှင် "အို...ချစ်နှမ၊ သင်၏ချစ်လင်ကားသေလေပြီ။ ယခု အခါ သင့်ကို ငါပိုင်ပေပြီ" ဟု ဆို၍ အနိုင့်အထက်ဆွဲခေါ်လေ ၏။ ရှင်မိယာလည်း မောင်တော်မင်းသားကို တမ်းတ ငိုကြွေး လျက် အားချင်းမတန်၍ လိုက်ပါ လာရလေ၏။ ဇော်ဂျီ နှင့် ရှင်မိယာတို့သည် ပင်းတယမြောက်ရေထွက်ဦးသို့ ရောက်လာကြ ရာ အနီးအပါးရှိတောင်ကုန်းကလေးတစ်ခုဝယ် ခေတ္တခဏ ထိုင် နေကြလေ၏။

ထိုအခါ ရှင်မိယာသည် ဥပါယ်တမျဉ်ကို ကြံစည်မိ သဖြင့် "အသင်ဇော်ဂျီ၊ ကျွန်ုပ်ရေဆာလှပါသည်၊ ရေရှိရာမှ ဆောင်ယူ ပါလော့" ဟုတောင်းပန်၏။ ဇော်ဂျီကလည်း "ချစ်နှမ၊ကောင်း လှပေပြီ" ဟု ဆိုကာ ရေထွက်ဦးမှရေကို ငွေဖလားဖြင့်ခပ်ယူ၍ ပေး၏။ ရှင်မိယာက "ငွေဖလား ဖြင့် မသောက်ချင်ပါ၊ ရွှေ ဖလားနှင့်မှ သောက်ချင် ပါသည်" ဟု ဆိုပြန်၏။ ဇော်ဂျီက လည်း "ချစ်နှမ၊ ကောင်းလှပါပြီ" ဟူ၍ ဆိုကာ ရွှေဖလားနှင့် ခပ်၍ ပေး၏။ ရှင်မိယာက "ကျွန်ုပ်မသောက်ချင်တော့ပြီ" ဟု ပြောလိုက် လေ၏။

ထိုအခါ ဇော်ဂျီသည် အမျက်ထွက်ကာ "အို...ရှင်မိယာ၊ အသင်သည် အဘယ့်ကြောင့် အကြောင်းမဲ့ ပူဆာဘိသနည်း"

ဟုဆို၏။ ရှင်မိယာက "အသင် ဇော်ဂျီ၊ သင့်အား ဩချစ်စမ်းခြင်း ယာဖြစ်ပါသည်။ အကျွန်ုပ်သည် အသင်ဇော်ဂျီ အား အလွန်တရာ ချစ်ခင်စုံမက်လှပါသည်။ သို့ဖြစ်၍ အသင်ဇော်ဂျီ၏ နှုတ်ငုံရေကိုသာ သောက်ချင်ပါသည်။ ကျွန်ုပ်ကဲ့သို့ ချစ်မြတ်နိုးပါလျှင် အသင် ဇော်ဂျီသည် နှုတ်ဖြင့် ရေကို ငုံ၍ ယူဆောင်ခဲ့ပါလော့"ဟု ပြောဆိုသေ၏။ ဇော်ဂျီလည်း ရှင်မိယာ၏ စကားကို ယုံစားကာ နှုတ်ဖြင့် ရေကို ငုံ့ယူရန် ရေထွက်ဦးအိုင်ထဲသို့ ခေါင်းငုံ့လိုက်၏။ ထိုအခိုက်တွင် ရှင်မိယာက တအားကုန်တွန်းလိုက်သဖြင့် ဇော်ဂျီသည် ရေအိုင်ထဲသို့ ထိုးကျသွားလေ၏။

ရေအိုင်ထဲသို့ နစ်မြုပ်သွားသော ဇော်ဂျီသည် ဂါထာမန္တန်များ ရွတ်ဖတ်လိုက်ရာ ရေများ ရုတ်ဘချက် ခန်းခြောက်သွား၏၊ ရှင်မိယာသည် ကိုယ်တွင် ဝတ်ထားသော ထဘီကို ချွတ်ကာ ဇော်ဂျီကို ဖုံးအုပ်လိုက်၏။ ဤဘွင့် မန္တန်၏ တန်ခိုးအာနိသင်များ ပျက်ပြယ်သွားကာ ချောက်ကြားမှ ရေများ ထွက်ကျလာ၏၊ ဇော်ဂျီလည်း ရေတွင်နစ်၍ သေလေ၏။

(မှတ်ချက်။ ၊ထိုဇော်ဂျီသေသော ရေထွက်ဦးကိုဇော်ဂျီရေထွက်ဦး၊ သို့မဟုတ် ဇော်ဂျီရေထွက်ဟုခေါ်ဝေါ်ကြ၏။ ထိုရေထွက်အိုင် လျှံတက်၍ စီးဆင်းလာသော ချောင်းကိုဇော်ဂျီချောင်းဟု ခေါ်ဝေါ်ကြ၏။ ဇော်ဂျီရေထွက်၏ အရှေ့တောင်ဘက်၌ ကုန်းငယ်တစ်ခုကို ရှင်မိယာကုန်းဟု ခေါ်ဝေါ်ကြ၏။)

ထို့နောက် ရှင်မိယာသည် မိုက်မဲအရပ်၌ ကျန်ရစ်သော ကြင်ဖက်သက်လျာ ကုမ္ဘာဘာသ မင်းသားထံသို့ အလျင်အမြန်

ပြန်လာခဲ့၏။ ဘိလူးကြီးနှင့် သတ်ပုတ်ခဲ့သော နေရာသို့ ရောက်သောအခါ မင်းသားကို မတွေ့ရတော့ပေ။ ကုမ္ဘာဘယမင်းသားသည်ကား ဆေးငယ်ဇောနှင့် မြောရာမှ ပြန်လည်၍ သတိရလာသောအခါ ရှင်မိယာကို မတွေ့ရသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးရာ နေပြည်တော်သို့ ပြန်သွားပြီ ဖြစ်၏။ ရှင်မိယာသည် ထိုမှ ဤမှ ရှာဖွေကြည့်ရှုလျက် တောင်ဘက်အရပ်သို့ စိုက်လိုက်ဝင်ဝတ် လျှောက်လာလေ၏။ တစ်နေရာတွင် သွေးကော်တစ်ပင်ကို တွေ့လိုက်ရသဖြင့် "ဤသွေးကော်သည် မောင်တော်၏ သွေးကော်ဟုတ်မှန်ပါလျှင် ပုင်နံ့တင်းဝေး မွှေးကြိုင်နေပါစေသတည်း။ မောင်တော်၏ သွေးစက် မဟုတ်ပါလျှင် မွှေးကြိုင်ခြင်းဝေး အပုပ်နံ့ ပေးနေပါစေသတည်း" ဟု အဓိဋ္ဌာန် ပြုကာ သွေးကော်ကို ကုန်း၍ နမ်းလေ၏။

(မှတ်ချက်။ ။ဤသို့ ရှင်မိယာ ကုန်း၍ နမ်းခဲ့သည်ကို အစွဲပြုကာ ထိုနေရာသည် 'ကုန်းနမ်း' ဟု အမည် တွင်ခဲ့၏။ နောက်နောင်ကာလ ရွေ့လျောလာသဖြင့် 'နမ်းကုန်း' ရွာဟု အနည်းငယ် ပြောင်းလာ၏။ နမ်းကုန်းရွာသည် ယခုအခါ ပင်းတယမြို့နယ်ထဲတွင် ကျေးရွာအုပ်စုတစ်ခုအဖြစ် ပါဝင်နေပေသည်။)

ဤသို့ အဓိဋ္ဌာန်ပြု၍ နမ်းလိုက်သောအခါ သွေးကော်သည် ပုင်နံ့ ရှိ ဝေ့တိုင် မွှေးကြိုင်နေလေ၏။ သို့ဖြစ်၍ ရှင်မိယာသည် ဝမ်းမြောက်ဝမ်းသာ ဆက်လက်၍ လျှောက်လာလေရာ လွင်တီးခေါင်၌ ပေါက်ရောက်နေသော ညောင်ပင်ကြီးသို့ ဆိုက်ရောက်လာ၏။ ထိုညောင်ပင်ကြီး အောက်တွင် ဒဏ်ရာကြောင့် လဲ၍မြောနေသော မောင်တော်မင်းသားကို တွေ့ရလေ၏။

ဒုတိယအကြိမ်

ရှင်မိယာသည် မောင်တော် မင်းသား၏ အလောင်းကို ဝမ်းနည်းကြေကွဲစွာ ပွေ့ဖက်ပြီးလျှင် ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ ဤတွင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာသောအတွေ့ ရှိလာသဖြင့် သိကြားမင်းသည် လူ့ပြည်သို့ လှမ်း၍ကြည့်ရှု၏။ အကြောင်းရင်းကို ထင်းလင်းစွာတွေ့လိုက်ရသောအခါ သိကြားမင်းသည် လူ့ပြည်သို့ ဆင်းသက်လာပြီးလျှင် ရှင်မိယာထံသို့ ကျားယောင်ဆောင်၍ ချဉ်းကပ်လာ၏။ ကြောက်မက်ဖွယ်ရာ အသံကြီးဖြင့် ဟိန်းဟောက်ပြီးလျှင် ကိုက်မည် စားမည် တကဲကဲဖြင့် သွားကြီးဖြဲလျက် ခြိမ်းခြောက်၏။ ရှင်မိယာကား ကျားဆိုးကြီးကို မကြောက်ပေ။ လင်ကိုသာ တမ်းတ၍ ငိုမြဲငိုနေ၏။

ကျားဆိုးကြီးကို မကြောက်သဖြင့် နောက်တစ်ဖန် ဆင်ဆိုးကြီးသဏ္ဌာန်ဖြင့် ချဉ်းကပ်လာပြန်၏။ အတင်းတရကြမ်း ပြေးဝင်လာကာ ကိုယ်ပေါ်နင်း၍ သတ်မည့်ကဲ့သို့ ခြိမ်းခြောက်၏။ ရှင်မိယာကား ဆင်ဆိုးကြီးကိုလည်း မကြောက်ပေ။ လင်ကိုသာ တမ်းတ၍ ငိုမြဲငိုနေ၏။ ထို့နောက် သိကြားမင်းက ဘီလူးကြီးသဏ္ဌာန်ဖြင့် ခြိမ်းခြောက်ပြန်၏။ မျက်လုံးပြူးကျယ်၊ အစွယ်ဖွေးဖွေး၊ အသွေးကိုသောက်၊ ရှင်ကိုဖောက်မည့်ကဲ့သို့ ပြုပြန်၏။ ရှင်မိယာကား ဘီလူးကြီးကိုလည်း မကြောက်ပေ။ လင်ကိုသာ တမ်းတ၍ ငိုမြဲငိုနေ၏။ ထိုမှတစ်ဖန် သိကြားမင်းသည် လေမုန်တိုင်းကြီးတစ်ခုကို တိုက်ခတ်စေပြန်၏။ လေမုန်တိုင်း တိုက်ခတ်သဖြင့် ကြီးမားလှသော ညောင်ကိုင်းကြီးများ ကျိုးကျလာတော့မတတ် လှုပ်ယမ်းနေကြ၏။ ရှင်မိယာကား လေမုန်

တိုင်းကိုလည်း မကြောက်ပေ။ လင်ကိုသာ တမ်းတကာ ငိုမြဲ ငိုနေပြန်၏။

ထိုအခါ သိကြားမင်းသည် မိမိအသွင်ကို ထင်လင်းစွာ ပြပြီးလျှင် "အဘယ်နမ၊ သင်သည် ကျားဆင်နှင့် ဘီးလူးစသည်တို့ကိုပြ၍ ခြောက်သော်လည်း မကြောက် မရွံ့ဘဲ လင်ကိုသာ တမ်းတ၍ငိုနေတိ၏။ လင့်အပေါ် ဝယ် သံယောဇဉ်အများ ကြီးမားလှချေ၏။ ဤမင်းသားကို ယခုပင် အသက်ရှင်လျက် ထလာစေချင်ပါသလော"ဟု ဆို၏။ ရှင်မိယာက "အရှင်သိကြားမင်း ဤဇမ္ဗူဝယ် ဤသို့ မမြင်ချင်သူ ဘယ်သူ ရှိပါတော့မည်နည်း။ မြင်ချင်လှပါသည်"ဟု ပြန်ကြား၏။ သိကြားမင်းက မင်းသားသည် အသက်ရှင်လျက် ထလာစေ သတည်း" ဟု နှုတ်ရေစင်ဖြင့် ပက်ဖျန်းလိုက်လေရာ ကုမ္ဘာယ မင်းသားသည် အသက်ရှင်လျက် ထလာလေ၏။

(မှတ်ချက်။ ။အတိမ္ဗာ ဒေသနာတော် အရ သတ္တဝါ တစ်စုံတစ်ယောက် သေဆုံးသွားပြီးလျှင် တစ်ဖန်ပြန်၍ မရှင်နိုင်ပေ ဘော့ပါ။ စုတိစိတ်ချုပ်ပျောက်သွားသည်နှင့်ဘစ်ပိုင်နက် ဘဝ သစ်တွင် ပဋိသန္ဓေ တည်နေသောကြောင့် ဖြစ်၏။ သို့ရာတွင် လူကြီးသူမများ ပြောဆိုလာခဲ့သော စကားကို မပြင်ဆင် လို၍ ရှေးမူအတိုင်း ရေးသားလိုက် ရပါသည်။)

လင်ကိုတ၍ ငိုရာတွင် သေရာမှ ရှင်လာသဖြင့် ထိုညောင်ပင်ကို "လင်တညောင်ပင် သေကောင်ရှင်"ဟု ရှေးက ခေါ်ဝေါ်ခဲ့ကြ၏။ နောက်နောင်ကာလ ရွေ့လျောလာသော အခါ လင်တညောင်ပင် သီးခေါင်လွင်ဟု ခေါ်ဝေါ် ကြလေ၏။

ဒုတိယအကြိမ်

သိကြားမင်း တာဝတိံသာ နတ်ပြည်သို့ ပြန်သွားသောအခါ ကုမ္ဘာကာ မင်းသားနှင့် ရှင်မိယာ တို့သည် ဗာရာ ပြည်ကြီးသို့ ပြန်လာကြ၏။ ခမည်းတော်နှင့် မယ်တော်တို့သည် သားတော်နှင့် ချွေးမတော်တို့အား ဝမ်းမြောက် ဝမ်းသာ ကြိုဆိုကြ၏။ ကုမ္ဘာကာ မင်းသားသည် တွေ့ကြုံခဲ့ ရသမျှ အကြောင်းစုံကို ပရိသတ် ဗိုလ်ပုံ အလယ်တွင် အကုန်အစင် ပြောပြ၏။ ခမည်းတော်, မယ်တော်နှင့်တကွ နန်းတွင်းသူ, နန်းတွင်းသား တို့သည် ရင်သပ်ရှုမော အံ့သြခြင်းကြီးစွာ ဖြစ်ကြရ ကုန်၏။ ထို့နောက် ခမည်းတော် မင်းတရားကြီးသည် မှူးတော်, မတ်တော်များနှင့် တိုင်ပင်ပြီးလျှင် သားတော်အား အိမ်ရှေ့ အရာ အပ်နှင်းလိုက်လေ၏။

အိမ်ရှေ့မင်းသားနှင့်အိမ်ရှေ့မိဖုရားတို့သည်ဗာရာပြည်ကြီး၌ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လာကြ၏။ ရှင်မိယာ ရောက်လာသည့် နေ့မှစ၍ ဗာရာပြည်တွင် ရောဂါ ဘေးဒုက္ခတို့ မကပ် ရောက်ကြတဲ့ ပြည်သူအများ ကျန်းမာ ချမ်းသာစွာ နေထိုင်ကြရသဖြင့် ရှင်မိယာ၏ ဂုဏ်ကျေးဇူးကို ချီးကျူး ကြရကုန်၏။

ဤသို့ တစ်ပြည်လုံးက ချီးကျူးကြသော်လည်း သမားတော်ကြီးများက မချီးကျူး နိုင်ကြပေ။ ကိုးဆယ့် ခြောက်ပါးသော ရောဂါဘေးဒုက္ခတို့ မကပ်ရောက် လာကြသဖြင့် သူတို့ထံသို့ ဆေးကုခံရန် မည်သူမျှ မလာကြတော့ချေ။ ဆေးမကုကြရတော့၍ လာဘ်သာဘ မရှင်ကြတော့သဖြင့် သမားတော်ကြီး တို့သည် တံမိုးသက်ဆောင် စုံဆောင်းယူဆောင်ကာ ပုရောဟိတ် ပုဏ္ဏားကြီးထံ ချဉ်းကပ် လာကြပြီးလျှင် "အရှင်ပုဏ္ဏား၊ နေပြည်

တော်တွင် ရှင်မိယာ ရောက်ရှိနေသဖြင့် ကျွန်ုပ်တို့မှာ ဆေးကု သခွင့် မရနိုင် ကြတော့ပါ။ မင်းကြီးထံ ဖြားယောင်း၍ ရှင်မိ ယာအား သကြောင်း ကြံနိုင်ပါလျှင် ဤလက်ဆောင် ပဏ္ဏာ တို့ကို လက်ခံပါလော့”ဟု တောင်းပန် ပြောဆိုကြကုန်၏။

ထို့နောက် ပုရောဟိတ် ပုဏ္ဏားသည် ဗာရာမင်းကြီး၏ ရှေ့ တော်မှောက်သို့ ဝင်ရောက် ခစား ပြီးလျှင် “အရှင်မင်းကြီး၊ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ လက်ထက် တုန်းက ဤဗာရာပြည်သည် ဤမျှလောက် စည်ပင် သာယာခြင်း မရှိခဲ့ ဖူးပါ။ ယခုအခါမှသာ အရှင်မင်းကြီး၏ ဘုန်းတော် ကံတော် တို့ကြောင့် စည်ပင်သာယာ၍ လာပါသည်။ ရပ်နီးရပ်ဝေးသို့ ထို သတင်းကောင်းတွေ ကျော်ကြားလာပါသည်။ အစာရေစာ ပေါ များ၊ ကြွယ်ဝလာပါသည်။ ဥစ္စာရတနာ ကြွယ်ဝ လာပါသည်။ ဤထက်မက အဆတစ်ရာ သာယာဝပြောနိုင်သော အကြောင်း တစ်ခုကို ကျွန်ုပ် မြော်မြင်မိပါသေးသည် ဘုရား”ဟု လျှောက် တင်လေ၏။

ဗာရာမင်းကြီးကလည်း “အို–ပုရောဟိတ် ပုဏ္ဏား၊ ငါသည် ပြည်သူ ပြည်သားတို့၏ အကျိုးစီပွားကို များစွာတောင့်တ၏။ တိုင်းတော်ပြည်တော် စည်ပင်သာယာမည့်အရေးကို လိုလား၏။ မြင်သမျှ အကြောင်းအရာကိုသာ ငါ့အားလျှောက်တင်လော့” ဟု မိန့်ကြားလေ၏။

ထိုအခါ ပုဏ္ဏားက “အရှင်မင်းကြီး၊ ဤ ဗာရာပြည်သို့ နတ်မျိုး နတ်နွယ် ဖြစ်သည့် ရှင်မိယာ ရောက်လာချိန်မှ စ၍ နတ်တို့က လိုလားနှစ်သက်စွာ စောင့်ရှောက်ကြသဖြင့် ပြည်သူ

ပြည်သား အပေါင်းတို့မှာ မကောင်းသော ဘေးအန္တရာယ် တို့မှ လွတ်ကင်း၍ ချမ်းသာကြရကုန်၏။ အကယ်၍ ရှင်မိယာ၏ လည်ချောင်း သွေးဖြင့်သာ နတ်တို့အား ယဇ်ပူဇော် ရပါသော် ဇမ္ဗူဒိပ်ကျွန်းအပြင်ရှိ တစ်ရာ့တစ်ပါးသော မင်းတို့သည် အရှင်မင်းကြီး၏ ခြေတော်ရင်းသို့ ပေ်စင်း ခိုလှုံ လာကြပါ လိမ့်မည်ဘုရား”ဟု လျှောက်တင်၏။

ဗာရာမင်းကြီးလည်း ပုဏ္ဏား၏ကုန်းစကားကို ယုံစားမိသဖြင့် သားတော်အား ရှေ့တော်သို့ ခေါ်ယူပြီးလျှင် “သားတော်မောင်၊ ခမည်းတော်၏ ပိုင်နက်အတွင်းက တိုင်းစွန် ပြည်ဖျားအရပ်၌ သူပုန်ရန်တို့ ပေါ်ပေါက်နေကြ၏။ သို့ဖြစ်၍ သားတော်သည် စစ်တပ်ကြီးများနှင့်တကွ ချီတက်ကာ သူပုန်ရန်ကို နှိမ်နင်းပါလော့”ဟု အမိန့်တော် ချမှတ်လိုက်၏။

ကုမ္မာဘယမင်းသားလည်း အမိန့်တော်အတိုင်း ဗာရာပြည်မှ ထွက်ခွာသွားလေရာ ဗာရာ မင်းကြီးသည် ပုရောဟိတ် ပုဏ္ဏားကြီးအား “သင်လျှောက်တင်သော ယဇ်ပူဇော်ပွဲကြီးကို ယခုပင် စီရင်ပါလော့”ဟု မိန့်ကြား၏။ ပုရောဟိတ် ပုဏ္ဏားကြီးလည်း အိမ်ရှေ့မင်း၏ နန်းဆောင်သို့ လာရောက်ကာ ရှင်မိယာအား ဖမ်းဆီးနိုင်မည့် အခွင့်အရေးကို ချောင်းမြောင်း ကြည့်ရှုနေ၏။ ရှင်မိယာသည်ကား ဗာရာမင်းကြီးနှင့် ပုရောဟိတ် ပုဏ္ဏားကြီးတို့ စကားကို နတ်တို့၏ နားဖြင့် ကြားသိပြီးဖြစ်၍ ပုရောဟိတ် ပုဏ္ဏားကြီး ရောက်လာသည်ကို မြင်ရလျှင်ပင် ကောင်းကင်ခရီးဖြင့် ပျံတက်ကာ ခမည်းတော် ရှိရာ ငွေတောင်ပြည်သို့ ပြန်သွားလေ၏။

ဒုတိယအကြိမ်

ကုမ္ဘာဘယမင်းသားလည်း နယ်စွန်နယ်ဖျားသို့ ရောက်သောအခါ သူပုန် သူကန်ဟူ၍ လုံးဝမတွေ့ရှိရသဖြင့် “ငါ၏ ခံနိုင်ရည်ရှိသော တစ်စုံတစ်ခုသော အကြံအစည်ဖြင့် ငါ့အား စေခိုင်းလိုက်ပေပြီ”ဟု သိရှိကာ စစ်သည်ဗိုလ်ပါတို့ကိုစုရုံးလျက် လျင်မြန်စွာ ပြန်လာ၏။ နန်းတော်သို့ ရောက်သောအခါ ရှင်မိယာကိုမတွေ့ရသဖြင့် နန်းတွင်းသူများနှင့် နန်းတွင်းအမှုထမ်းတို့ကို မေးမြန်းစုံစမ်းကြလေရာ အဖြစ်မှန်ကို သိရလေ၏။

သို့ဖြင့် ကုမ္ဘာဘယမင်းသားသည် ရှင်မိယာ ပြန်သွားသည့်လမ်းကြောင်းအတိုင်း လိုက်လာခဲ့ရာ ဘောစခန်း တစ်နေရာ၌ ရသေ့ကြီးတစ်ပါး သခ်မ်းကျောင်းကို တွေ့ရသဖြင့် ခေတ္တခဏ အနားယူရန် ဝင်ရောက်၍ ရှိခိုးဦးချ၏။ ရသေ့ကြီးက “အသင်ဒါယကာ၊ မည်သည့်အရပ်မှ လာ၍ မည်သည့်အရပ်သို့ သွားမည်နည်း”ဟု နှုတ်ဆက်မေးမြန်း၏၊ ကုမ္ဘာဘယမင်းသားက “အို-ရှင်ရသေ့၊ အကျွန်ုပ်သည် ဗာရာမင်းကြီး၏ သားတော်ဖြစ်ပါသည်။ ကျွန်ုပ်သည် မယားဖြစ်သူ ရှင်မိယာကို ရှာဖွေရန် လာရောက်ခဲ့ခြင်းဖြစ်ပါသည်”ဟု လျှောက်ထား၏။ ရသေ့ကြီးက “သင်၏မယားသည် ယခုနှစ်နကောင်း ဝါတံသို့ ဝင်ရောက်လာခဲ့ပါသေးသည်။ အကယ်၍ သင်မင်းသား လိုက်လာခဲ့လျှင် ပျံသန်းလာခဲ့သော ခရီးလမ်းကို ညွှန်ပြလိုက်ရန် ကိုလည်း လျှောက်ထားခဲ့ပါသည်။ သင့်အားပေးရန် လက်စွပ် တစ်ကွင်းကိုလည်း ပေးခဲ့ပါသေးသည်”ဟု ဆိုကာ ရှင်မိယာ ပေးအပ်ခဲ့သော လက်စွပ်ကို တုတ်၍ပေးလေ၏။

ဒုတိယ အကြိမ်

ကုမ္ဘာဘသမင်းသားသည် လက်စွပ်ကိုလက်ခံယူကာ ရသေ့ကြီး ညွှန်ပြလိုက်သော ခရီးအတိုင်း လိုက်ပါလာခဲ့၏။ တစ်တောဝင် တစ်တောင်တက်ဖြင့် ပင်ပန်းကြီးစွာ လျှောက်လာခဲ့ရာ ငွေတောင်ပြည်အနီးသို့ ရောက်လာခဲ့၏။ ထိုသို့ရောက်ခါနီးပါမှ အဟုန်ပြင်းစွာ စီးဆင်းနေသော မြစ်ကြီးနှင့် တွေ့ရတော့၏။ တစ်ဖက်ကမ်းသို့ ကူးရန် ခက်ခဲနေသဖြင့် ကမ်းပါးမှာ ထိုင်ကာ မှိုင်နေရလေ၏။

အတန်ကြာသောအခါ မြစ်ကြီး၏ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းသို့ ပျံသန်းနေကြသော ငှက်ဆင်တစ်စုံကို တွေ့လိုက်ရ၏။ ဤတွင်မှ မင်းသားသည် အကြံတစ်ခုရကာ ချုံတစ်ခုအတွင်း၌ ပုန်းအောင်းနေ၏။ ဟိုဘက်ကမ်းမှ ပျံသန်းလာသော ငှက်ဆင်ဖိုကြီးသည် ချုံနားမှာ လာ၍ နားလေရာ မင်းသားက ငှက်ဆင်ကြီး၏ အမွေးများကို ဆွဲ၍ တက်ကာ အတောင်ကြားမှာ ခိုဝင်၍နေ၏။ မကြာမီမှာပင် ငှက်ဆင်ကြီးတစ်စုံသည် မြစ်ကြီးပေါ်မှ ပျံသန်း၍လာကြ၏။ မြစ်လယ်တောင်အထက်သို့ရောက်သောအခါ ငှက်ဆင်ဖိုကြီးက "အို....ရှင်မ၊ငါ၏လက်ယာဘက်အတောင်သည် တဖြည်းဖြည်း လေးလံ၍လာ၏။ ငါခါချမှတော်ပေမည်"ဟု တိုင်ပင်ပြောဆို၏။ ထိုအခါ ငှက်ဆင်မကြီးက "အို....အရှင်၊အတောင်ကြားကသတ္တဝါကို ခါချလိုက်လျှင် ရေသတ္တဝါတို့၏ အစားအစာ ဖြစ်သွားရှာပါလိမ့်မည်။ အသက်တစ်ချောင်း သနားတောင်းပါသည်"ဟု ဖျောင်းဖျပြောဆို၏။ ဤသို့ဖြင့် ခါမချပစ်ဘဲ တစ်ဖက်ကမ်းသို့ ရောက်လာရာ မင်းသားသည် လျင်မြန်စွာ ခုန်ချလိုက်ပြီး ဆက်၍

လျှောက်သွားခဲ့ရာ ငွေတောင်ပြည်အနီး ရေကန်ကြီးတစ်ခုသို့ ရောက်လာလေ၏။

ရှင်မိယာ၏အစ်မကြီးများဖြစ်သော နတ်သမီးတို့သည် ထို ရေကန်ကြီးသို့ ရေချိုးရန်လာနေကြသည်ကို မင်းသား မြင်လိုက်ရ၏။ "ရှင်မိယာထံမှ ကပ်ပါလာသော လူတို့၏အငွေ့ အသက်များကို ဆေးကြောပစ်ရန် ကန်ရေချိုးခဲ့ကြရမည်" ဟု ခမည်းတော် နတ်မင်းကြီးက အမိန့် ချမှတ် ထားသောကြောင့်ပင် ဖြစ်၏။

ကုမ္ဘာဘယမင်းသားသည် ရေကန်ဆီသို့ တရွေ့ရွေ့ဖြင့် လျှောက်သွားလျက် "အကယ်၍ ရှင်မိယာနှင့်ငါတို့ ပေါင်းဆုံနိုင်ရန် အကြောင်းကံ ရှိနေပါသေးလျှင် နောက်ဆုံးဖြစ်သော နတ်သမီးသည် ရေအိုးကိုမပင့်နိုင်ပါစေသတည်း" ဟု အဓိဋ္ဌာန်ပြု၏။

အဓိဋ္ဌာန်ပြုလိုက်သည့်အတိုင်း နောက်ဆုံးဖြစ်သော နတ်သမီးသည် ရေအိုးကိုပင့်၍မရသဖြင့် အနားသို့ ရောက်လာသော မင်းသားအား ရေအိုးပင့်ပေးပါရန် တောင်းပန်၏။

ကုမ္ဘာဘယမင်းသားကလည်း အားရဝမ်းသာ ရေအိုးကို ပင့်ပေးရင်း ရှင်မိယာပေးထားခဲ့သော လက်စွပ်ကို ရေအိုးထဲ ထည့်ပေးလိုက်လေ၏။

အစ်မကြီးဖြစ်သောနတ်သမီးများသည် ညီမထွေး ရှင်မိယာကို ကန်ရေချင်ဖြင့်လောင်း၍ ချိုးပေးကြ၏။ နောက်ဆုံး နတ်သမီးအလှည့်သို့ ရောက်သောအခါ ရေအိုးထဲမှ လက်စွပ် တစ်ကွင်း ကျလာရာ ရှင်မိယာ၏ လက်တွင် စွပ်မိနေလေ၏။

ဒုတိယအကြိမ်

ဤတွင် ရှင်မိယာသည် မောင်တော်မင်းသား လိုက်လာခဲ့ကြောင်းကို သိရှိကာ ခမည်းတော်နတ်မင်းကြီးအား လျှောက်ကြားလိုက်လေ၏။

ထိုအခါ ငွေတောင်နတ်မင်းကြီးက "ဤမျှလောက် ဝေးလံ၍ ခက်ခဲလှသောအရပ်သို့ ရောက်အောင် လာနိုင်ခဲ့သော သမက်တော်သည် ဆာမည်သူ့သားမဟုတ်တန်ရာ။ သူ့မှာ ဘုန်းကံ ရှိ၊မရှိ သိရအောင် စုံစမ်းပေအံ့" ဟု အမိန့်ရှိလေ၏။ ထို့နောက် တင်းတိမ်ခုနစ်ထပ် ကာရံစေပြီးလျှင် သမီး ခုနစ်ဖော်တို့အား တင်းတိမ်အတွင်းမှာ ဝင်နေစေ၏။ တင်းတိမ်များ၌ အပေါက်ဖောက်ကာ လက်ညှိုးတစ်ချောင်းစီ ထုတ်ပြ ထားစေ၏။

ဤသို့ ပြင်ဆင်ထားပြီးလျှင် ဧရာကန်နားမှာ နေရစ်ခဲ့သော မင်းသားကို ရှေ့တော်သို့ခေါ်ယူကာ "အမောင် လုလင်၊ အသင်သည် ဘာကို အလိုရှိ၍ ဤအရပ်သို့ ရောက်လာပါသနည်း" ဟု မေးမြန်း၏။ ကုမ္ဘာဘယမင်းသားက.... "အရှင်မင်းကြီး၊ ကျွန်ုပ်၏ဇနီးဖြစ်သူ ရှင်မိယာကို တွေ့ဆုံလို၍ ဖြစ်ပါသည်ဘုရား" ဟု လျှောက်တင်၏။

ငွေတောင်နတ်မင်းကြီးက "အမောင်၊ ထင်ရှား ထင်ကာမျှဖြင့် သင့်ဇနီး ဟုတ်မှန်နိုင်မည်လော။ အကယ်၍ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းလာခဲ့သည် မှန်ပါလျှင် သင့်ဇနီး၏ လက်ညှိုးကို ရွေးချယ်နိုင်ပေလိမ့်မည်။ သို့ဖြစ်၍ တင်းတိမ်ပေါက်မှ ထုတ်ပြထားသော လက်ညှိုး ခုနစ်ချောင်းတို့ထဲမှ

ဒုတိယအကြိမ်

ဆင့်ဇနီး၏လက်ညှိုးကို ရွေးချယ်၍ ပြပါလော့”ဟု မိန့်ကြား လိုက်လေ၏။

ကုမ္ဘာဘယမင်းသားမှာ အရွေးရခက်နေသည်ကို တာဝတိံသာနတ်ပြည်မှ သိကြားမင်းသည် မြင်သဖြင့် မာတလိနတ်သားကို လူ့ပြည်သို့ လွှတ်ကာ ကုမ္ဘာဘယ မင်းသားဘက်မှ ကူညီစောင့်မရှော့် တာဝန်ပေးလိုက်၏။ မာတလိနတ်သားသည် ရွှေဆင်းကဲ့သို့ ဝါဝင်းသော ယင်ကောင်ငယ်အသွင် ဖန်ဆင်းကာ မင်းသား၏ လက်ညှိုးမှတဆင့် ရှင်မိယာ လက်ညှိုးသို့ ပျံ၍ နားပြ၏။ ကုမ္ဘာဘယမင်းသားသည် ယင်ကောင်နားကို အမှတ်အသားပြုကာ ရှင်မိယာ၏လက်ညှိုးကို ရွေးချယ်ပြလိုက်လေ၏။

ဇွဲတောင်နတ်မင်းကြီးလည်း “ငါ၏ သမက်သည်ကား ဘုန်းကံကြီးသည် မှန်ပေစွ”ဟု အားရဝမ်းသာဖြစ်ကာ သမီးတော်နှင့် လက်ထပ်ထိမ်းမြား၍ ပေးလိုက်လေသတည်း။

(မှတ်ချက်။ ကြုံပုံမြင်ပါ ဗာရပြည်ကို ညောင်ရွှေမြို့ဟု ဖော်ညွှန်းကြပါသည်။ ညောင်ရွှေမြို့ကြီးကား သိသာ ထင်ရှားပြီး ဖြစ်ပါ၏။)

၂၆၀၇၆

ဒုတိယ အကြိမ်


ကမ္ဘာဘာယ နှင့် ရှင်မိယာ ပုံဝတ္ထု ပါဝင်သည်